မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၂ ခုနှစ်၊ နယုန်လပြည့်ကျော် ၂ရက်၊ ၂၀၁၀ ခုနှစ်၊ မေ ၂၉ရက်၊ စနေနေ့၊ အတွဲ (၄၉)၊ အမှတ် (၂၃၆)

နိုင်ငံရေး ဦးတည်ချက်(၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ရေအားလျှပ်စစ်စီမံရေးဦးစီးဌာန တရုတ်ပြည်သူ့သမ္မတနိုင်ငံ China Guodian Corporation နှင့် Tun Thwin Mining Co., Ltd. တို့

နားလည်မှုစာချွန်လွှာများ လက်မှတ်ရေးထိုးပွဲ အခမ်းအနားကျင်းပ

နေပြည်တော် မေ ၂၈

အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ရေအားလျှပ်စစ်စီမံရေးဦးစီးဌာန၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ **China Guodian Corporation** နှင့် **Tun Thwin Mining Co., Ltd.** တို့ မော်လိုက် ရေအားလျှပ်စစ်စီမံကိန်းနှင့် ကလေးဝ ကျောက်မီးသွေးသုံးဓာတ်အားပေးစက်ရုံ စီမံကိန်းများ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် နားလည်မှုစာချွန်လွှာများ လက်မှတ်ရေးထိုးပွဲအခမ်းအနားကို မေ ၂၇ရက် ညနေပိုင်းတွင် နေပြည်တော်ရှိ အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဦးဇော်မင်း အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ရေအားလျှပ်စစ်စီမံရေးဦးစီးဌာန၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ China Guodian Corporation နှင့် Tun Thwin Mining Co., Ltd. တို့ မော်လိုက် ရေအားလျှပ်စစ်စီမံကိန်းနှင့် ကလေးဝ ကျောက်မီးသွေးသုံးဓာတ်အားပေးစက်ရုံ စီမံကိန်းများ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် နားလည်မှုစာချွန်လွှာများ လက်မှတ်ရေးထိုးပွဲ အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

တက်ရောက်

အဆိုပါ အခမ်းအနားသို့ အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဦးဇော်မင်း၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာ၊ ရှေ့နေချုပ် ဦးအေးမောင်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများနှင့် တာဝန်ရှိသူများ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ China Guodian Corporation မှ Executive Vice President နှင့် အဖွဲ့ဝင်များ၊ Tun Thwin Mining Co., Ltd. ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အဖွင့်အမှာစကား

ရှေးဦးစွာ အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဦးဇော်မင်းက အဖွင့်အမှာစကား ပြောကြားသည်။

အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ရေအားလျှပ်စစ်စီမံရေးဦးစီးဌာန၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ China Guodian Corporation နှင့် Tun Thwin Mining Co., Ltd. တို့ မော်လိုက် ရေအားလျှပ်စစ်စီမံကိန်းနှင့် ကလေးဝ ကျောက်မီးသွေးသုံး ဓာတ်အားပေးစက်ရုံ စီမံကိန်းများ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် နားလည်မှုစာချွန်လွှာများ လက်မှတ်ရေးထိုးကြစဉ်။ (သတင်းစဉ်)

ထို့နောက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ China Guodian Corporation မှ Executive Vice President က နားလည်မှုစာချွန်လွှာများ လက်မှတ်ရေးထိုးခြင်းနှင့် စပ်လျဉ်း၍ ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

လက်မှတ်ရေးထိုး

ယင်းနောက် အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ရေအားလျှပ်စစ်စီမံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကြီးစိုး၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ China Guodian Corporation မှ Executive Vice President Mr. Mi Shuhua နှင့် Tun Thwin Mining Co., Ltd. ဥက္ကဋ္ဌ ဦးသိန်းထွန်းတို့က နားလည်မှုစာချွန်လွှာများကို လက်မှတ်ရေးထိုးကြပြီး အပြန်အလှန်လဲလှယ်ကြကာ အမှတ်တရ စုပေါင်းဓာတ်ပုံရိုက်ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာ့အလင်း အယ်ဒီတာ့ အာဘော် (၂၀၁၀ ခုနှစ် မေ ၂၉ ရက်)

ကျောင်းနေအရွယ်ကလေးများ ကျောင်းအပ်နှံရေး ဝိုင်းဝန်းကူညီပေး

မကြာမီကာလတွင် အခြေခံပညာကျောင်းများ ပြန်လည်ဖွင့်လှစ်တော့မည်ဖြစ်သည်။ ပညာရေးဝန်ကြီးဌာနက ကျောင်းအပ်နှံရေး သီတင်းပတ်အဖြစ် မေ ၂၅ရက်မှ ၃၁ရက်အထိ သတ်မှတ်ကာ ကျောင်းသား ကျောင်းသူများကို လက်ခံလျက်ရှိသည်။

ကျောင်းသားမိဘများသည်လည်း မိမိတို့၏ရင်သွေးများကို သက်ဆိုင်ရာ ကျောင်းအသီးသီးသို့ သွားရောက်အပ်နှံကြရမည်ဖြစ်သည်။ နိုင်ငံတော်အစိုးရသည် အခြေခံပညာကဏ္ဍ၌ နိုင်ငံသားတိုင်း အခြေခံပညာအဆင့်လိုက် သင်ယူပြီးမြောက်စေရေးအတွက် ကျောင်းနေအရွယ်ကလေးတိုင်း ပညာသင်ယူခွင့်ရရှိရေး၊ ကျောင်းနေသည့်ကလေးတိုင်း ကျောင်းနေမြဲရေးလုပ်ငန်းများကို နယ်မြေဒေသအလိုက် အာဏာပိုင်အဖွဲ့အစည်းများ၊ လူမှုရေးအသင်းအဖွဲ့များ၊ မိဘပြည်သူများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။

ခေတ်မီပညာရပ်များ တစ်ရှိန်ထိုး မြင့်မားလာရန်ဆောင်ရွက်ရာ၌ အခြေခံပညာမူလတန်း၊ အလယ်တန်း၊ အထက်တန်းကျောင်းများတွင် မာလ်တီမီဒီယာစာသင်ခန်းများ ဖွင့်လှစ်ထူထောင်ပေးခဲ့သည်။ မြန်မာနိုင်ငံ၏ စာတတ်မြောက်မှုနှုန်းသည် ၉၄ ရာခိုင်နှုန်းဖြစ်ပြီး ၂၀၀၉-၂၀၁၀ ပညာသင်နှစ်အတွက် မူလတန်းစာသင်ကျောင်းနေနှုန်းသည် ၉၈ ရာခိုင်နှုန်းအထိ ရှိခဲ့သည်။

မိဘများသည် မိမိတို့၏ ရင်သွေးသားသမီးများကို ထူးချွန်ထက်မြက် လိမ္မာယဉ်ကျေးသော သားသမီးအဖြစ် ပေါ်ထွန်းလာစေရေးအတွက် ဆရာများထံအပ်နှံကာ ပညာရပ်အသီးသီးကို သင်ကြားစေရမည်ဖြစ်သကဲ့သို့ ဆရာ၊ ဆရာမများအပိုင်းကလည်း မျိုးဆက်သစ်လူငယ်များကို ပညာသာမက စိတ်ဓာတ်၊ စည်းကမ်းပိုင်းနှင့် ထူးချွန်ထက်မြက်သော နိုင်ငံ့သားကောင်းသမီးများဖြစ်ရန် ပြုစုပျိုးထောင်ပေးကြရမည်ဖြစ်သည်။

သို့ဖြစ်ပေရာ ကျောင်းအပ်နှံရေး သီတင်းပတ်တွင် မိဘများသည် ကျောင်းနေအရွယ်ကလေးများကို ကျောင်းအပ်နှံနိုင်ရေးအတွက် တိုင်းရင်းသားပြည်သူများအားလုံး ဝိုင်းဝန်းပါဝင်ကူညီ ဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ဝန်ကြီး ဦးအောင်ကြည်အား ထိုင်းနိုင်ငံသံအမတ်ကြီး တွေ့ဆုံ အလုပ်သမားရေးရာကိစ္စ ပူးပေါင်းဆောင်ရွက်ရေး ဆွေးနွေး

နေပြည်တော် မေ ၂၈

အလုပ်သမားဝန်ကြီးဌာန ဝန်ကြီး ဦးအောင်ကြည်အား ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ထိုင်းနိုင်ငံသံအမတ်ကြီး H.E. Mr. Apirath Vienravi သည် ယမန်နေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ အလုပ်သမားဝန်ကြီးဌာန ဝန်ကြီး၏ ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံ၍ အလုပ်သမားရေးရာကိစ္စရပ်များ ပိုမိုနီးကပ်စွာ ပူးပေါင်းဆောင်ရွက်နိုင်ရေးအတွက် ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

လာရောက်တွေ့ဆုံ

အလုပ်သမားဝန်ကြီးဌာန ဝန်ကြီး ဦးအောင်ကြည်အား ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ထိုင်းနိုင်ငံသံအမတ်ကြီး H.E. Mr.Apirath Vienravi လာရောက်တွေ့ဆုံစဉ်။ (သတင်းစဉ်)

ရန်ကုန်ခရီးသွားဂျာနယ် အတွဲ (၃)၊ အမှတ် (၆) ထုတ်ဝေဖြန့်ချိ

ရန်ကုန် မေ ၂၈

ရန်ကုန်ခရီးသွားဂျာနယ် အတွဲ (၃)၊ အမှတ် (၆)ကို မေ ၂၈ရက်က ထုတ်ဝေဖြန့်ချိထားသည်။

ယခုထုတ်ဝေလိုက်သော ရန်ကုန်ခရီးသွားဂျာနယ်တွင် မြင်းမူမောင်နိုင်မိုး၊ မအိ၊ မောင်သက်လွင်တို့၏ ကဗျာများ၊ ခင်မြန်မာ၊ မေ္တာစရိယ ဦးခင်မောင်၊ မောင်ယဉ်နွယ်၊ တက္ကသိုလ်တင်ခ၊ ကျိုက်လတ် မိုးမြင့်၊ ဆူးသစ်နီ၊ မောင်သန်းဝင်း(ရန်ကုန်တက္ကသိုလ်)၊ အောင်(ဆေး-၁)၊ မောင်မြတ်မွန်(ဆူးလေ)၊ ပါစီမျိုးမြင့်၊ ဒေါက်တာဒေါ်စိုးသူ၊ ကေတုလှနိုင်၊ ဒေါက်တာငွေစိုး၊ ဦးငွေသိန်း(ကုမ္ပဏီလမ်းညွှန်)၊ ပြည်စိုး၊ အောင်မင်း(မထသ)၊ ငွေးဝေ၊ ရီကြိုင်၊ ဖိုးဆောင်၊ မောင်ကြည်၊ မျိုးမြင့်(လှည်းကူး)၊ နွယ်ဇင်ဦး(မြန်မာစာ) တို့၏ ရသစုံ၊ ကဏ္ဍစုံနှင့် လက်ရာစုံများ အပြင် ရန်ကုန်ခရီးသွားဂျာနယ် ဟာသကဏ္ဍ၊ နိုင်ငံတကာသတင်း၊ ကျန်းမာရေးကဏ္ဍများနှင့် ပါရမီရှင်၏ တစ်လအတွင်း သင်သိစရာ ကဏ္ဍများ ပါဝင်သည်။

ရန်ကုန်ခရီးသွားဂျာနယ်ကို ရန်ကုန်မြို့ စာအုပ်ဆိုင်ကြီးများ၊ မထသဌာနခွဲများနှင့် ဂိတ်များ၌ရနိုင်ပြီး စာမူနှင့် ကြော်ငြာကိစ္စများအတွက် ဆက်သွယ်လိုပါက အမှတ် ၄၇၄ သိမ်ဖြူလမ်း ကန်တော်ကလေး စာတိုက်ရှေ့ ဖို့မြေရပ်ကွက် မင်္ဂလာတောင်ညွန့်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၃၈၁၈၅၈သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ ***(သတင်းစဉ်)***

လက်မှတ်ရ အဆင့်မြင့်မြေတိုင်းသင်တန်းနှင့် လက်တွေ့ သင်တန်းဖွင့်မည်

ရန်ကုန် မေ ၂၈

CONCORDIA Int'l Co., Ltd.က လက်မှတ်ရ အဆင့်မြင့်မြေတိုင်း သင်တန်း(၇/၂၀၁၀)ကို မေ ၁၇ရက်မှ မေ၂၉ ရက်အထိနှင့် GPS & Google Earth Software လက်တွေ့အသုံးချနည်း သင်တန်းကို ဇွန် ၁ရက်မှ ဇွန် ၃ရက်အထိ မန္တလေးမြို့ရှိ CONCORDIA သင်တန်းခန်းမ၌ ဖွင့်လှစ်ပို့ချသွားမည်ဖြစ်သည်။

သင်ကြားပို့ချ

အဆိုပါသင်တန်းတွင် မြေတိုင်းသင်တန်းနှင့်ပတ်သက်သော Total Station လက်တွေ့ အသုံးချတိုင်းတာနည်း (Construction Survey ၊ Topo Survey Differential GPS နောက်ဆုံးပေါ် RTK ဖြင့် လက်တွေ့တိုင်းတာခြင်း) Handheld GPS လက်တွေ့တိုင်းတာခြင်းများနှင့် GPS နှင့် Google Earth Software လက်တွေ့အသုံးချနည်းနှင့် ပတ်သက်သော GPS downloading and Processing to Garmin Map source & Google Earth Software မိမိတိုင်းတာထားသော Data များအား Mapsource Softwareနှင့် Google Earth Software တို့၌ Download နှင့် Processing များ ပြုလုပ်ခြင်းများကို သင်ကြားပို့ချသွားမည်ဖြစ်သည်။

စုံစမ်းမေးမြန်းနိုင်

ယခုဖွင့်လှစ်မည့် မြေတိုင်းသင်တန်းနှင့် Google Earth လက်တွေ့အသုံးချနည်းသင်တန်းကို မေ ၁၀ရက်မှစတင်၍ သင်တန်းသားများလက်ခံပြီး အခြေခံပညာအထက်တန်း သို့မဟုတ် တက္ကသိုလ်ဝင်တန်း အောင်မြင်ပြီးသူများ လျှောက်ထားနိုင်ကြောင်းနှင့် ဆက်သွယ်စုံစမ်းမေးမြန်းလိုပါက မန္တလေး အမှတ်(၅) မြေညီထပ် ၇၇-၇၈ လမ်းကြား ချမ်းအေးသာစံမြို့နယ် မန္တလေးမြို့ ဖုန်း - ၀၂-၃၆၄၇၈၊ ၆၉၃၀၃၊ ၀၉-၅၀၆၇၁၇၂၊ Hot Line - ၀၂-၉၁၀၀၁၉၆၅၊ Fax: ၀၂-၈၉၅၇၁၊ Email. Climdy@ myanmar.com.mm တို့သို့စုံစမ်းမေးမြန်းနိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

စာအုပ်စာပေ လူ့မိတ်ဆွေ

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၉-၅-၂၀၁၀ (စနေနေ့)

နံနက်ပိုင်း

- ၅:၀၀ MRTV-4 အဖွင့် Logo၊ ပဌာန်းပါဠိတော်+အင်္ဂလိမာလသုတ်၊ ဗောဇ္ဈင်္ဂသုတ်၊ ပုဗ္ဗဏှသုတ်
- ၅:၁၅ MRTV-4 သတင်း
- ၆:၀၀ **တဏှာကြောင့် ဖြစ်သောဒုက္ခ** တရားတော် [အရှင်ဥတ္တရ (ကျိုက်ဒေးယျုံဆရာတော်)]
- ၆:၄၅ ရန်ကင်းမြို့ ကျက်သရေဆောင် မိုးကောင်းဆုတောင်းပြည့် စေတီတော်မြတ်ကြီး
- ၇:၀၀ MRTV-4 သတင်း
- ၇:၄၅ ရန်ကုန်မြင်ကွင်းကျယ် (Sedona Hotel ၏ 13th Annual Staff Party)
- ၈:၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ကြည်နူးဝေဖြာ မေတ္တာကမ္ဘာ** (ဇာတ်သိမ်းပိုင်း)
- ၈:၃၀ Sports World (Player's Live)
- ၈:၅၅ Electronics and Living 2010
- ၉:၁၀ အနာဂတ်ပန်းတိုင်ဆီသို့
- ၉:၃၀ Global Panorama (ဦးကိုကိုလှိုင်၊ မျိုးမြတ်သူ)
- ၁၀:၃၀ မွေးရန်နှံ့တို့ဖြင့် ထုံမွှမ်းအပ်သော
- ၁၀:၄၅ သွားမယ်စားမယ် (Triple Gems Restaurant)
- ၁၁:၁၅ ဝင်းသိန်း၏ အရင်အတိုင်းပြန်လာမယ်
- ၁၁:၃၀ ရန်ကုန်မြင်ကွင်းကျယ် (Sedona Hotel ၏ 13th Annual Satff Party)
- ၁၁:၅၀ ရေဆေး အောက်ဒိုးပန်းချီ မြန်မာနိုင်ငံ ရိုးရာပန်းပညာရှင်များ အစည်းအရုံး (ဗဟို)
- ၁၂:၁၀ Activities in the City [စက်မှုလက်မှု အထက(၁) အာစရိယပူဇော်ပွဲ နှင့် မိတ်ဆုံစားပွဲ]
- ၁၂:၃၅ စိတ်ကူးတို့နှင့် မြမြင့်မိုရ်
- ၁:၀၀ **တဏှာကြောင့် ဖြစ်သောဒုက္ခ** တရားတော် [အရှင်ဥတ္တရ (ကျိုက်ဒေးယျုံဆရာတော်)]
- ၂:၀၀ MRTV-4 သတင်း
- ၂:၄၅ Fashion Music Festival (Pop Fashion-2)
- ၃:၃၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ကြည်နူးဝေဖြာ မေတ္တာကမ္ဘာ** (ဇာတ်သိမ်းပိုင်း)
- ၄:၀၅ ဖန်ခါးမြေမှ ရတနာ
- ၄:၂၀ မွေးရန်နှံ့တို့ဖြင့် ထုံမွှမ်းအပ်သော
- ၄:၄၀ အလှဆင်စရာ ပရိဘောဂကမ္ဘာ (ပစ်တိုင်းထောင်ပရိဘောဂ)
- ၄:၅၀ အမျိုးသားများနှင့် ပတ်သက်သော အကြောအဆစ်ရောဂါအကြောင်း သိကောင်းစရာ (အပိုင်း-၁) (ဒေါက်တာ ပန်ဒိုရာအောင်ကြီး၊ နေတိုး၊ ထွန်းထွန်း၊ မိုးမိုး၊ ကျော်ကျော်ဗို)
- ၅:၂၀ Electronics and Living 2010
- ၅:၃၀ MRTV-4 ကာတွန်းအစီအစဉ်
- ၆:၀၀ MRTV-4 သတင်း
- ၆:၂၀ ကော့ကရိတ်မြို့မှ စက္ကူဒါနအောင်ပွဲ
- ၆:၄၀ ရန်ကုန်မြင်ကွင်းကျယ် (Citi Fashion Hair Series and Technology Show)
- ၇:၀၀ Fashion Music Festival (Pop Fashion-2)
- ၇:၃၀ ဈေးဝယ်လမ်းညွှန် (Bangkok International Fashion Fair & Bangkok International Leather Fair 2010)
- ၈:၀၀ MRTV-4 သတင်း
- ၈:၃၀ သွားမယ်စားမယ် (Triple Gems Restaurant)
- ၈:၅၅ အလှဆင်စရာ ပရိဘောဂကမ္ဘာ (ပစ်တိုင်းထောင် ပရိဘောဂကမ္ဘာ)
- ၉:၁၀ ကော့ကရိတ်မြို့မှ စက္ကူဒါနအောင်ပွဲ
- ၉:၃၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ကြည်နူးဝေဖြာ မေတ္တာကမ္ဘာ** (ဇာတ်သိမ်းပိုင်း)
- ၁၀:၀၀ အနာဂတ်ပန်းတိုင်ဆီသို့
- ၁၀:၁၅ ဈေးဝယ်လမ်းညွှန် (Bangkok International Fashion Fair & Bangkok International Leather Fair 2010)
- ၁၀:၄၀ ရန်ကုန်မြင်ကွင်းကျယ် (Citi Fashion Hair Series and Technology Show)
- ၁၁:၀၀ စွဲမက်ဖွယ်ရာ ရတနာ (လင်းလက်တောက်ပ ဂေါ်မိတ်အလှ)
- ၁၁:၂၅ ရေဆေး အောက်ဒိုးပန်းချီ [မြန်မာနိုင်ငံ ရိုးရာပန်းပညာရှင်များ အစည်းအရုံး(ဗဟို)]
- ၁၁:၄၅ ဝင်းသိန်း၏ အရင်အတိုင်းပြန်လာမယ်
- ၁၂:၀၀ သီးပွင့်ဝေဆာပဒေသာ (သရုပ်)
- ၁၂:၀၀ ကဏ္ဍစုံလင် အားကစားအစီအစဉ်
- ၁:၀၀ အစီအစဉ်ပြီး၏။

MRTV-4 အစီအစဉ်ကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ရိုးရိုး VHF တီဗွီအင်တင်နာဖြင့် အလွယ်တကူဖမ်းယူကြည့်ရှုနိုင်ပါသည်။ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

ခပ်ယူသုံးစွဲ

ရှမ်းပြည်နယ်(မြောက်ပိုင်း) နမ့်ခမ်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ တူးဖော် တည်ဆောက်ပေးထားသည့် တစ်နာရီ ဂါလန် ၁၅၀၀ထွက်ရှိသော ကုန်းသာကျေးရွာ စက်ရေတွင်းမှ သောက်သုံးရေများကို ကျေးရွာအုပ်စုနေ ပြည်သူများ ရေခပ်ယူသုံးစွဲနေသည်ကို မေ ၁၇ရက်က တွေ့ရစဉ်။ (၁၂၃)

နိုင်ငံရေးပါတီ မှတ်ပုံတင်ခွင့်များ စိစစ်ခွင့်ပြုပေးလျက်ရှိ

နေပြည်တော် မေ ၂၈

နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်လျှောက်ထားသည့်ပါတီ (၃၁)ပါတီအနက် အောက်ဖော်ပြပါ ပါတီများသည် နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်း ဥပဒေ၊ နည်းဥပဒေများနှင့် ညီညွတ်ကြောင်း စိစစ်တွေ့ရှိရသဖြင့် ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်က ၂၀၁၀ခုနှစ် မေ ၂၈ရက်တွင် နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုလိုက်သည် -

(၁) ခေတ်သစ်ပြည်သူ့ပါတီ(Modern People Party)

(၂) ပြည်ထောင်စုဒီမိုကရေစီပါတီ(Union Democratic Party)

ယနေ့အထိ နိုင်ငံရေးပါတီ တည်ထောင်ခွင့်နှင့် ဆက်လက်တည်ထောင်ခွင့် လျှောက်ထားသည့်ပါတီ (၄၂)ပါတီရှိပြီး နိုင်ငံရေးပါတီ မှတ်ပုံတင်ခွင့်လျှောက်ထားသည့်ပါတီ (၃၁)ပါတီအနက် ပါတီ (၂၄)ပါတီကို မှတ်ပုံတင်ခွင့်ပြုခဲ့ပြီးဖြစ်ကြောင်းနှင့် ကျန်လျှောက်ထားသည့် ပါတီများကိုလည်း စိစစ်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာနိုင်ငံပြန်တမ်း

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် အောက်ဖော်ပြပါ ပုဂ္ဂိုလ်များအား ၎င်းတို့နှင့် ယှဉ်တွဲဖော်ပြထားသည့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအကဲ ရာထူးနေရာများတွင် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်-

	အမည်၊ ရာထူး၊ ဌာန	ခန့်ထားသည့် ရာထူး၊ ဌာန
(က)	ဦးကျော်ဝင်း အထွေထွေမန်နေဂျာ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန	ဦးဆောင်ညွှန်ကြားရေးမှူး မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာန
(ခ)	ဦးလှမျိုး ဒုတိယကျောင်းအုပ်ကြီး မန္တလေးသမဝါယမကောလိပ် သမဝါယမဝန်ကြီးဌာန	ကျောင်းအုပ်ကြီး မန္တလေး သမဝါယမကောလိပ် သမဝါယမဝန်ကြီးဌာန
(ဂ)	ဒေါ်မြတ်မြတ်စိုး ဒုတိယညွှန်ကြားရေးမှူးချုပ် နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဦးစီးဌာန အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာန	ညွှန်ကြားရေးမှူးချုပ် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာန အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုး တိုးတက်မှုဝန်ကြီးဌာန
(ဃ)	ဦးညီညီစံ ဒုတိယညွှန်ကြားရေးမှူးချုပ် ဝန်ထမ်းရေးရာဦးစီးဌာန ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေး အဖွဲ့	ညွှန်ကြားရေးမှူးချုပ် ဝန်ထမ်းရေးရာဦးစီးဌာန ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့

အပြန်အလှန် လဲလှယ်

အမှတ်(၁) လျှပ်စစ်စွမ်းအား ဝန်ကြီးဌာန ရေအားလျှပ်စစ်စီမံရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကြီးစိုးနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ China Guodian Corporation မှ Executive Vice President Mr. Mi Shuhua တို့ နားလည်မှုစာချွန်လွှာများကို အပြန်အလှန် လဲလှယ်ကြစဉ်။ (သတင်း-ရွှေဖုံး) (သတင်းစဉ်)

လာရောက်တွေ့ဆုံ

စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဦးလွန်းသီအား ထိုင်းနိုင်ငံ သံအမတ်ကြီး H.E. Mr. Apirath Vienravi မေ ၂၇ ရက်က စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီးရုံး၌ လာရောက်တွေ့ဆုံစဉ်။ (သတင်းဖော်ပြပြီး) (သတင်းစဉ်)

စစ်ကိုင်းတိုင်း ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းသင်တန်းဖွင့်ပွဲကျင်းပ

နေပြည်တော် မေ ၂၈

စစ်ကိုင်းတိုင်း ကော်မရှင်အဖွဲ့ခွဲက ကြီးမှူး၍ မြို့နယ်ကော်မရှင် အဖွဲ့ခွဲဝင်များ ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းသင်တန်း ဖွင့်ပွဲ အခမ်းအနားကို မေ ၁၇ရက် နံနက် ၉နာရီက မုံရွာမြို့ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း ကျောင်းခန်းမ၌ ကျင်းပရာ အခမ်းအနားတွင် ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဒေါက်တာမောင်ထူးက အဖွင့်အမှာစကားပြောကြားပြီး တိုင်းကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌ ဦးတင်ဦးက သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းတင်ပြသည်။

ပို့ချဆွေးနွေး

ထို့နောက် သင်တန်းတွင် မုံရွာခရိုင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဦးစီးဌာန ဦးစီးမှူး ဦးဝင်းကို၊ ခရိုင်ဥပဒေအရာရှိ ဒေါ်ရီရီခင်၊ ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဦးစီးအရာရှိ ဦးတင်ထွန်းတို့က ကော်မရှင် ဥပဒေ၊ နည်းဥပဒေနှင့် လုပ်ငန်းလမ်းညွှန်မှုများကို ပို့ချဆွေးနွေးကြသည်။

သင်တန်းကာလ

ယင်းသင်တန်းတွင် စစ်ကိုင်းခရိုင်နှင့် မုံရွာခရိုင်တို့မှ သင်တန်းသား ၆၆ဦးတို့ တက်ရောက်ကြပြီး သင်တန်းကာလမှာ နှစ်ရက်ဖြစ်သည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင် ဒေါက်တာမောင်ထူးသည် စစ်ကိုင်းတိုင်း ကော်မရှင် အဖွဲ့ခွဲဝင်များ၊ စစ်ကိုင်းခရိုင်နှင့်မုံရွာခရိုင်အဖွဲ့ခွဲဝင်များနှင့်တွေ့ဆုံ၍ သင်တန်းများ ဖွင့်လှစ်ရေး၊ မဲစာရင်းများ ပြုစုရေး၊ မဲရုံများ နေရာသတ်မှတ်ရေးနှင့် ရပ်ကွက်နှင့်ကျေးရွာအုပ်စု ကော်မရှင် အဖွဲ့ခွဲဝင်များ ဖွဲ့စည်းတာဝန်ပေးအပ်ရေး တို့အတွက် ဆွေးနွေးမှာကြားရာ တက်ရောက်လာကြသည့် ကော်မရှင်အဖွဲ့ခွဲဝင်များက သိလိုသည်များကို မေးမြန်းခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဒေါက်တာမောင်ထူး စစ်ကိုင်းတိုင်း ကော်မရှင်အဖွဲ့ခွဲက ကြီးမှူး၍ မြို့နယ်ကော်မရှင်အဖွဲ့ခွဲဝင်များ ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းသင်တန်းဖွင့်ပွဲ အခမ်းအနားတွင် အမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)

သစ်တောနဲ့ သစ်ပင်
ချစ်ခင်တဲ့လူမျိုး
သစ်ပင်ကို
နှစ်စဉ်စိုက်
ရွှေတိုက်ကိုစိုး

ကမ္ဘာ့ပတ်ဝန်းကျင် ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်ဆောင်းပါးနှင့် စာစီစာကုံးပြိုင်ပွဲ ဆုရရှိသူများစာရင်း ထုတ်ပြန်ကြေညာ

နေပြည်တော် မေ ၂၈

ပတ်ဝန်းကျင်ထိန်းသိမ်းရေးအမျိုးသားကော်မရှင်က ၂၀၁၀ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်အဖြစ် ဖိတ်ခေါ်ကျင်းပခဲ့သည့် အလွတ်တန်း ဆောင်းပါးပြိုင်ပွဲတွင် ဆုရရှိသူများမှာ ပထမ ဒေါက်တာဝါဝါမောင်၊ ဒုတိယ ဒေါက်တာခင်ချောစုကြည်၊ တတိယ ဦးစိုးမြင့်(ဖိုးရာဇာ-သာစည်)၊ အထူးဆု(၁) ဒေါက်တာလှဖေ၊ အထူးဆု(၂) ဒေါက်တာကြူကြူဝင်း၊ အထူးဆု(၃) Br.မင်းစိုးသူရတို့ဖြစ်ကြပြီး အလွတ်တန်းစာစီစာကုံးပြိုင်ပွဲတွင် ဆုရရှိသူများမှာ ပထမ မလင်းသန္တာသက်၊ ဒုတိယ မောင်ကောင်းကင်ဦး၊ တတိယ မနန်းသစ္စာ၊ အထူးဆု(၁) မစပ်ဆွယ်ပိုးကစ်ဗိုလ်၊ အထူးဆု(၂) မသဲသန္တာဝင်းနှင့် အထူးဆု(၃) မသီတာထက်တို့ ဖြစ်ကြသည်။

ဆုချီးမြှင့်

ဆုများကို ဇွန် ၅ရက်တွင် နေပြည်တော်၌ကျင်းပမည့် ကမ္ဘာ့ပတ်ဝန်းကျင် ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်အခမ်းအနားတွင် ဆုချီးမြှင့်မည်ဖြစ်ရာ ဆုရရှိသူများသည် အခမ်းအနားသို့ တက်ရောက်၍ ဆုလက်ခံရယူနိုင်ရန်အတွက် ပတ်ဝန်းကျင်ထိန်းသိမ်းရေးအမျိုးသားကော်မရှင်ရုံး၊ သစ်တောရေးရာဝန်ကြီးဌာန ရုံးအမှတ်-၂၈ နေပြည်တော် ဖုန်း-၀၆၇-၄၀၅၃၈၃၊ ၄၀၅၃၈၆၊ ၄၀၅၃၉၀ တို့သို့ ဇွန် ၃ရက်မတိုင်မီ ရုံးချိန်အတွင်း ဆက်သွယ်ကြရန် နှိုးဆော်ထားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အီလက်ထရွန်နစ်နှင့် နေထိုင်မှုပြပွဲ ၂၀၁၀ ဒုတိယနေ့ ခင်းကျင်းပြသ

ရန်ကုန် မေ ၂၈

အီလက်ထရွန်နစ်နှင့် နေထိုင်မှုပြပွဲ ၂၀၁၀ကို ယနေ့ ဒုတိယနေ့အဖြစ် ရန်ကုန်မြို့ ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌ ဆက်လက်ပြသသည်။

ရောင်းချပေး

ပြပွဲတွင် Silver Tiger Co., Ltd. ငွေကျားတိုက် အလှဆင်မီးပန်းဆိုင်းနှင့် လျှပ်စစ်ပစ္စည်း အမျိုးမျိုးပြခန်းသည် မြန်မာနိုင်ငံတွင် ပထမဆုံးအာမခံဖြင့် ရောင်းချပေးသည့် မီးအားစားသက်သာစေသော Opple တံဆိပ် လျှပ်စစ်ပစ္စည်းများ၊ Austria နိုင်ငံမှ Sworvski Stress Crystal မီးဆိုင်းများ၊ အီဂျစ်နိုင်ငံမှ Asfour Crystal မီးဆိုင်းများနှင့် အခြားအိမ်တွင်း အလှဆင်လျှပ်စစ်ပစ္စည်းမျိုးစုံ တို့ကို ပစ္စည်းမှန်၊ ဈေးနှုန်းမှန်ကန်စွာဖြင့် ရောင်းချပေးနေသည်။

ဆက်သွယ်ဝယ်ယူနိုင်

ပြပွဲကာလအတွင်းတွင် ဝယ်ယူသူများအား လက်ဆောင်ပစ္စည်းများဖြင့်လည်း ကျေးဇူးတုံ့ပြန်ပေးနေပြီး ပြပွဲတွင် မေ ၃၀ရက်အထိ ခင်းကျင်း ပြသရောင်းချမည်ဖြစ်သည့်အပြင် (၁) အမှတ် ဂျီ-၄၊ ၅၊ ၆ အဆောင်(စီ) ပုလဲကွန်ဒို ကမ္ဘာအေးဘုရားလမ်း ဖုန်း -၀၁- ၅၅၉၄၃၃၊ (၂) အမှတ်ဂျီ- ၁၃၊ ၁၄ အောင်ဆန်းကွင်း အနောက်ဘက်တန်း ဖုန်း-၀၁- ၃၇၁၅၃၃ (၃) အမှတ်- ၂၆၇၊ ၂၆လမ်း၊ ၈၃လမ်း × ၈၄လမ်းကြား မန္တလေးမြို့ ဖုန်း-၀၂- ၃၄၉၅၇တို့တွင်လည်း ဆက်သွယ်ဝယ်ယူနိုင်ကြောင်း သိရသည်။

(သတင်းစဉ်)

ငွေကျားတိုက်

အီလက်ထရွန်နစ်နှင့် နေထိုင်မှုပြပွဲ ၂၀၁၀တွင် Silver Tiger Co., Ltd. ငွေကျားတိုက် အလှဆင်မီးပန်းဆိုင်းနှင့် လျှပ်စစ်ပစ္စည်း အမျိုးမျိုးပြခန်းကို တွေ့ရစဉ်။ (သတင်းစဉ်)

တရုတ်နိုင်ငံနှင့် ဘက်စုံပူးပေါင်းဆောင်ရွက်ရေးမြှင့်တင်ရန် ဗီယက်နမ်နိုင်ငံ သန္နိဋ္ဌာန်ချထားမှု မစ္စတာမန်ပြောကြား

ဟန္နွိုင်း မေ ၂၈

ဗီယက်နမ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီအထွေထွေအတွင်းရေးမှူး နွန်ဒပ်မန်(အောက်ဝဲပုံ)**နှင့် တရုတ်ပြည်သူ့လွှတ်မြောက်ရေးတပ်မတော်(ပီအယ်လ်အေ)နိုင်ငံရေးဌာန ညွှန်ကြားရေးမှူးလီတို့သည် ဟန္နွိုင်းမြို့၌ မေ၂၆ရက်ကတွေ့ဆုံဆွေးနွေးကြောင်း မေ၂၇ရက်ထုတ်ပီအယ်လ်အေ ကြေညာချက်တွင် ဖော်ပြပါရှိသည်။**

ဗီယက်နမ်နိုင်ငံက တရုတ်နိုင်ငံနှင့် ဘက်စုံချစ်ကြည်စွာ ပူးပေါင်းဆောင်ရွက်ရေးခိုင်မာတိုးတက်စေရန် သန္နိဋ္ဌာန်ချမှတ်ထားကြောင်း၊ ဗီယက်နမ်နိုင်ငံသည် တရုတ်နိုင်ငံ၏ အိမ်နီးချင်းကောင်းနိုင်ငံ ထာဝစဉ်ဖြစ်ရေးကိုလည်း ဆုံးဖြတ်ထားကြောင်း နွန်ဒပ်မန်က ပြောကြားလိုက်သည်။

ယုံကြည်

တရုတ်-ဗီယက်နမ် နှစ်နိုင်ငံပူးတွဲကြိုးပမ်းမှု၊ နှစ်နိုင်ငံမဟာဗျူဟာမြောက်ဖက်စပ်လုပ်ဆောင်မှုကို ဆက်လက်မြှင့်တင်သွားမည်ဟု ယုံကြည်ကြောင်း နွန်ဒပ်မန်က ပြောကြားသည်။

မစ္စတာလီက တုံ့ပြန်ပြောဆိုရာတွင် နှစ်နိုင်ငံ ဘက်စုံပူးပေါင်းဆောင်ရွက်မှု၏ လေးနက်သည့်အဓိပ္ပာယ်ကို မိမိတို့နှစ်နိုင်ငံက သက်သေထူလျက်ရှိကြောင်း၊ ယင်းမှာ တရုတ်-ဗီယက်နမ် ချစ်ကြည်စွာဆက်ဆံရေးဖွံ့ဖြိုးစေရန် သမိုင်းဖြစ်ပေါ်တိုးတက်မှုနှင့် ခေတ်၏ တောင်းဆိုချက်ပင်ဖြစ်ကြောင်း ထည့်သွင်းပြောကြားသည်။

အမ်အင်န်အေ၊ဆင်ဟွာ

ဂါဇာကမ်းမြောင်ဒေသ အရှေ့တောင်ပိုင်း၌ အစ္စရေးတို့ ပစ်ခတ်မှုဖြစ်ပွားပြီးနောက် အပျက်အစီးများကို မေ၂၇ရက်က တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

ရုရှားတောင်ပိုင်း၌ ဗုံးပေါက်ကွဲ ခြောက်ဦးသေဆုံး

မော်စကို မေ ၂၈

ရုရှားနိုင်ငံတောင်ပိုင်း စတာဗိုပိုလ်မြို့ရှိ တေးဂီတဖျော်ဖြေပွဲရုံ အပြင်ဘက်၌ ဗုံးပေါက်ကွဲမှုဖြစ်ပွားရာ ခြောက်ဦးသေဆုံးပြီး လူ ၄၀ခန့် ဒဏ်ရာရရှိကြောင်း မေ၂၇ရက်က အင်တာနက်သတင်း၌ ဖော်ပြသည်။

သေဆုံး

ယင်းဖြစ်ပွားမှုသည် ဂီတဖျော်ဖြေပွဲ မစတင်မီ ပေါက်ကွဲခဲ့ခြင်းဖြစ်ရာ အမျိုးသမီးငါးဦးနှင့် အမျိုးသမီးငယ်တစ်ဦး သေဆုံးခဲ့သည်ဟု အဆိုပါသတင်း၌ ဖော်ပြသည်။

၎င်းဒေသသည် ရုရှားနိုင်ငံ၏ အကြမ်းဖက်မှုများထူပြောရာ မြောက်ကော့ကေးဆပ်ဒေသနှင့် နီးစပ်လျက်ရှိပြီး အများအားဖြင့်စစ်သွေးကြွများ အကြမ်းဖက်တိုက်ခိုက်မှု ကင်းလွတ်ခဲ့သည့်မြို့ဖြစ်သည်ဟု ဆက်လက်ဖော်ပြသည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

ကမ္ဘာ့ကျန်းမာရေးအဖွဲ့ညီလာခံ ဘရာဇီးကအိမ်ရှင်အဖြစ် လက်ခံကျင်းပမည်

ရီယိုဒီဂျနေးရိုး မေ ၂၈

ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှုကဏ္ဍမြှင့်တင်ရေးအတွက် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ညီလာခံကို လာမည့်နှစ်တွင် ဘရာဇီးနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည်ဖြစ်ကြောင်း မေ၂၈ရက်တွင် ဘရာဇီးကျန်းမာရေးဝန်ကြီး ဂျို့စ်ဂွန်းတမ်ပိုရီက ထုတ်ဖော်ပြောကြားသည်။

ယင်းညီလာခံကို ၂၀၁၁ခုနှစ်အောက်တိုဘာလအတွင်း ရီယိုဒီဂျနေးရိုးမြို့၌ ကျင်းပမည်ဖြစ်ကြောင်း တမ်ပိုရီက ပြောကြားသည်။ ၁၉၇၈ခုနှစ် စက်တင်ဘာလက ကာဇက်စတန်နိုင်ငံ အယ်လ်မာအတာ၌ ကျင်းပခဲ့သည့် အခြေခံကျန်းမာရေးပြုစုစောင့်ရှောက်မှု(ပီအိတ်ချ်စီ) နိုင်ငံတကာညီလာခံ၌ ကမ္ဘာ့တစ်ဝန်းလုံးမှ ကိုယ်စားလှယ်များက လူသားအားလုံး၏ ကျန်းမာရေး မြှင့်တင်ဆောင်ရွက်မှုသည် အရေးကြီးသော လိုအပ်ချက်တစ်ရပ်ဖြစ်သည်ဟု ထုတ်ဖော်ပြောကြားခဲ့သည်။

ကာကွယ်ဆေးထိုးနှံ

ကျန်းမာရေးဝန်ကြီး တမ်ပိုရီက ဘရာဇီးနိုင်ငံရှိပြည်သူများအား A (H1N1) တုပ်ကွေးရောဂါကာကွယ်ရေး စီမံချက်ကို မတ်လမှ စတင်ကာ မေ၂၂ရက်အထိ ကာကွယ်ဆေးများထိုးနှံပေးပြီး စီမံချက်ကာလတိုးမြှင့်ကာ ဇွန်၂ရက်အထိ နှစ်နှစ်သားမှ ငါးနှစ်အထိကလေးငယ်များအား ကာကွယ်ဆေးများ ထိုးနှံပေးမည်ဖြစ်ကြောင်း ပြောကြားသည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

ပါကစ္စတန် တာလီဘန်ခေါင်းဆောင် အာဖဂန်တပ်ဖွဲ့ ချေမှုန်းသုတ်သင်

အစ္စလမ္မာဘတ် မေ ၂၈

ပါကစ္စတန် တာလီဘန် ခေါင်းဆောင်မော်လဝီဖာကူလာသည် သူ၏ရဲဘော် တပ်မှူးခြောက်ဦးနှင့်အတူ အာဖဂန်နစ္စတန်နိုင်ငံ နူရစ္စတန်ပြည်နယ်တွင် မေ၂၆ရက်က သေဆုံးသွားကြောင်း ဒေသဆိုင်ရာသတင်းမှ ထုတ်ပြန်သည်။

ငြင်းဆို

သို့ရာတွင် ပါကစ္စတန်တာလီဘန် အဖွဲ့ခေါင်းဆောင် မော်လဝီမာကာမူဟာမက်ကမူ အဆိုပါသတင်းမှာ အခြေအမြစ်မရှိကြောင်း ငြင်းဆိုထားသည်။

အတည်ပြု

ပါကစ္စတန်တာလီဘန် ခေါင်းဆောင် ဖာကူလာသေဆုံးမှုနှင့်ပတ်သက်၍ အာဖဂန်နစ္စတန်အရာရှိများက အတည်ပြုပြောကြားထားသော်လည်း နေတိုးအဖွဲ့က တစ်စုံတစ်ရာသတင်းထုတ်ပြန်ခြင်း မရှိသေးပေ။ **(အင်တာနက်)**

အလှမယ်

တရုတ်(တိုင်ပေ) တက္ကသိုလ်၌ မေ ၂၇ရက်က ကျင်းပသည့် အလှမယ်ပြိုင်ပွဲတွင် ကျောင်းသူလေးတစ်ဦး ပါဝင်ယှဉ်ပြိုင်နေဟန်။
(ဆင်ဟွာဓာတ်ပုံ)

စိတ်ရှည်သည်းခံခြင်းနှင့် နားလည်မှုရှိခြင်းဖြင့် နီပေါနိုင်ငံ၏ ပြဿနာအားလုံး ဖြေရှင်းနိုင်မည်ဟုဆို

ခတ္တမန္ဒူ မေ ၂၈

နိုင်ငံတော်တည်ဆောက်ရေးတွင် ညီညွတ်ကြရေးအတွက် လက်တွေ့ဘဝကို ဤနိုင်ငံ၌ အခွန့်ရှည်တည်တံ့ခဲ့သော အဆုံးအမများနှင့်အညီ နေထိုင်ကျင့်သုံးကြရန် လိုအပ်ကြောင်း နီပေါသမ္မတရမ်ကာရန်ယာဒက်က မေ၂၇ရက်တွင် တိုက်တွန်းနှိုးဆော်လိုက်သည်။

လက်တွဲဆောင်ရွက်

ဤနိုင်ငံကို ခက်ခဲသော နိုင်ငံရေးအခြေအနေများမှ လွတ်ကင်းရေးအတွက် အချင်းချင်းသင့်မြတ်ကြရန်၊ တစ်စိတ်တစ်ဝမ်းတည်းရှိကြရန်နှင့် လက်တွဲဆောင်ရွက်ကြရန် နီပေါသမ္မတယာဒက်က အလေးထား ပြောကြားသည်။

ဖြေရှင်း

စိတ်ရှည်သည်းခံခြင်းနှင့် နားလည်မှုရှိခြင်းဖြင့် မိမိတို့နိုင်ငံအနေဖြင့် ပြဿနာအားလုံးကို ဖြေရှင်းနိုင်ကြောင်း နီပေါဒုတိယသမ္မတ ပါမာနန်ဂျာကလည်း မေ၂၇ရက်တွင် ထုတ်ဖော်ပြောကြားသည်။

အလားတူပင် စိတ်ကောင်းစေတနာထားခြင်း၊ အချင်းချင်းသင့်မြတ်ခြင်း၊ ပူးတွဲနေထိုင်ခြင်းတို့သည် နိုင်ငံတော်တည်ဆောက်ရေးအတွက် တစ်ခုနှင့်တစ်ခု ခွဲခြား၍မရကြောင်း နီပေါဝန်ကြီးချုပ် မာဒက်ကူးမားနီပေါက ပြောကြားသည်။ **(အင်တာနက်)**

အာဖဂန်၌ သေဆုံးသည့် ဗြိတိသျှတပ်ဖွဲ့ဝင် ၂၈၈ဦးရှိသွားပြီဖြစ်

ကဘူးလ် မေ ၂၈

အာဖဂန်နစ္စတန်နိုင်ငံ ဟယ်လ်မန့်ပြည်နယ်၌ မေ၂၇ရက်က ဗြိတိသျှကွန်မန်ဒိုတပ်ဖွဲ့ဝင်များ ခြေကျင်ကင်းလှည့်စဉ် ဗုံးပေါက်ကွဲမှုဖြစ်ပွားရာ ဗြိတိသျှတပ်ဖွဲ့ဝင်တစ်ဦးသေဆုံးကြောင်း ကာကွယ်ရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်သည်။

ယင်းတပ်ဖွဲ့ဝင်မှာ ဟယ်လ်မန့်ပြည်နယ်ရှိ နိုင်ငံစုံတပ်ဖွဲ့၌ တာဝန်ထမ်းဆောင်နေခြင်းဖြစ်သည်ဆိုသည်။

ဖော်ပြ

၂၀၀၁ ခုနှစ်ကတည်းက အာဖဂန်နစ္စတန်တိုက်ပွဲအတွင်း၌ ယခုသေဆုံးသည့် ဗြိတိသျှတပ်ဖွဲ့ဝင်အပါအဝင် သေဆုံးသူ စုစုပေါင်း ၂၈၈ ဦးရှိသွားပြီဖြစ်ကြောင်း အဆိုပါသတင်း၌ ဖော်ပြသည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

အီရတ်လေကြောင်းကုမ္ပဏီ ပြဿနာကြုံတွေ့ နိုင်ငံပိုင် လေကြောင်းလိုင်းများ ဖျက်သိမ်းရန်စီစဉ်

ဘဂ္ဂဒက် မေ ၂၈

အီရတ်နိုင်ငံ၏ လေကြောင်းကုမ္ပဏီက ဒေဝါလီခံကြောင်း တရားဝင်ထုတ်ပြန်ကြေညာပြီးသည့်နောက် နိုင်ငံပိုင်လေကြောင်းကုမ္ပဏီကို ဖျက်သိမ်းပစ်မည်ဟု အီရတ်အစိုးရက မေ၂၈ရက်၌ ထုတ်ဖော်ပြောကြားသည်။

ကူဝိတ်နိုင်ငံ၏ စစ်လျော်ကြေးကိစ္စနှင့်ပတ်သက်၍ အီရတ်လေကြောင်းကုမ္ပဏီကို ပိတ်ပစ်နိုင်သည်ဟု အီရတ်သယ်ယူပို့ဆောင်ရေးဝန်ကြီးဌာနက သတင်းထောက်များသို့ ပြောကြားသည်။

ပြောကြား

၁၉၉၀ခုနှစ်က ကူဝိတ်နိုင်ငံအတွင်း အီရတ်တို့ကျူးကျော်ဝင်ရောက်တိုက်ခိုက်စဉ် အီရတ်၏ လေကြောင်းကုမ္ပဏီအနေဖြင့် လေယာဉ်နှင့် လေယာဉ်အပိုပစ္စည်းတန်ဖိုး အမေရိကန်ဒေါ်လာ ၁ဒသမ၂ ဘီလီယံဖိုး ပေးလျော်ရန်ရှိနေသည်ဟု ကူဝိတ်လေကြောင်းကုမ္ပဏီက ပြောကြားသည်။

ပါဝင်

အီရတ် လေကြောင်းခရီးစဉ်အားလုံးကို ဖျက်သိမ်းရာ၌ အပတ်စဉ်ပျံသန်းသည့် ဘဂ္ဂဒက်နှင့် လန်ဒန်ခရီးစဉ်၊ ဘဂ္ဂဒက်မှ တီဟီရန်၊ ဒမတ်စကတ်နှင့် ကိုင်ရိုမြို့တို့အပါအဝင် အရှေ့အလယ်ပိုင်းဒေသရှိ အခြားသော လေကြောင်းခရီးစဉ်များ ပါဝင်သည်။

ကြိုးစား

ပြီးခဲ့သည့်လအတွင်းက လန်ဒန်မြို့ရှိ ဂက်ဝတ်စ်လေဆိပ်၌ အီရတ်လေယာဉ်ဆိုက်ရောက်စဉ် ကူဝိတ်အာဏာပိုင်အဖွဲ့၏ ရှေ့နေများက သိမ်းပိုက်ရန်ကြိုးစားခဲ့သည်ဟု ဖော်ပြထားသည်။ **(အင်တာနက်)**

အီရတ်နိုင်ငံပိုင် လေကြောင်းလိုင်း

အင်ဒိုနှင့် အမေရိကန်ရေတပ် ပူးတွဲစစ်ရေးလေ့ကျင့်

ဂျကာတာ မေ ၂၈

အင်ဒိုနီးရှားနိုင်ငံ အရှေ့ဂျာဗားပြည်နယ် ဆူရာဘာယာမြို့အနီး၌ အင်ဒိုနီးရှားနှင့် အမေရိကန်ရေတပ် ပူးတွဲစစ်ရေးလေ့ကျင့်မှုကို မေ၂၆ရက်က စတင်ကြောင်း ဆင်ဟွာသတင်းတွင် မေ၂၇ရက်က ဖော်ပြသည်။

ပါဝင်

အဆိုပါ စစ်ရေးလေ့ကျင့်မှုကို ဇွန် ၁ရက်အထိ ပြုလုပ်ရန် စီစဉ်ထားပြီး နှစ်နိုင်ငံပူး တွဲစစ်ရေး လေ့ကျင့်မှုအတွင်း အင်ဒိုနီးရှားရေတပ် တပ်ဖွဲ့ဝင် ၉၆၅ ဦးနှင့် အမေရိကန်ရေတပ်စစ်သင်္ဘောလေးစင်းတို့ ပါဝင်ကြကြောင်း သတင်းတွင်ဖော်ပြသည်။

ပြုလုပ်

ယင်းလေ့ကျင့်မှုအတွင်း စစ်ရေးဆိုင်ရာ ပူးပေါင်းစီမံကိန်းလုပ်ငန်းနှင့် စပ်လျဉ်းသည့် သရုပ်ပြခြင်းအပါအဝင် စစ်ဆင်ရေးဆောင်ရွက်မှု စီမံကွပ်ကဲခြင်းဆိုင်ရာ စာတမ်းဖတ်ပွဲများကို ပြုလုပ်ခဲ့သည်။

အမ်အင်န်အေ၊ဆင်ဟွာ

ချောင်းဆုံ၌ လူတစ်ဦးကျွန်းတစ်ပင်၊ တစ်အိမ်ထောင်ကျွန်းသုံးပင်နှင့် ကျေးရွာပိုင် သစ်တောစိုက်ခင်း တစ်ဧကစိုက်ပျိုးရန် တာဝန်ပေးအပ်

ရန်ကုန် မေ ၂၈

မွန်ပြည်နယ်သစ်တောဦးစီးဌာန၏ စီမံကြီးကြပ်မှုဖြင့် ၂၀၁၀ခုနှစ် မိုးရာသီတွင် ချောင်းဆုံမြို့နယ်၌ လူတစ်ဦး ကျွန်းတစ်ပင်၊ တစ်အိမ်ထောင်ကျွန်းသုံးပင်နှင့် သစ်မာယူကလစ်အပင်၂၀၊ ကျေးရွာပိုင် သစ်တောစိုက်ခင်းတစ်ဧကစိုက်ပျိုးရန် ကျေးရွာအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများသို့ တာဝန်ပေးအပ်ပွဲကို ဧပြီ ၃၀ရက်က မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး၌ ကျင်းပသည်။ (အောက်ယာပုံ)

ထို့နောက် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် မော်လမြိုင် (တွဲဖက်ချောင်းဆုံ)မြို့နယ်သစ်တောဦးစီးအရာရှိတို့က ၂၀၁၀ခုနှစ် မိုးရာသီတွင် လူတစ်ဦး ကျွန်းတစ်ပင်၊ တစ်အိမ်ထောင်ကျွန်းသုံးပင်နှင့် သစ်မာယူကလစ်အပင် ၂၀၊ ကျေးရွာပိုင်သစ်တောစိုက်ခင်းတစ်ဧက အောင်မြင်စွာ စိုက်ပျိုးနိုင်ရေးအတွက် ကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များက တာဝန်ယူ ဆောင်ရွက်ပေးကြရန်တို့ကို ရှင်းလင်းပြောကြားသည်။

အဆိုပါ ၂၀၁၀ ခုနှစ် မိုးရာသီတွင် ချောင်းဆုံမြို့နယ်ရှိ နတ်မော်၊ အဘစ်၊ ကမာကေး၊ ကွမ်လှာ၊ မရမ်း၊မူးရစ်ကလေး၊ခရိုက်သစ်၊ ရွာလွတ်၊ ကွမ်သဲနှင့် ကုလားတို့ကျေးရွာများ၌ သစ်ပင်ပေါင်း ၁၁၅၂၀စိုက်ပျိုးရန် စီမံဆောင်ရွက်လျက်ရှိသည်။ (၀၁၄)

ပေါင်မြို့နယ် ဥက္ကံကျေးရွာသောက်သုံးရေရရှိရေး ဌာနဆိုင်ရာများပူးပေါင်း၍ သောက်သုံးရေများလှူဒါန်း

ပေါင် မေ ၂၈

မွန်ပြည်နယ် ပေါင်မြို့နယ် ဥက္ကံကျေးရွာတွင် သောက်သုံးရေလုံလောက်စွာရရှိစေရေးအတွက် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ မြန်မာ့နှစ်ရှည်ပင်လုပ်ငန်း(ရော်ဘာ)ခြံမန်နေဂျာနှင့် ဝန်ထမ်းများသည် မေ ၁၅ရက် နံနက်စနာရီက ဥက္ကံကျေးရွာသို့ ရေဂါလန် ၈၀၀ ဆံ့ ရေသယ်ယာဉ်များဖြင့် သွားရောက်၍ ကျေးရွာပြည်သူများထံ သောက်ရေသန့်များ လှူဒါန်းကြပြီး မွန်းလွဲ၁နာရီတွင် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် မြန်မာ့နှစ်ရှည်ပင်လုပ်ငန်းတို့ ပူးပေါင်း၍ ကော့ထော်ကျေးရွာနှင့် ကော့ကရင်ကျေးရွာတို့သို့ သောက်သုံးရေများ လှူဒါန်းဝေပေးကြသည်။ (အပေါ်ပုံ) (မြို့နယ် ပြန်/ဆက်)

မေ၈ရက်က တာချီလိတ်မြို့မိုင်းဖုန်း (ခ)ကျေးရွာအုပ်စု နမ့်လွတ်ကျေးရွာ စိမ့်စမ်းရေသွယ်ယူခြင်းလုပ်ငန်းမှရေရရှိမှုကို အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးကျော်သူ ကြီးကြပ်ဆောင်ရွက်ပေးစဉ်။ (မြို့နယ်စည်ပင်)

ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း လှည်းကူးမြို့နယ်၌ ပညာပေးဟောပြော

ရန်ကုန် မေ ၂၈

ရထားပို့ဆောင်ရေးဝန်ကြီးဌာန ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ခရိုင်ရုံး (ရန်ကုန်မြောက်ပိုင်း)မှ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ပညာပေးဟောပြောပွဲကို မေ၂၂ရက်က လှည်းကူးမြို့နယ် ရဲမွန်ဘုန်းကြီးကျောင်း၌ ကျင်းပသည်။

ဟောပြောပွဲတွင် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ခရိုင်ရုံး (ရန်ကုန်မြောက်ပိုင်း)မှ ခရိုင်ဦးစီးမှူး ဦးမောင်မောင်ဆွေ**(အောက်ပုံ)**၊ ရွှေမြင်သာယာဉ်မောင်းသင်တန်းကျောင်းအုပ်ကြီး ဦးထွန်းမြင့်၊ စစ်ဆေးရေးမှူး(၂) ဦးမြင့်ဆွေ၊ လှည်းကူးမြို့နယ်ရဲတပ်ဖွဲ့မှ ဒုတိယရဲအုပ်ဝင်းယုထွေးတို့က ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးဟောပြောပြီး လမ်းစည်းကမ်းဖောက်ဖျက်သူများအား စစ်ဆေးမည့်အချက်များကို ရှင်းလင်းဟောပြောသည်။ **(မြန်မာ့အလင်း)**

တောင်ဥက္ကလာပမြို့နယ် (၆)ရပ်ကွက် သုမင်္ဂလာလမ်း အမှတ်(၁၀၉၂) နေ ဒေါ်ခင်စောနှင့် သားသမီး၊ မြေးများက ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် အမှတ်(၂) အဝေးပြေးလမ်းမကြီးပေါ်ရှိ ဦးလှထွန်း မေတ္တာရိပ်မွန်ကင်ဆာဖောင်ဒေးရှင်း အတွင်း လူနာ(ကင်ဆာ)ဇဟိုသို့ အလှူငွေကျပ် ၁၁၀၀၀၀ လှူဒါန်းရာ သူနာပြုအုပ် ဒေါ်မြင့်မေနှင့် စောင့်ရှောက်ရေး သူနာပြု နော်အေးဌေးတို့ လက်ခံယူကြစဉ်။

(ကင်ဆာဖောင်ဒေးရှင်း)

ဖားကန့်စည်ပင် ပန်းအလှပင်များပြုပြင်

ဖားကန့် မေ ၂၈

ဖားကန့်မြို့ကို မြို့အင်္ဂါရပ်နှင့်အညီ သာယာလှပရေးအတွက် မေ ၁၂ရက်က စုပေါင်းရုံးဝန်းကျင်နှင့် အဖွဲ့ရုံးရှေ့တွင် စိုက်ပျိုးထားသောပန်းအလှပင်များ ပြုပြင်ခြင်းကို ဦးစီးအရာရှိ ဦးတွေ့ဘောမ်ယော်နှင့်ဝန်ထမ်းများဆောင်ရွက်မှုကို အမှုဆောင်အရာရှိဦးမြင့်အောင် ကြီးကြပ်ပေးသည်။

(မြို့နယ်စည်ပင်)

နောက်ဆုံးရ နိုင်ငံတကာသတင်းများ

မောင်ချစ်ကြည် - စုစည်းသည်

အမ်စတာဒမ်လေဆိပ်၌ ဘိုင်အိုပတ်စ်ပို့ စစ်ဆေးမည်

နယ်သာလန်နိုင်ငံ အမ်စတာဒမ်လေဆိပ်၌ ဘိုင်အိုပတ်စ်ပို့ဆိုင်ရာ အချက်အလက်များ ထည့်သွင်းစစ်ဆေးကြည့်ရှုနိုင်သည့် ကွန်ပျူတာများကို မေ၂၈ရက်၌ စတင်တပ်ဆင်ထားပြီဖြစ်ကြောင်း၊ လုံခြုံရေးဆိုင်ရာ အထူးအစီအစဉ်အဖြစ် ပြုလုပ်ခြင်းဖြစ်ကြောင်း အမ်စတာဒမ်လေဆိပ်အရာရှိများက ပြောကြားသည်။

ကနေဒါမြောက်ပိုင်း၌ တောမီးလောင်ကျွမ်း

ကနေဒါနိုင်ငံမြောက်ပိုင်း ကွီဘက်မြို့အနီးတွင် မေ၂၈ရက် နံနက်က တောမီးလောင်ကျွမ်းမှုဖြစ်ပွားရာ အနီးဝန်းကျင်၌နေထိုင်ကြသည့် ဒေသခံ၁၃၀၀အား ဘေးကင်းရာသို့ ရွှေ့ပြောင်းပေးခဲ့ရကြောင်း၊ ရဟတ်ယာဉ်အစင်း ၅၀ခန့်ဖြင့် မီးငြိမ်းသတ်နေကြောင်း ကနေဒါမီးသတ်တပ်ဖွဲ့က ပြောကြားသည်။

ပါကစ္စတန်အနောက်မြောက်ပိုင်း၌ တိုက်ခိုက်မှုဖြစ်ပွား

ပါကစ္စတန်နိုင်ငံ အနောက်မြောက်ပိုင်း ဘလူချစ္စတန်ပြည်နယ် ကွီတာမြို့တွင် မေ ၂၈ရက်က လက်နက်ကိုင်များတိုက်ခိုက်မှုကြောင့် ပါကစ္စတန် ရဲတပ်ဖွဲ့ဝင်လေးဦး သေဆုံးခဲ့ကြောင်း ပါကစ္စတန်ရဲတပ်ဖွဲ့က ပြောကြားသည်။

ဗင်နီဇွဲလားအနောက်မြောက်ပိုင်း၌ အင်အားပြင်းငလျင်လှုပ်

ဗင်နီဇွဲလားနိုင်ငံအနောက်မြောက်ပိုင်းကမ်းလွန်၌ မေ ၂၈ ရက် နံနက်က ရစ်ချ်တာစကေး ၇ ဒသမ ၂ အင်အားရှိသော ငလျင်လှုပ်သွားခဲ့ကြောင်း၊ သို့သော် ဆူနာမီသတိပေးချက်ထုတ်ပြန်မှုမရှိကြောင်း ဗင်နီဇွဲလားအရာရှိများက ပြောကြားသည်။

အိန္ဒိယအရှေ့ပိုင်း၌ ရထားနှစ်စင်း တိုက်မိ

*အိန္ဒိယနိုင်ငံအရှေ့ပိုင်း အနောက်ဘင်္ဂါလီပြည်နယ်တွင် မေ ၂၈ရက်က ခရီးသည်တင်ရထားတစ်စင်းနှင့် ကုန်တင်ရထားတစ်စင်းတို့ ခေါင်းချင်းဆိုင်တိုက်မိခဲ့ရာ ၆၅ဦး သေဆုံးပြီး ခရီးသည် ၂၀၀ခန့် ဒဏ်ရာရရှိခဲ့ကြောင်း အိန္ဒိယရထားပို့ဆောင်ရေးလုပ်ငန်းအရာရှိများက ပြောကြားသည်။ **(အောက်ပုံ)***



နီဂါရာဂွာအနောက်ပိုင်း၌ ရေလွှမ်း

နီဂါရာဂွာအနောက်ပိုင်း ကွီဇာဂွာကျူမြို့၌ မေ ၂၈ ရက်က မိုးသည်းထန်စွာရွာသွန်းပြီး ရေလွှမ်းမှုဖြစ်ပွားရာ ထောင်ပေါင်းများစွာသော ပြည်သူများ ရေဘေးဒုက္ခကြုံတွေ့နေရကြောင်း၊ ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း နီဂါရာဂွာအရာရှိများက ပြောကြားသည်။

ကိုလံဘီယာအနောက်မြောက်ပိုင်း၌ တိုက်ခိုက်မှုဖြစ်ပွား

ကိုလံဘီယာနိုင်ငံ အနောက်မြောက်ပိုင်း ကူကာစီရာစီရင်စုတွင် မေ ၂၈ ရက်က လက်နက်ကိုင်အဖွဲ့နှစ်ဖွဲ့ အပြန်အလှန်တိုက်ခိုက်မှုဖြစ်ပွားရာ အရပ်သားခုနစ်ဦးသေဆုံးပြီး အချို့ဒဏ်ရာရရှိခဲ့ကြောင်း ကိုလံဘီယာရဲတပ်ဖွဲ့က ပြောကြားသည်။

တောင်ကိုရီးယားရေတပ် စစ်ရေးလေ့ကျင့်မှုပြုလုပ်

တောင်ကိုရီးယား ရေပြင်ပိုင်နက်အတွင်း မေ ၂၈ရက်က တောင်ကိုရီးယားရေတပ်စစ်သင်္ဘောများက စစ်ရေးလေ့ကျင့်မှုတစ်ရပ်ပြုလုပ်ခဲ့ကြောင်း၊ ရေပြင်ပိုင်နက်လုံခြုံရေးအတွက်ဖြစ်ကြောင်း တောင်ကိုရီးယားအရာရှိများက ပြောကြားသည်။

ပါကစ္စတန်နိုင်ငံ လာဟိုးမြို့၌ ပစ်ခတ်မှုဖြစ်ပွား

ပါကစ္စတန်နိုင်ငံ လာဟိုးမြို့၌ မေ ၂၈ ရက် နံနက်က သေနတ်သမားများ၏ ပစ်ခတ်မှုကြောင့် အရပ်သားသုံးဦးသေဆုံးခဲ့ကြောင်း လာဟိုးမြို့ရဲတပ်ဖွဲ့က ပြောကြားသည်။

(အင်တာနက်)

ဟိုတယ်/ခရီး ဝန်ကြီး ဦးစိုးနိုင်အား ထိုင်းနိုင်ငံသံအမတ်ကြီး လာရောက်တွေ့ဆုံ

နေပြည်တော် မေ ၂၈

ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဦးစိုးနိုင်အား ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ထိုင်းနိုင်ငံသံအမတ်ကြီး H.E. Mr. Apirath Vienravi သည် ယမန်နေ့ နံနက် ၁၀နာရီခွဲတွင် နေပြည်တော်ရှိ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး၏ ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံသည်။

ညှိနှိုင်းဆွေးနွေး

ထိုသို့တွေ့ဆုံရာတွင် နှစ်နိုင်ငံ၏ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်း အခြေအနေများကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြပြီး ခရီးသွားလုပ်ငန်းမြှင့်တင်ရေးကိစ္စရပ်များကို အာဆီယံနှင့် မဟာမဲခေါင်ဒေသခွဲတို့၏ မူဘောင်များအတွင်းမှ ပူးပေါင်းဆောင်ရွက်ရေး ညှိနှိုင်းဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကျောင်းနေအရွယ်ကလေးအားလုံး ကျောင်းနေရေး ဗဟိုဦးစီးကော်မတီဥက္ကဋ္ဌ ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာချမ်းငြိမ်း ၂၀၁၀-၂၀၁၁ ပညာသင်နှစ် ကျောင်းအပ်နှံရေးအထိမ်းအမှတ် အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

ငွေနှင်းလထုတ် မြဝတီမဂ္ဂဇင်း ထွက်နေပြီ

ရန်ကုန် မေ ၂၈

ငွေနှင်းလထုတ် မြဝတီမဂ္ဂဇင်းတွင် ဖိုးရန်နိုင်(ကျောက်ကြီး)၊ ဒေါက်တာ ထီလာစစ်သူ၊ မင်းယုဝေ၊ ညွှန့်ဝေ (ကသာ)၊ မောင်စိန်ဝင်း (ပုတီးကုန်း)၊ သိပ္ပံစိုးမြင့်နိုင်၊ စိုးကိုကို (လေးမျက်နှာ)၊ မင်းဆွေဦး (မင်းဘူး)တို့၏ ကဗျာများ၊ မြေဇာ၊ ငွေကြည်၊ သစ်ထွဏ်း၊ မောင်ရွှေဝင်း၊ လွမ်းမောင်(သုဝဏ္ဏ)တို့၏ ကာတွန်းများ၊ ရှင်ဉာဏ (ဖျာပုံ)၊ ဗိုလ်ကလေးတင့်အောင်၊ မောင်ခင်မင် (ဓနုဖြူ)၊ ဒေါက်တာမတင်ဝင်း (ပညာရေးတက္ကသိုလ်)၊ ပီကျော်ဟန်၊ ဒေါက်တာသန့်စင်၊ တက္ကသိုလ်တင်ခ၊ မြင်းမူမောင်နိုင်မိုး၊ ချစ်စံဝင်း၊ လှမြင့်(ရန်ကုန်တက္ကသိုလ်)၊ သာဂဒိုး၊ ကိုခန့်(သုတေသန)၊ ရဲမာန်ခ၊ ဓမ္မဝေပုလ္လ (အရှင်သုန္ဒရ)၊ မဟာသဒ္ဓမ္မဇောတိကဓဇ တက္ကသိုလ်သျှင်သီရိ (ဓမ္မာစရိယ-ဘီအေ)၊ စိုးဝင်း(မြစ်ခြေ)၊ စံ-ဇာဏီဘို၊ မောင်နှင်းလှိုင် (ထမင်းဈေး)၊ တာဝန်ခံစာတည်း၊ ညောင်ဦးဖိုးချို၊ ကျော်ဇောဟိန်း (ဒေါပုံ)၊ လှဘုန်းအောင်၊ ဂွမ်းဖြူဇင်တို့၏ ဆောင်းပါးများ ပိုင့်-လှိုင်းသစ်၊ ဇွန်း၊ မုဒိ-သုမွန်၊ ရေနံ့သာမောင်ကျော်ညွှန့်၊ ချစ်မဝမောင်၊ ဌေးလွင်၊ စန်းနီလာဝင်း၊ နွေတို့၏ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်သန်စေမှု ရသ၊ ကျေးလက်သဘာဝရသများအပြင် မေတ္တာဖွဲ့ရသများပါဝင်သည့် ဝတ္ထုများကို ဖတ်ရှုကြရမည်ဖြစ်သည်။

အရောက်ပို့

မြဝတီမဂ္ဂဇင်းကို အမှတ် ၁၈၁၊ ၃၂လမ်း(အထက်) ပန်းဘဲတန်းမြို့နယ် ရန်ကုန်မြို့ ဖုန်း-၃၇၁၂၄၄နှင့် အမှတ် (၁၅)တပ်မြေ မိုးကောင်းဘုရားလမ်း (၁၅)ရပ်ကွက် ဘောက်ထော် ရန်ကင်းမြို့နယ် ရန်ကုန်မြို့ ဖုန်း-၅၅၉၂၇၃သို့ ဆက်သွယ်မှာကြား ဝယ်ယူဖတ်ရှုနိုင်ကြောင်းနှင့် စာဖတ်သူထံ VPP အရောက်ပို့စနစ်ဖြင့်လည်း ရောင်းချပေးလျက်ရှိသည်။ **(သတင်းစဉ်)**

၂၀၁၀-၂၀၁၁ ပညာသင်နှစ်တွင် ကျောင်းနေအရွယ်ကလေးအားလုံး ကျောင်းနေလာရေး အမျိုးသားရေးတာဝန်အဖြစ်ခံယူပြီး ပူးပေါင်းပါဝင် ဖြည့်ဆည်းပေး

နေပြည်တော် မေ ၂၈

၂၀၁၀-၂၀၁၁ ပညာသင်နှစ် ကျောင်းအပ်နှံရေး အထိမ်းအမှတ်အခမ်းအနားကို ယမန်နေ့နံနက် ၉နာရီတွင် နေပြည်တော် အမှတ်(၆) အခြေခံပညာအထက်တန်းကျောင်းခန်းမ၌ ကျင်းပရာ ကျောင်းနေအရွယ်ကလေးအားလုံး ကျောင်းနေရေး ဗဟိုဦးစီးကော်မတီဥက္ကဋ္ဌ ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာချမ်းငြိမ်း တက်ရောက်၍ ဂုဏ်ပြုအမှာစကား ပြောကြားရာတွင် အခြေခံပညာမူလတန်းအဆင့် ကျောင်းနေနှုန်း တိုးတက်မြင့်မားရေး၊ အတန်းစဉ်အလိုက် ကူးပြောင်းသင်ယူနှုန်း မြင့်မားတိုးတက်ရေးနှင့် ကျောင်းနေအရွယ်ကလေးတိုင်း အခြေခံပညာအဆင့်အလိုက် သင်ယူပြီးမြောက်ရေးလုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း၊ မြို့နယ်အလိုက် ကျောင်းအပ်နှံရေးလုပ်ငန်းများကို နှစ်စဉ် လှုပ်ရှားဆောင်ရွက်နိုင်ခဲ့သဖြင့် ၁၉၉၉-၂၀၀၀ ပညာသင်နှစ်တွင် အသက် ငါးနှစ်ပြည့်ပြီး ကလေးဦးရေ၏ ၉၁ရာခိုင်နှုန်းသာ သူငယ်တန်းသို့ဝင်ရောက်ခဲ့ရာမှ ၂၀၀၉-၂၀၁၀ ပညာသင်နှစ် သူငယ်တန်းကျောင်းဝင်နှုန်းမှာ ၉၈ဒသမ ၂၅ရာခိုင်နှုန်းအထိ တိုးတက်လာခဲ့ပြီဖြစ်ကြောင်း၊ ၂၀၁၀-၂၀၁၁ ပညာသင်နှစ်တွင် ကျောင်းနေအရွယ်ကလေးအားလုံး ကျောင်းနေလာရေးနှင့် မူလတန်းပညာ မပြီးဆုံးမီ ကျောင်းထွက်ခဲ့သည့် ကျောင်းနေအရွယ် ကလေးများ ပြန်လည်ကျောင်းတက်လာနိုင်ရေးတို့အတွက် ပညာရေးဝန်ထမ်းများ၊ ဒေသအာဏာပိုင်များ၊ ပညာရေးစေတနာရှင်များနှင့် မိဘပြည်သူများအားလုံးက အမျိုးသားရေးတာဝန်အဖြစ် ခံယူပြီး ပူးပေါင်းပါဝင် ဖြည့်ဆည်းပေးကြရမည်ဖြစ်ကြောင်း ဆွေးနွေးမှာကြားသည်။

ပေးအပ်လှူဒါန်း

ထို့နောက် ဝန်ကြီး ဒေါက်တာချမ်းငြိမ်းနှင့် ဒုတိယဝန်ကြီး ဦးအောင်မျိုးမင်းတို့က နေပြည်တော်ခရိုင်အတွင်းရှိ သူငယ်တန်း ကျောင်းသား ကျောင်းသူများအတွက် ကျောင်းသုံးစာအုပ်များကို လည်းကောင်း၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်မင်းဇော်က နေပြည်တော်ခရိုင်အတွင်းရှိ မြို့နယ်များသို့ ပညာသင် ထောက်ပံ့စရိတ်များကိုလည်းကောင်း ပေးအပ်လှူဒါန်းရာ တာဝန်ရှိသူများက လက်ခံယူကြသည်။

ထောက်ပံ့

ယင်းနောက် ဝန်ကြီး ဒေါက်တာချမ်းငြိမ်းသည် နေပြည်တော် အမှတ်(၆) အခြေခံပညာ အထက်တန်းကျောင်း၌ ကျောင်းအပ်နှံ လက်ခံနေမှုများကို လှည့်လည်ကြည့်ရှုအားပေးပြီး ဝန်ကြီးနှင့် တာဝန်ရှိသူများက သူငယ်တန်းဝင်ရောက်လာကြသည့် ကျောင်းသား ကျောင်းသူလေးများအား ကျောင်းသုံးစာအုပ်များကို ထောက်ပံ့ပေးအပ်သည်။

လှည့်လည်ကြည့်ရှု

ထိုမှတစ်ဆင့် ဝန်ကြီးသည် နေပြည်တော် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၊ နေပြည်တော်ပျဉ်းမနား အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၊ နေပြည်တော်လယ်ဝေး အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းများသို့ သွားရောက်၍ ကျောင်းအပ်နှံလက်ခံနေမှုများကို လှည့်လည်ကြည့်ရှုအားပေးပြီး ဝန်ကြီးနှင့် တာဝန်ရှိသူများက ကျောင်းသား ကျောင်းသူများအား ကျောင်းသုံးစာအုပ်များကို ထောက်ပံ့ပေးအပ်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပညာရွှေအိုး လူ့မခိုး

စိန်နှင့်မြ ပရိဘောဂဆိုင်သစ် ပုလဲကွန်ဒိုဖွင့်

ရန်ကုန် မေ ၂၈

စိန်နှင့်မြမွေ့ရာ ပရိဘောဂဆိုင်ခုနစ်ဆိုင်မြောက် ဆိုင်သစ်ဖွင့်ပွဲကို မေ ၂၆ရက် နံနက်ပိုင်းက ရန်ကုန်မြို့ ဆရာစံလမ်းနှင့် ကမ္ဘာအေးဘုရားလမ်းထောင့် ပုလဲကွန်ဒို ပထမထပ်ရှိ အမှတ်-G-8, Tower A၌ ကျင်းပသည်။ **(ယာပုံ)**

အခမ်းအနားတွင် ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှု လက်မှုလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးဝင်းမြင့်က အဖွင့်အမှာစကား ပြောကြားပြီး စိန်နှင့်မြမွေ့ရာဆိုင်များပိုင်ရှင် ဦးကျော်မင်းက စိန်နှင့်မြမွေ့ရာ ပရိဘောဂဆိုင်၏ အရောင်းပစ္စည်းများအကြောင်းကို ရှင်းလင်းပြောကြားသည်။

အရည်အသွေး

စိန်နှင့်မြ ပရိဘောဂပစ္စည်းများ ရောင်းချခြင်းလုပ်ငန်းကို ၁၉၉၄ခုနှစ်ကတည်းက စတင်ခဲ့ပြီး ပြည်တွင်းဖြစ် မွေ့ရာ၊ Spring မွေ့ရာ၊ ခေါင်းအုံး၊ ခြင်ထောင်၊ အိပ်ရာခင်း၊ စောင် စသည့် အိမ်ခန်းသုံးပစ္စည်းများအပြင် ခုတင်၊ ဗီရို၊ မှန်တင်ခုံ၊ ဆက်တီစသည့် အိမ်သုံး ပရိဘောဂပစ္စည်းအမျိုးမျိုးတို့ကို အရည်အသွေးမြင့် ကုန်ကြမ်းများဖြင့် အသုံးပြု ထုတ်လုပ်ရောင်းချပေးလျက်ရှိသည်။

ရောင်းချပေး

ထို့အပြင် ထိုင်းနိုင်ငံ International Well Known Company ဖြစ်သော Darling Mattress Company ၏ မြန်မာနိုင်ငံအတွက် တစ်ဦးတည်းကိုယ်စားလှယ်ရထားသူဖြစ်ပြီး International Hotel သုံးပစ္စည်းများနှင့် အိမ်ခန်းသုံးပစ္စည်းအမျိုးမျိုးတို့ကို တင်သွင်းရောင်းချပေးလျက်ရှိသည်။ ထို့အပြင် တရုတ်၊ ကိုရီးယားနှင့် ဗီယက်နမ်နိုင်ငံတို့မှ အရည်အသွေးကောင်းမွန်သော အိမ်ခန်းသုံးပစ္စည်းများကိုလည်း ရောင်းချပေးလျက်ရှိသည်။

ဆိုင်သစ်ဖွင့်ပွဲ အထိမ်းအမှတ်အဖြစ် မေ ၂၇ရက်မှ ဇွန် ၁၀ရက်အထိ ဆိုင်သစ်တွင် ဝယ်ယူသူတိုင်းအား ငါးရာခိုင်နှုန်းမှ ၃၀ ရာခိုင်နှုန်းအထိ လျှော့ချပေးမည်ဖြစ်သည်။

ဝယ်ယူနိုင်

စိန်နှင့်မြ ပရိဘောဂအိမ်သုံးပစ္စည်းများကို မန္တလေးမြို့တွင် ပင်ရင်းဆိုင်အမှတ် (၁၄၄) ၃၄လမ်း ၈၀ × ၈၁ လမ်းကြား ဖုန်း-၀၂-၃၄၂၁၇၊ အမှတ် (၁၁)၊ (၂၆) ဘီလမ်း ၇၈ × ၇၉လမ်းကြား ဖုန်း-၀၂-၇၁၀၇၀၊ မင်္ဂလာပရိဘောဂဈေး ၇၃လမ်းနှင့် လမ်း ၃၀ထောင့် ဖုန်း-၀၂-၆၁၆၂၆ (လိုင်းခွဲ-၅၀၅၅)၊ ဂရိတ်ဝေါပလာဇာ ၃၃လမ်း၊ ၇၇လမ်းနှင့် ၇၈လမ်းကြား ရတနာပုံဈေးမြောက်ဘက်နှင့် ရန်ကုန်မြို့တွင် အမှတ် B-7 အောင်ဆန်းကွင်း မြောက်ဘက်တန်း ဖုန်း-၀၁-၇၂၁၅၁၄၊ ၀၉-၈၆၂၁၅၁၄၊ အမှတ် F-5 စတုတ္ထထပ် ယုဇနပလာဇာ ဖုန်း-၀၁-၂၀၀၇၄၇ (လိုင်းခွဲ-၅၉၉၉)နှင့် အမှတ် G-8၊ တာဝါ A ပုလဲကွန်ဒို ကမ္ဘာအေးဘုရား လမ်းနှင့် ဆရာစံလမ်းထောင့် ဖုန်း-၀၁-၅၅၇၄၄၈ (လိုင်းခွဲ-၈၈၂)တို့တွင် ဝယ်ယူရရှိနိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**

မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် ကာတွန်း၊ ပန်းချီနှင့် ပိုစတာပြိုင်ပွဲ ဘားအံ၌ ကျင်းပ

ဘားအံ မေ ၂၈

အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် ကာတွန်း၊ ပန်းချီ၊ ပိုစတာပြိုင်ပွဲနှင့် ကွန်ပျူတာပန်းချီ၊ ပိုစတာပြိုင်ပွဲကို မေ ၂၂ရက်နှင့် ၂၃ရက်တို့က ဘားအံမြို့ အမှတ် (၂) အခြေခံပညာအထက်တန်းကျောင်းနှင့် ဘားအံမြို့ ကွန်ပျူတာတက္ကသိုလ်တို့၌ ကျင်းပရာ ပြိုင်ပွဲဝင် စုစုပေါင်း ၁၀၉ဦး ပါဝင်ယှဉ်ပြိုင်ကြသည်။ **(ယာပုံ)**

ကြည့်ရှုအားပေး

အဆိုပါ ပြိုင်ပွဲသို့ ကရင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးအောင်ချိုဦး၊ ပြည်နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကြီးကျော်မြင့်နှင့် ပြည်နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြည့်ရှု အားပေးခဲ့ကြောင်း သိရသည်။

(ပြည်နယ် ပြန်/ဆက်)

ကျောင်းအပ်နှံရေးနေ့ စဥ့်ကူးမြို့တွင် ကျင်းပ

နေပြည်တော် မေ ၂၈

ပြင်ဦးလွင်ခရိုင် စဥ့်ကူးမြို့နယ်၏ ၂၀၁၀-၂၀၁၁ ပညာသင်နှစ် ကျောင်းအပ်နှံရေးနေ့အခမ်းအနားကို မေ ၂၇ရက် နံနက် ၉နာရီက စဥ့်ကူးမြို့ အခြေခံပညာအထက်တန်းကျောင်း၌ကျင်းပရာ အခမ်းအနားတွင် မြို့နယ်ဥက္ကဋ္ဌ ဦးစိုင်းမောင်လှုနှင့် မြို့နယ်ပညာရေးမှူး ဦးပေါင်ဇနန်တို့က အဖွင့်အမှာစကားပြောကြားကြပြီး ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်မြင့်ဦးက ကျောင်းအပ်နှံရေးနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် အခြေခံပညာကျောင်းများမှ ထောက်ပံ့ရန်လိုအပ်သော ကျောင်းသားကျောင်းသူများအား မြို့နယ်ဥက္ကဋ္ဌက ငွေကျပ် တစ်သိန်း၊ မြို့နယ်အသင်း အတွင်းရေးမှူးက ငွေကျပ် ခြောက်သောင်း၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းနှင့် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌက ငွေကျပ် ခြောက်သောင်းနှင့် မြို့နယ်ပညာရေးမှူးက သူငယ်တန်းဖတ်စာအုပ်များကို ပေးအပ်လှူဒါန်းခဲ့ကြသည်။ ***(သတင်းစဉ်)***

ရေနုတ်မြောင်းများ ရှင်းလင်းဆောင်ရွက်

မေ ၂၆ရက်က မှော်ဘီမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ရန်ကုန်-ပြည်လမ်းမကြီး လမ်းဘေးဝဲယာ တစ်လျှောက်ရှိ ရေနုတ်မြောင်းများ ရေစီးရေလာ ကောင်းမွန်ရေးအတွက် မြို့နယ်စည်ပင်သာယာရေးဝန်ထမ်းများ ရှင်းလင်းဆောင်ရွက်နေမှုကို အမှုဆောင်အရာရှိ ဦးမိုးကျော်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးမြင့်ဦးတို့ ကြီးကြပ်ဆောင်ရွက်ကြစဉ်။ (မြို့နယ် ပြန်/ဆက်)

ကုန်ကျစရိတ်သက်သာသည့် တီကျစ်သဘာဝမြေဩဇာများ တောင်သူများ တွင်ကျယ်စွာ ထုတ်လုပ်သုံးစွဲလာကြပြီ

➤ သတင်းခရီးသည်-မြင့်မောင်စိုး ➤ ဓာတ်ပုံမှတ်တမ်း-အောင်သန်း(မင်္ဂလာတောင်ညွန့်) ➤ စာမျက်နှာပွဲ့စည်းမှု-ခင်သန္တာသိန်း (မြန်မာ့အလင်း)

နေပြည်တော် မေ ၂၈

မျက်မှောက်ခေတ်တွင် ဟင်းသီးဟင်းရွက်နှင့် ကောက်ပဲသီးနှံများ အထွက်တိုးစေရန် ဓာတ်မြေဩဇာနှင့် ဓာတုပိုးသတ်ဆေးများ သုံးစွဲမှုများလာခြင်းကြောင့် ဘေးထွက်ဆိုးကျိုးများ ဖြစ်ပေါ်

"တီကျစ်မြေဩဇာ ထုတ်လုပ်ခြင်းဟာ တောင်သူများအတွက် ရေရှည်အကျိုးဖြစ်ထွန်းစေမှာ ဖြစ်ပါတယ်"

ဒေါ်အေးအေးနွယ်
ဒုတိယကြီးကြပ်ရေးမှူး။

လာပြီး လူသားတို့အား ရောဂါအမျိုးမျိုး ရရှိစေလျက်ရှိသည်။

နည်းလမ်းများရှာကြံ

ဤအချက်ကို သိရှိလာခြင်းကြောင့် စိုက်ပျိုးရေးသိပ္ပံပညာရှင်တို့က ဓာတ်မြေဩဇာနှင့် ဓာတုပိုးသတ်ဆေးများ ကင်းလွတ်သည့် အော်ဂဲနစ် သစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက်များ စိုက်ပျိုးထုတ်လုပ်သွားရန် တီထွင်ကြံဆ နည်းလမ်းများ ရှာကြံလာကြသည်။

စိုက်ပျိုးရေး သိပ္ပံပညာရှင်တို့၏ အကောင်းဆုံးသုတေသနပြု လေ့လာတွေ့ရှိချက်များအရ ထုတ်လုပ်မှု ကုန်ကျစရိတ်သက်သာသည့် တီကောင်များ အုတ်ကန်ဖြင့် မွေးမြူပြီး တီကောင်များမှ စွန့်ထုတ်လိုက်သော တီကျစ်သဘာဝမြေဩဇာနှင့် တီဆေးရည်တို့ကို ထုတ်လုပ်သုံးစွဲသင့်ကြောင်း လေ့လာတွေ့ရှိခဲ့ကြသည်ဟု ဆို၏။

အလေးထားစိုက်ပျိုး

ကမ္ဘာ့ဖွံ့ဖြိုးပြီး နိုင်ငံအသီးသီးတွင် ဓာတ်မြေဩဇာနှင့် ပိုးသတ်ဆေးများ အလွန်အကျွံသုံးစွဲခြင်းကြောင့် ဖြစ်ပေါ်လာသော ဘေးထွက်ဆိုးကျိုးများကို သိရှိလာသည်နှင့်အမျှ ဓာတုလွတ် သစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက်များကို ရွေးချယ်စားသုံးလာကြချိန်တွင် စိုက်ပျိုးသူ တောင်သူများအနေဖြင့်လည်း သဘာဝမြေဩဇာများ ထုတ်လုပ်အသုံးပြုစိုက်ပျိုးခြင်းကိုသာ အလေးထား စိုက်ပျိုးနေကြပြီဖြစ်သည်။

ရန်ကုန်တိုင်း လှည်းကူးမြို့နယ် ဟင်းသီးဟင်းရွက်၊ သစ်သီးဝလံ သုတေသနနှင့် ဖွံ့ဖြိုးရေးဗဟိုဌာန၌ တီကောင်များ မွေးမြူထားမှု မြင်ကွင်း….။



မြန်မာ့အလင်း သတင်းခရီးသည်တို့သည် မကြာမီက မန္တလေးတိုင်း ပျော်ဘွယ်မြို့နယ်၌ တီကောင်များမွေးမြူပြီး တီကျစ်သဘာဝမြေဩဇာများ ကျယ်ကျယ်ပြန့်ပြန့် ထုတ်လုပ်သုံးစွဲနေမှုများနှင့် ပတ်သက်၍ သွားရောက်လေ့လာခဲ့ကြသည်။

တိုးချဲ့လုပ်ကိုင်

"ကျွန်တော်တို့ ပျော်ဘွယ်မြို့နယ်မှာ ဌာနဆိုင်ရာများအနေဖြင့်ရော ပုဂ္ဂလိကတောင်သူများပါ တီကောင်ကန်များ တည်ဆောက်ပြီး တီကျစ်သဘာဝမြေဩဇာနဲ့ တီဆေးရည်တို့ကို ထုတ်လုပ်သုံးစွဲလျက်ရှိပါတယ်။ ဒီနှစ် မေလဆန်းအထိ တီကျစ်သဘာဝမြေဩဇာ ထုတ်လုပ်တဲ့ကန် ၂၄ကန် ရှိသွားပါပြီ။ ဆက်လက်ပြီးတော့လည်း တီကောင်ကန်များကို တိုးချဲ့လုပ်ကိုင်လျက်ရှိပါတယ်။ ဒေသခံတောင်သူများအနေနဲ့ ကုန်ကျစရိတ်သက်သာတဲ့ တီကျစ်သဘာဝမြေဩဇာ ထုတ်လုပ်မှုကို တစ်စတစ်စ တိုးချဲ့လုပ်ကိုင်လာကြတာ တွေ့ရပါတယ်"ဟု မြို့နယ်စိုက်ပျိုးရေးမန်နေဂျာ ဦးမျိုးမင်းက မြန်မာ့အလင်းသို့ ရှင်းပြသည်။

ရေရှည်အကျိုးအမြတ်ရရှိ

"တီကျစ်သဘာဝမြေဩဇာကို စပါး၊ ဝါ၊ နှမ်းနဲ့ ဟင်းသီးဟင်းရွက် စိုက်ခင်းတွေမှာ ထည့်သွင်းအသုံးပြုပါတယ်။ ပြီးခဲ့တဲ့နှစ်က ကျွန်တော်တို့ ပျော်ဘွယ်မြို့နယ်မှာ

"ကျွန်တော်တို့ ပျော်ဘွယ်မြို့နယ်မှာ တီကျစ်သဘာဝမြေဩဇာ ထုတ်လုပ်သုံးစွဲသူ များပြားလာရေး ကြိုးပမ်းဆောင်ရွက်နေပါတယ်"

ဦးမျိုးမင်း
မြို့နယ်စိုက်ပျိုးရေးမန်နေဂျာ။

တီကျစ်သဘာဝမြေဩဇာ ကီလို ၁၂၀၀၀ နဲ့ တီဆေးရည် ၂၁၉၅ လီတာ ထုတ်လုပ်သုံးစွဲနိုင်ခဲ့ပါတယ်။ ယခုလို ဓာတ်မြေဩဇာ ဈေးနှုန်းများ မြင့်တက်လာချိန်မှာ တီကျစ်သဘာဝမြေဩဇာ ထုတ်လုပ်သုံးစွဲခြင်းဟာ တောင်သူများအတွက် ရေရှည် အကျိုးအမြတ် ရရှိစေမှာဖြစ်ပါတယ်"ဟု ဦးမျိုးမင်းက ဆက်လက်ရှင်းပြသည်။

မြန်မာ့အလင်း သတင်းခရီးသည်တို့သည် မကြာမီက ရန်ကုန်တိုင်း လှည်းကူးမြို့နယ်ရှိ ဟင်းသီးဟင်းရွက်၊ သစ်သီးဝလံ သုတေသနနှင့် ဖွံ့ဖြိုးရေးဗဟိုဌာန (VER-DC) သို့ ရောက်ရှိခဲ့ရာ တီကျစ်သဘာဝမြေဩဇာထုတ်လုပ်ပုံများ လေ့လာသိရှိခွင့်ရခဲ့သည်။

"တီကောင်မွေးမြူရန်အတွက် အလျား ၁၀ ပေ၊ အနံ လေးပေ၊ အမြင့် သုံးပေရှိ အုတ်ကန်တစ်လုံး တည်ဆောက်ရပါမယ်။ အုတ်ကန်ပေါ်မှ အမိုး မိုးပေးဖို့လိုပါတယ်။ အုတ်ကန်အောက်ခြေမှာ အရည်များ စစ်နိုင်ဖို့အတွက် ကျောက် သို့မဟုတ် အုတ်ကျိုး တစ်လက်မခွဲခန့် ခင်းရပါမယ်။ ၄င်းအပေါ်မှ မြေဆွေး သို့မဟုတ် နွားချေး ခြောက်လက်မခန့် ထုရအောင် ခင်းပေးပါ။ ဒီအပေါ်မှ ဓားနဲ့စင်းထားတဲ့ ငှက်ပျောအူ၊ ပြောင်းရိုး၊ ဖရဲသီးခွံတို့ကို ခြောက်လက်မ ထုရအောင် ခင်းပေးရပါမယ်။ ဒီနည်းအတိုင်း မြေဆွေးနဲ့ နွားချေးတစ်လှာ၊ ငှက်ပျောအူ၊ ပြောင်းရိုး၊ ဖရဲသီးခွံတစ်လွှာ တစ်လှည့်စီ အုတ်ကန်ပြည့်တဲ့အထိ ထည့်ပြီး မွေးမြူမည့် တီကောင်များထည့်၍ အပေါ်မှ ဂုန်နီအိတ်အပေါက်ဖြင့် ဖုံးထားရပါမယ်"ဟု တီကောင်မွေးမြူခြင်းနှင့် ပတ်သက်၍ ဒုတိယကြီးကြပ်ရေးမှူး ဒေါ်အေးအေးနွယ်က ရှင်းပြသည်။

မွေးမြူနိုင်

တီကောင်အုတ်ကန်များအတွင်း မွေးမြူရန် အအေးပိုင်းအုပ်စု တီကောင်မျိုးနှင့် အပူပိုင်းအုပ်စု တီကောင်မျိုးဟူ၍

ရန်ကုန်တိုင်း လှည်းကူးမြို့နယ် ဟင်းသီးဟင်းရွက်၊ သစ်သီးဝလံ သုတေသနနှင့် ဖွံ့ဖြိုးရေးဗဟိုဌာနမှ တာဝန်ရှိသူများက ဒေသခံတောင်သူများအား တီကျစ်သဘာဝမြေဩဇာ ထုတ်လုပ်သုံးစွဲပုံနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားစဉ်။

ရှိကြောင်း၊ အအေးပိုင်းအုပ်စု တီကောင်များမှာ ဥရောပမျိုးများဖြစ်ပြီး အပူပိုင်းအုပ်စု တီကောင်များသည် အိန္ဒိယနှင့် အာဖရိကမျိုးများဖြစ်ကြောင်း၊ အုတ်ကန်တစ်ကန်လျှင် တီကောင်တစ်မျိုးမျိုးကို ကောင်ရေ ၂၅၀မှ ၁၀၀၀ အထိ မွေးမြူနိုင်ကြောင်း၊ ယင်းတီကောင်များကို တောင်သူများအနေဖြင့် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း မြို့နယ်မန်နေဂျာရုံးများ၌ ရရှိနိုင်ကြောင်း၊ တီကောင်များမွေးမြူပြီး သုံးလအကြာ လစဉ် တီကျစ်သဘာဝမြေဩဇာတစ်တန် (လှည်းသုံးစီးခန့်)နှင့် တီဆေးရည် ၁၂ ဂါလန် ရရှိမည်ဖြစ်ကြောင်း သိရသည်။

ထည့်သွင်းအသုံးပြု

တောင်သူတို့အနေဖြင့် မိမိတို့၏ အိမ်ခြံဝင်းများအတွင်း ကျွဲ၊ နွားများ စွန့်ပစ်သော အညစ်အကြေးများကို ကျင်းများတူးလျက် စွန့်ပစ်ထားကြသည်။ ယင်းကျင်းအတွင်း အခြားသော အမှိုက်သရိုက်များလည်း စွန့်ပစ်ကြသည်။ မိုးဦးကျသောအခါ ထိုနွားချေးနှင့် အမှိုက်သရိုက်များ၊ မြေဆွေးများကို မိမိတို့၏ လယ်ယာစိုက်ခင်းများအတွင်း သဘာဝမြေဩဇာများအဖြစ် ထည့်သွင်း အသုံးပြုနေကြသည်။

အထက်ဖော်ပြပါ တီကောင်များ စနစ်တကျမွေးမြူပြီး တီကျစ်သဘာဝမြေဩဇာထုတ်လုပ်မှုနှင့် လက်ရှိ တောင်သူဦးကြီးတို့ နွားချေး သဘာဝမြေဩဇာ ထုတ်လုပ်သုံးစွဲမှုနှင့် အလားသဏ္ဌာန်တူသည်။ သို့သော် တီကောင်များကို စနစ်တကျမွေးမြူခြင်းနှင့် မမွေးမြူခြင်းသာ ကွာခြားသည်။

တောင်သူတို့အနေဖြင့် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းက အကောင်အထည်ဖော် ဆောင်ရွက်နေသည့် တီကျစ်သဘာဝမြေဩဇာ ထုတ်လုပ်သုံးစွဲရေး စနစ်အတိုင်း တီကောင်များ အုတ်ကန်ဖြင့် စနစ်တကျ မွေးမြူခြင်းကြောင့် ဓာတ်မြေဩဇာများ ဝယ်ယူသုံးစွဲရမှု ကုန်ကျစရိတ်များ သက်သာလာမည်ဖြစ်၍ အကျိုးအမြတ်များ နှစ်ဆ၊ သုံးဆ တိုးလာနိုင်မည်ဖြစ်ကြောင်းတိုက်တွန်းရေးသားလိုက်ရပါသည်။ ။

(မြန်မာ့အလင်း)

မြောက်ပိုင်းဒေသများ၌ မိုးထစ်ချုန်းဖွယ်ရှိ

နေပြည်တော် မေ ၂၈

ယနေ့နံနက် ၉ နာရီခွဲအထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ လွန်ခဲ့သော၂၄ နာရီအတွင်းက ကရင်ပြည်နယ်တွင် နေရာကွက်ကျား၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ပဲခူးတိုင်းနှင့် ရန်ကုန်တိုင်းတို့တွင် နေရာကျဲကျဲ၊ မွန်ပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်းနှင့် ဧရာဝတီတိုင်းတို့တွင် နေရာစိပ်စိပ်၊ ကချင်ပြည်နယ်နှင့် တနင်္သာရီတိုင်းတို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာခဲ့ပြီး ရန်ကုန်တိုင်းတွင် နေရာကွက်၍ မိုးကြီးခဲ့ကာ ကျန်ဒေသများတွင် တိမ်အသင့်အတင့် ဖြစ်ထွန်းခဲ့သည်။ နေ့အပူချိန်များမှာ ရှမ်းပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် မေလ၏ ပျမ်းမျှအပူချိန်တို့ထက် ၃ ဒီဂရီစင်တီဂရိတ်မှ ၅ ဒီဂရီစင်တီဂရိတ်အထိပိုခဲ့ပြီး မကွေးတိုင်းနှင့် ပဲခူးတိုင်းတို့တွင် မေလ၏ ပျမ်းမျှအပူချိန်တို့အောက် ၃ ဒီဂရီစင်တီဂရိတ်မှ ၅ ဒီဂရီစင်တီဂရိတ်အထိ၊ စစ်ကိုင်းတိုင်းအထက်ပိုင်းတွင် မေလ၏ ပျမ်းမျှအပူချိန်တို့အောက် ၆ ဒီဂရီစင်တီဂရိတ် လျော့နည်းခဲ့ကာ ကျန်ပြည်နယ်နှင့် တိုင်းတို့တွင် မေလ၏ ပျမ်းမျှအပူချိန်ခန့်သာရှိခဲ့သည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ အားအသင့်အတင့်မှ အားကောင်းနေသည်။

မေ ၂၉ ရက် ညနေအထိခန့်မှန်းချက်မှာ ကချင်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် တနင်္သာရီတိုင်းတို့တွင် နေရာအနှံ့အပြား ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ပဲခူးတိုင်း၊ ရန်ကုန်တိုင်းနှင့် ဧရာဝတီတိုင်းတို့တွင်နေရာစိပ်စိပ်၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်နှင့် စစ်ကိုင်းတိုင်းအထက်ပိုင်းတို့တွင် နေရာကျဲကျဲနှင့် ကျန်ဒေသများတွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မြန်မာပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ မြန်မာနိုင်ငံမြောက်ပိုင်းဒေသများတွင် ထစ်ချုန်းမည့်အခြေအနေများ ဖြစ်ပေါ်နိုင်သည်။

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

ဇွန်လ ပထမရက်သတ္တပတ်ကုန် ရက်များအတွက် မိုးလေဝသခန့်မှန်းချက်မှာ လာမည့် သီတင်းပတ်ကုန်ရက်များအတွင်း နေပြည်တော်၊ ရန်ကုန်တိုင်းနှင့် မန္တလေးတိုင်းတို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၂၉-၅-၂၀၁၀ (စနေနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော် ယောဆရာတော် ဟောကြားတော်မူသော ဥပ္ပါတသန္တိပါဠိတော်
- ၇:၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
- ၇:၃၀ ၃။ နံနက်ခင်းသတင်း
- ၇:၄၀ ၄။ အောင်တော်မူ (စောမင်းနောင်၊စိုင်းညီမင်း၊ တေးရေး-ဗိုလ်ကလေး တင့်အောင်)
- ၇:၅၅ ၅။ သာယာချိုအေး မင်္ဂလာတေး
- ၈:၀၅ ၆။ ကဗျာပန်းဥယျာဉ်
- ၈:၂၀ ၇။ အကပြိုင်ပွဲ
- ၈:၂၅ ၈။ တေးဂီတအစီအစဉ်
- ၈:၄၀ ၉။ International News
- ၈:၄၅ ၁၀။ ကုသမနေး တီဘီဘေး
- ၉:၀၀ ၁၁။ အစီအစဉ်ပြီး၏။

နေ့လယ်ပိုင်း

- ၁၁:၀၀ ၁။ စစ်သည်တေး
- ၁၁:၁၀ ၂။ တေးဂီတအစီအစဉ်
- ၁၁:၂၅ ၃။ ချစ်စရာ့အရွယ် ကစားကြမယ်
- ၁၁:၅၀ ၄။ Yan Can Cook
- ၁၂:၂၀ ၅။ နိုင်ငံခြားဇာတ်လမ်းတွဲ **မပြယ်သော ချစ်ခြင်း မနွမ်းသော မေတ္တာ** (အပိုင်း-၁၁)
- ၁၃:၂၀ ၆။ ရှင်နှောင်း ကျောင်းရောက်ပြီ
- ၁၃:၃၅ ၇။ ရောင်စုံရေးသီ တေးပန်းချီ
- ၁၃:၅၀ ၈။ **ရှမ်းပြည်နယ်(မြောက်ပိုင်း)မှ ဖြစ်ထွန်းစီးပွားစိုက်ပျိုးရေး လုပ်ငန်းများ**
- ၁၄:၀၅ ၉။ မြူးမြူးကြွကြွ ယဉ်ကျေးမှုအက
- ၁၄:၁၅ ၁၀။ အတီးပြိုင်ပွဲ
- ၁၄:၄၀ ၁၁။ ပြည်ထောင်စု တိုင်းရင်းသားရိုးရာအက
- ၁၄:၄၅ ၁၂။ **မျှော်သူမမောစေချင်**
- ၁၄:၅၀ ၁၃။ International News
- ၁၅:၀၀ ၁၄။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၃:၄၅ ၁။ Myanmar National League MNL CUP (2010) ဘောလုံးပြိုင်ပွဲ တိုက်ရိုက်ထုတ်လွှင့်မှု အစီအစဉ် (နေပြည်တော် F.C နှင့် မနောမြေ F.C)
- ၅:၄၅ ၂။ တေးဂီတအစီအစဉ်
- ၆:၀၀ ၃။ ညနေခင်းသတင်း
- ၆:၁၅ ၄။ မိုးလေဝသအခြေအနေ
- ၆:၂၀ ၅။ **အလှုရှာမယ် လှကမ္ဘာဝယ်**
- ၆:၃၅ ၆။ **ယဉ်တစ်ကိုယ်မယ်** (အေးချမ်းမိုး) (ဒါရိုက်တာ-ခေတ်ဘုန်းမို)
- ၇:၀၀ ၇။ နိုင်ငံခြားဇာတ်လမ်းတွဲ **ချစ်မိတာခွင့်လွှတ်ပါ** (အပိုင်း-၁၁)
- ၈:၀၀ ၈။ ပြည်တွင်းသတင်း
- ၉။ နိုင်ငံတကာသတင်းများ
- ၁၀။ မိုးလေဝသအခြေအနေ
- ၁၁။ ကာတွန်းအစီအစဉ် **တောကောင်ငယ် သိုင်းညီနောင်လေးများ** (အပိုင်း-၂၈)
- ၁၂။ နိုင်ငံခြားဇာတ်လမ်းတွဲ **အရွယ်လွန်ချစ်အိပ်မက်** (အပိုင်း-၁၁)
- ၁၃။ ဂီတတံခါးလေးဖွင့်ပါဦး
- ၁၄။ အစီအစဉ်ပြီး၏။

29-5 (07).pmd 1 5/29/2010, 1:33 AM

ခေတ်သစ်ပြည်သူ့ပါတီ အား
နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုခြင်း

နေပြည်တော် မေ ၂၈

ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်က ကြေညာချက်အမှတ် (၆၂/၂၀၁၀)ကို ယနေ့ရက်စွဲဖြင့် ထုတ်ပြန်ကြေညာလိုက်သည်။

အဆိုပါ ကြေညာချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည် -

ပြည်ထောင်စုမြန်မာနိုင်ငံတော်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်
နေပြည်တော်

ကြေညာချက်အမှတ် (၆၂/၂၀၁၀)
၁၃၇၂ ခုနှစ်၊ နယုန်လပြည့်ကျော် ၁ ရက်
(၂၀၁၀ပြည့်နှစ်၊ မေလ ၂၈ ရက်)

ခေတ်သစ်ပြည်သူ့ပါတီ (Modern People Party) အား
နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုခြင်း

ရန်ကုန်တိုင်း၊ ကျောက်တံတားမြို့နယ်၊ (၈)ရပ်ကွက်၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ ၃၉လမ်းနှင့် လမ်း ၄၀ ကြား၊ အမှတ် ၂၅၅(ဒုတိယထပ်/ဘီ) တွင် ပါတီရုံးချုပ် ဖွင့်လှစ်ထားရှိသော ခေတ်သစ်ပြည်သူ့ပါတီ (Modern People Party) အား ၂၀၁၀ ပြည့်နှစ်၊ မေလ ၂၈ ရက်နေ့မှစ၍ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေပုဒ်မ ၉ နှင့်အညီ မှတ်ပုံတင်ခွင့်ပြုလိုက်ကြောင်း ကြေညာအပ်ပါသည်။

ခေတ်သစ်ပြည်သူ့ပါတီ (Modern People Party) ၏ မှတ်ပုံတင်အမှတ်မှာ (၂၃) ဖြစ်ပါသည်။

အမိန့်အရ
(ပုံ) ဝင်းကို
အတွင်းရေးမှူး
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ပြည်ထောင်စုဒီမိုကရေစီပါတီအား
နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုခြင်း

နေပြည်တော် မေ ၂၈

ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်က ကြေညာချက်အမှတ် (၆၃/၂၀၁၀)ကို ယနေ့ရက်စွဲဖြင့် ထုတ်ပြန်ကြေညာလိုက်သည်။

အဆိုပါ ကြေညာချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည် -

ပြည်ထောင်စုမြန်မာနိုင်ငံတော်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်
နေပြည်တော်

ကြေညာချက်အမှတ် (၆၃/၂၀၁၀)
၁၃၇၂ ခုနှစ်၊ နယုန်လပြည့်ကျော် ၁ ရက်
(၂၀၁၀ပြည့်နှစ်၊ မေလ ၂၈ ရက်)

ပြည်ထောင်စုဒီမိုကရေစီပါတီ (Union Democratic Party) အား
နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုခြင်း

ရန်ကုန်တိုင်း၊ ဗဟန်းမြို့နယ်၊ ဆရာစံမြောက်အနောက်ရပ်ကွက်၊ ဦးချစ်မောင်လမ်း၊ အမှတ် ၁၂၃ (ဘီ/၃)တွင် ပါတီရုံးချုပ် ဖွင့်လှစ်ထားရှိသော ပြည်ထောင်စုဒီမိုကရေစီပါတီ (Union Democratic Party) အား ၂၀၁၀ ပြည့်နှစ်၊ မေလ ၂၈ ရက်နေ့မှစ၍ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေပုဒ်မ ၉ နှင့်အညီ မှတ်ပုံတင်ခွင့်ပြုလိုက်ကြောင်း ကြေညာအပ်ပါသည်။

ပြည်ထောင်စုဒီမိုကရေစီပါတီ (Union Democratic Party) ၏ မှတ်ပုံတင်အမှတ်မှာ (၂၄) ဖြစ်ပါသည်။

အမိန့်အရ
(ပုံ) ဝင်းကို
အတွင်းရေးမှူး
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

နိုင်ငံတော်၏ ဦးတ...
လုပ်ငန်းဆောင်ရွက်...

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန လုပ်ငန်းညှိ... ခန်းမ၌ကျင်းပရာ ဝန်ကြီး ဦးလှထွန်း တက်ရော...

ရှင်းလင်းတင်ပြ

ထို့နောက် ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနရှိ ဦးစီးဌာနနှင့် လုပ်ငန်းများမှ ညွှန်ကြားရေးမှူးချုပ်များနှင့် ဦးဆောင်ညွှန်ကြားရေးမှူးများက ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ်အတွင်း လုပ်ငန်းလျာထားရည်မှန်းချက်အပေါ် ဆောင်ရွက်ပြီးစီးမှု အခြေအနေများ၊ ဘဏ္ဍာနှစ်သစ်တွင် တိုးချဲ့ဆောင်ရွက်မည့် လုပ်ငန်းအစီအမံများကိုလည်းကောင်း၊ မြန်မာ့စီးပွားရေးဘဏ်မှ ပြည်နယ်၊ တိုင်းမန်နေဂျာများက ဒေသအလိုက် ငွေရေးကြေးရေးနှင့် ဘဏ် လုပ်ငန်းဆောင်ရွက်မှု အခြေအနေများ၊ ဆက်လက်... များကိုလည်း... များဦးစီးဌာ... ဦးစီးဌာနမှ... လုပ်ငန်းလျာ... ပြီးစီးမှုအ... ဆောင်ရွက်... ကောင်း...

ယင်း... ဦးလှသိန်... တင်ပြချက်... ရှင်းလင်း...

အ...

ထို့နေ...

ကာကွယ်ရေးဦးစီးချုပ်(လေ) တံခွန်စိုက်ဒိုင်း ပိုက်ကျော်ခြင်းပြိုင်ပွဲ ဆုချီးမြှင့်ပွဲ ကျင်းပ

ရန်ကုန် မေ ၂၈

၂၀၁၀ခုနှစ် ကာကွယ်ရေးဦးစီးချုပ်(လေ) တံခွန်စိုက်ဒိုင်း ပိုက်ကျော်ခြင်း ပြိုင်ပွဲ ဆုပေးပွဲကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်း မင်္ဂလာဒုံတပ်နယ် တပ်မတော်(လေ) စုပေါင်းရိပ်သာ၌ကျင်းပရာ ဆုရရှိသော အသင်းများအား တက်ရောက်လာကြသော အရာရှိကြီးများက ဆုများချီးမြှင့်ကြပြီး သုံးယောက်တွဲပြိုင်ပွဲ၌ တံခွန်စိုက်ဒိုင်းဆုရရှိသွားသော မြစ်ကြီးနား လေတပ်စခန်းဌာနချုပ်အသင်းအား ကာကွယ်ရေးဦးစီးချုပ်(လေ)ကိုယ်စား ဗိုလ်မှူးကြီးလွင်ဦးက ဆုပေးအပ်ချီးမြှင့်သည်။ **(အပေါ်ပုံ)** အဆိုပါ အခမ်းအနားသို့ မင်္ဂလာဒုံတပ်နယ်မှ အရာရှိကြီးများ၊ စစ်သည်များ၊ ဖိတ်ကြားထားသူများနှင့် ပြိုင်ပွဲဝင် အားကစားအသင်းများ တက်ရောက်ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြန်မာ့အလင်း ကျန်းမာရေးရာ သတင်းသုတ

ကောင်းမြတ်သူ - ရေးသားသည်

အသီးအရွက်စားသုံးမှု လွန်ကဲလျှင် ဘေးဥပဒ် ဖြစ်စေနိုင်

နယူးယောက် မေ ၂၈

တရုတ်အမျိုးသမီးတစ်ဦးသည် ဆီးချိုရောဂါ ပျောက်ချင်ဇောဖြင့် မုန်ညင်းစိမ်းရွက်များ အလွန်အကျွံ စားသုံးမိရာမှ မေ့မြောသွား၍ ဆေးရုံတင်ပို့ခဲ့ရကြောင်း နယူး အင်္ဂလန် ဆေးဂျာနယ်က ဖော်ပြထားသည်။

ကျဆင်းစေနိုင်

အဆိုပါ အမျိုးသမီးအား ဆရာဝန်များက စစ်ဆေးကြည့်ရာ ခန္ဓာကိုယ်ကြီးထွားမှုကို ထိန်းပေးသည့် သိုင်းရွိုက်ဒြပ်များ အလွန်များပြားနေကြောင်း တွေ့ရှိခဲ့သည်ဟုဆိုသည်။ ၎င်းအမျိုးသမီးသည် နေ့စဉ် မုန်ညင်းစိမ်း နှစ်ပေါင်မှ သုံးပေါင်အထိ စားသုံးခဲ့သည်။ ဟင်းသီးဟင်းရွက်တွင် တွေ့ရသော အင်ဇိုင်းတစ်မျိုးသည် သိုင်းရွိုက်ဒြပ် မှုလစွမ်းရည်သတ္တိကို ကျဆင်းစေနိုင်ကြောင်း ဆရာဝန်များက လက်ခံယုံကြည်ထားသည်။

ထို့ကြောင့် လူတို့အနေဖြင့် ဟင်းသီးဟင်းရွက်နှင့် အစားအစာများ စားသုံးရာတွင် တန်ဆေးလွန်ဘေးဆိုသည့်အတိုင်း ချင့်ချိန်စားသုံးရန် သတိပြုသင့်သည်။

စက်မှုလုပ်ငန်းသုံး ဓာတုဆေးများ ရင်သားကင်ဆာဖြစ်စေနိုင်



ကိုယ်ဝန်ဆောင်အမျိုးသမီးများအနေဖြင့် စက်မှုလုပ်ငန်းသုံး ဓာတုဆေးများကို ကိုယ်ဝန်ဆောင်စဉ်အတွင်း ကိုင်တွယ်ထိတွေ့မိပါက ကင်ဆာရောဂါဖြစ်လာနိုင်ကြောင်း သုတေသီများက လေ့လာတင်ပြထားသည်။

တင်ပြ

အဆိုပါ ဓာတုဗေဒဆေးများမှာ ဘစ်ဖီနောနှင့် ဒိုင်အီသိုင်းစတီဘက် စထရောတို့ဖြစ်သည်။ ကိုယ်ဝန်ဆောင်များအနေဖြင့် ယင်းဓာတုဗေဒဆေးများ ကိုင်တွယ်ထိတွေ့မိသည့်အခါ ရင်သားကင်ဆာ ဖြစ်လာစေနိုင်ကြောင်း နယူးဟေဗင်ဆေးတက္ကသိုလ်မှ ဒေါက်တာဟွတ်တေလာနှင့် အဖွဲ့က သုတေသနပြု တင်ပြခဲ့ခြင်းဖြစ်သည်။

ဘစ်ဖီနောသည် အားပျော့အက်စ်တိုဂျင်ဖြစ်ပြီး ဒိုင်အီသိုင်းစတီဘက် စထရောမှာ အားပြင်းအက်စ်တိုဂျင်ဖြစ်သည်။ ယင်းဓာတုဆေးများသည် ကိုယ်ဝန်ဆောင်စဉ်အတွင်း နို့တိုက်ဂလင်းများကို ထိခိုက်စေရာမှ ရင်သားကင်ဆာဖြစ်လာနိုင်ကြောင်း လေ့လာတွေ့ရှိခဲ့သည်။ *(အင်တာနက်)*

၂၀၁၀ခုနှစ် ဇွန်လပတ်အတွက် မိုးလေဝသနှင့် ဇလဗေဒ ခန့်မှန်းချက်

နေပြည်တော် မေ ၂၈

ဘင်္ဂလားပင်လယ်အော်အခြေအနေ

ဘင်္ဂလားပင်လယ်အော်တွင် လေဖိအားနည်းရပ်ဝန်းတစ်ကြိမ် ဖြစ်ပေါ်နိုင်ပြီး ပိုမိုအားကောင်းလာကာ မုန်တိုင်းငယ်အဖြစ်သို့ ရောက်ရှိနိုင်သည်။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ အားအသင့်အတင့်မှ အားကောင်းနိုင်သည်။

မိုးအခြေအနေ

ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ မန္တလေးတိုင်းနှင့် စစ်ကိုင်းတိုင်း အောက်ပိုင်းတို့တွင် ရွာသွန်းမြဲအောက်လျော့ကာ ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် ရွာသွန်းမြဲခန့် ရွာနိုင်သည်။

မြစ်ရေအခြေအနေ

၂၀၁၀ခုနှစ် ဇွန်လအတွင်း ဧရာဝတီမြစ်၊ ချင်းတွင်းမြစ်၊ သံလွင်မြစ်၊ စစ်တောင်းမြစ်၊ ဒုဋ္ဌဝတီမြစ်၊ ရွှေကျင်မြစ်နှင့် ပဲခူးမြစ်တစ်လျှောက်ရှိ မြို့များ၌ မြစ်ရေများသည် လက်ရှိရေမှတ်များ၏အထက် မြင့်တက်လာနိုင်သော်လည်း ယင်းမြို့များ၏ စိုးရိမ်ရေမှတ်အသီးသီးသို့ ရောက်နိုင်ဖွယ်ရာမရှိပါ။

၂၀၁၀ခုနှစ် ဇွန်လ ပထမ ၁၀ ရက်ပတ်အတွက် မိုးလေဝသနှင့် ဇလဗေဒခန့်မှန်းချက်

ဘင်္ဂလားပင်လယ်အော်အခြေအနေ

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ အားအသင့်အတင့်မှ အားကောင်းနိုင်သည်။

မိုးအခြေအနေ

မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရန်ကုန်တိုင်းတို့တွင် ရွာသွန်းမြဲထက်ပိုကာ ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် ရွာသွန်းမြဲခန့် ရွာနိုင်သည်။

မြစ်ရေအခြေအနေ

ဧရာဝတီမြစ်ရေသည် မြစ်ကြီးနားမြို့၊ ဗန်းမော်မြို့နှင့် ကသာမြို့တို့၌ ၂၁၀စင်တီမီတာ(ခုနစ်ပေခန့်)နှင့် မန္တလေးမြို့၊ စစ်ကိုင်းမြို့၊ ညောင်ဦးမြို့၊ ချောက်မြို့၊ မင်းဘူးမြို့၊ မကွေးမြို့၊ အောင်လံမြို့၊ ပြည်မြို့နှင့် ဟင်္သာတမြို့တို့တွင် ၁၅၀စင်တီမီတာ(ငါးပေခန့်)၊ လက်ရှိရေမှတ်များ၏အထက် မြင့်တက်လာနိုင်သည်။ ချင်းတွင်းမြစ်ရေသည် ခန္တီးမြို့နှင့် ဟုမ္မလင်းမြို့တို့၌ ၁၈၀စင်တီမီတာ (ခြောက်ပေခန့်)၊ မော်လိုက်မြို့၊ ကလေးဝမြို့နှင့် မုံရွာမြို့တို့၌ ၁၂၀စင်တီမီတာ (လေးပေခန့်)၊ လက်ရှိရေမှတ်များ၏အထက် မြင့်တက်လာနိုင်သည်။ **မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန။**

မိုးဦးကာလ သဘာဝဘေးအန္တရာယ်...
ရေယာဉ်များလုံခြုံရေးအတွက် ရေလမ်း...

ရန်ကုန် မေ ၂၈

မြန်မာနိုင်ငံရှိ မြစ်များ၏ ရေနည်းရာသီကာလကုန်ဆုံးပြီး ရေများရာသီသို့ စတင်ရော... ရွာသွန်းခြင်း၊ လေပြင်းများတိုက်ခတ်ခြင်းနှင့်အတူ မြစ်ရေများ မြင့်တက်လာမည်ဖြစ်သည်... ရှိသော သဲသောင်များ၊ ကျွန်းများ ရေမြုပ်၍ ရေမျှောပေါက်ဖြတ်လမ်းများ ဖြစ်ပေါ်လ...

ဂရုပြုမောင်းနှင်

မြစ်ရေတက်လာမှုပေါ်မူတည်၍ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုး... ခုတ်မောင်းသွားလာနိုင်ကြစေရန် လိုအပ်သော ရေလမ်းညွှန်အမှတ်အသားများကို ပြသထား... ရာသီဥတုဒဏ်ကြောင့် စိုက်ထူပြသထားသော အမှတ်အသားများ ပျက်စီးပျောက်ဆုံးနိုင်... ရေများချိန်ကာလ၌ ရေစီးသန်ခြင်း၊ ဝဲလှည့်ခြင်းများဖြစ်ပေါ်နိုင်သည်။ ရေအန... ခုတ်မောင်းခြင်း မပြုကြရန်နှင့် သတ်မှတ်ရေလမ်းအတိုင်း မိမိရေယာဉ်၏ စက်အားနှ... မြစ်ကူးတံတားကြီးများ၏ ရေလယ်တိုင်အဝင် ရေလမ်းကြောင်းများတွင် ရေယာဉ်... ပြသထားပြီး မဝင်ရမည့်အပေါက်၌ အနီရောင်ကြက်ခြေခတ် အမှတ်အသားပြသထားသည်... တံတားပေါင်ပေါ်မှ ပြသထားသည်။

ရေများချိန်တွင် မြစ်ကူးတံတားကြီးများ၏ ရေလယ်တိုင်အုတ်ခုံများမှာ ရေမြုပ်... ရေယာဉ်များ မြစ်ကူးတံတားရေလမ်းများသို့ ဝင်ရောက်ဖြတ်သန်းရာတွင် လုံလောက်... တက်မထိန်းစနစ်များကို ကြိုတင်စစ်ဆေးပြီးမှ ဖြတ်သန်းကြရန်နှင့် တံတားအဝင်ရေ... လိုအပ်သည်။ အထူးသဖြင့် နှစ်စင်းတွဲ တွန်းရေယာဉ်များအနေဖြင့် မိမိသယ်ဆောင်ဝန်အ... မည်ဖြစ်သည်။ မနိုင်ဝန်ကို သယ်ဆောင်ခြင်းမျိုး မပြုကြရန်နှင့် မြစ်ကူးတံတားကြီးမျာ... တွဲတစ်တွဲချင်းဖြင့်သာ ဖြတ်သန်းကြရန် လိုအပ်သည်။

သတိပေးနှိုးဆော်

ရာသီဥတုပြောင်းလဲမှုကြောင့် ရုတ်တရက် လေပြင်းတိုက်ခတ်မှုများနှင့် မိုးမှောင်က... မဖြစ်စေရေးအတွက် အထူးဂရုပြုမောင်းနှင်ကြရန်နှင့် လေပြင်းတိုက်ခတ်စဉ် ရေယာဉ်မျာ... ကြရန် ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ရေလမ်း...

နိုင်ငံတော်၏ ဦးတည်ချက်များ ပြည့်မီအောင်မြင်ရေးဆောင်ရွက်

လုပ်ငန်းဆောင်ရွက်မှုတိုင်း ထိရောက်ထက်မြက်နေရန် လိုအပ်

နေပြည်တော် မေ ၂၈

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယမန်နေ့နံနက်ပိုင်းက နေပြည်တော်ရှိ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ ဝန်ကြီး ဦးလှထွန်း တက်ရောက်အမှာစကားပြောကြားသည်။ (အပေါ်ပုံ)

ရှင်းလင်းတင်ပြ

ထို့နောက် ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနရှိ ဦးစီးဌာနနှင့် လုပ်ငန်းများမှ ညွှန်ကြားရေးမှူးချုပ်များနှင့် ဦးဆောင်ညွှန်ကြားရေးမှူးများက ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ်အတွင်း လုပ်ငန်းလျာထားရည်မှန်းချက်အပေါ် ဆောင်ရွက်ပြီးစီးမှု အခြေအနေများ၊ ဘဏ္ဍာနှစ်သစ်တွင် တိုးချဲ့ဆောင်ရွက်မည့် လုပ်ငန်းအစီအမံများကိုလည်းကောင်း၊ မြန်မာ့စီးပွားရေးဘဏ်မှ ပြည်နယ်၊ တိုင်းမန်နေဂျာများက ဒေသအလိုက် ငွေရေးကြေးရေးနှင့် ဘဏ်လုပ်ငန်းဆောင်ရွက်မှု အခြေအနေများ၊ ဆက်လက်ဆောင်ရွက်မည့် အစီအမံများကိုလည်းကောင်း၊ ပြည်တွင်းအခွန်များဦးစီးဌာနမှ ပြည်နယ်၊ တိုင်း အခွန်ဦးစီးဌာနမှူးများက ဒေသအလိုက် လုပ်ငန်းလျာထားချက်အပေါ် ဆောင်ရွက်ပြီးစီးမှုအခြေအနေများ၊ ဆက်လက်ဆောင်ရွက်မည့် အစီအမံများကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ဒုတိယဝန်ကြီး ဦးလှသိန်းဆွေက ဌာနအသီးသီး၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ရှင်းလင်းပြောကြားသည်။

အမှာစကားပြောကြား

ထို့နောက် ဝန်ကြီး ဦးလှထွန်းက နိဂုံးချုပ် အမှာစကားပြောကြားရာတွင် နိုင်ငံတော်၏ ဦးတည်ချက်များ ပြည့်မီအောင်မြင်စေရေး အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် ဌာနအသီးသီး၏ လုပ်ငန်းဆောင်ရွက်မှုတိုင်းသည် လစ်ဟွက် ဟာကွက်မရှိအောင် ထိရောက်ထက်မြက်စေရန်လိုအပ်ကြောင်း၊ ဌာနတာဝန်ခံ၊ ဒေသတာဝန်ခံများအနေဖြင့်လည်း နိုင်ငံတော်၏ ဦးတည်ချက်၊ ရည်မှန်းချက်၊ ဌာန၏တာဝန်နှင့် ရည်မှန်းချက်များကို အပြည့်အဝ တာဝန်ထမ်းဆောင်ကြရန်အတွက် အလေးအနက် ဦးဆောင်ကြိုးပမ်းသွားကြရန် လိုအပ်ကြောင်းဖြင့် မှာကြားပြီး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ရုပ်သိမ်းခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

Tharaphee Laminate Floor (ကိုရီးယား)

အီလက်ထရွန်နစ်နှင့် နေထိုင်မှုပြပွဲ ၂၀၁၀တွင် ပါဝင်ပြသ

ရန်ကုန် မေ ၂၈

ရန်ကုန်မြို့ ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌ မေ ၂၇ရက်မှ ၃၀ရက်အထိပြသမည့် အီလက်ထရွန်နစ်နှင့် နေထိုင်မှုပြပွဲ ၂၀၁၀တွင် သရဖီ ကိုရီးယားကြမ်းခင်းများကို ပြသလျက်ရှိသည်။

သက်သာ

Tharaphee Laminate Floor များကို အသုံးပြုခြင်းကြောင့် ကုန်ကျစရိတ်သက်သာပြီး ရေရှည်အသုံးပြုနိုင်သည်။ ထို့အပြင် အခြား Hard Wood Floor ခင်းခြင်းထက် ကုန်ကျစရိတ် သုံးပုံနှစ်ပုံ သက်သာသည်။ သေချာစွာ ထိန်းသိမ်းအသုံးပြုပါက နှစ်ပေါင်းများစွာ ခံနိုင်ရည်ရှိသည်။

ထို့ပြင် UV ဒဏ်ခံနိုင်ကာ ခရမ်းလွန်ရောင်ခြည်ဒဏ်မှ ကာကွယ်ပေးပြီး နေရောင်ခြည်ကြောင့် Laminate Floor များ အရောင်လွင့်မသွားကြောင်း၊ တပ်ဆင်ရာတွင် လွယ်ကူပြီး Laminate Floor ခင်းရာတွင် ကော်နှင့်သံမလိုအပ်ကြောင်း သိရသည်။

တင်သွင်းရောင်းချ

နှစ်ရှည်အသုံးပြုရာတွင် ခံနိုင်ရည်ရှိမှုအတွက် အာမခံရရှိနိုင်ခြင်း၊ ပြုပြင်ရလွယ်ကူခြင်း၊ အစားထိုးလွယ်ကူခြင်း၊ သန့်ရှင်းရေးပြုလုပ်ရာတွင် လွယ်ကူခြင်း၊ ကျုံ့ကြွမှုမရှိခြင်း၊ အသံလုံခြင်း၊ မိမိကြိုက်နှစ်သက်ရာ Design များကို ရွေးချယ်နိုင်ခြင်းစသည့် အကျိုးကျေးဇူးများကို ရရှိနိုင်သည်။ ၈ ဒသမ ၃ မီလီမီတာနှင့် ၁၂ ဒသမ ၃ မီလီမီတာ Laminate Floor များကို ၁၅နှစ် အာမခံဖြင့် တင်သွင်းဖြန့်ချိရောင်းချလျက်ရှိပြီး ''A''Grade တစ်မျိုးတည်းသာ တင်သွင်းရောင်းချလျက်ရှိသည်။

ဝယ်ယူသုံးစွဲလိုသူများသည် အမှတ်(ခ) (၃၊ ၄၊ ၅) သစ္စာလမ်းမကြီးကံဘဲ့ ရန်ကင်းမြို့နယ် အမှတ် ၃၄၉ (ဘီ) ဧယျာခေမာလမ်း ရှစ်မိုင် မရမ်းကုန်းမြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၉-၅၁-၁၅၅၀နှင့် ၀၉-၅၁-၃၄၆၁၄ တို့သို့ ဆက်သွယ်မှာယူနိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**

အီလက်ထရွန်နစ်နှင့် နေထိုင်မှုပြပွဲ (၂၀၁၀)တွင် သရဖီ ကိုရီးယားကြမ်းခင်းပြခန်းကို ပြသထားစဉ်။ (သတင်းစဉ်)

သစ်တောဦးစီးဌာန ပြည်နယ်နှင့်တိုင်း လုပ်ငန်းစွမ်းဆောင်ရည်ဆုချီးမြှင့်ပွဲ

သစ်တောရေးရာဝန်ကြီး ဦးသိန်းအောင် တက်ရောက်အားပေး

နေပြည်တော် မေ ၂၈

သစ်တောရေးရာ ဝန်ကြီးဌာန သစ်တောဦးစီးဌာန ပြည်နယ်နှင့်တိုင်း လုပ်ငန်းစွမ်းဆောင်ရည် ဆုချီးမြှင့်ပွဲ အခမ်းအနားကို ယနေ့နံနက် ၈နာရီတွင် နေပြည်တော်ရှိ သစ်တောဦးစီးဌာနရုံးချုပ် အင်ကြင်းခန်းမ၌ ကျင်းပရာ သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဦးသိန်းအောင် တက်ရောက်အားပေးသည်။

စွမ်းဆောင်ရည်ဆု

ရှေးဦးစွာ သစ်တောဦးစီးဌာန ခေတ္တညွှန်ကြားရေးမှူးချုပ် ဦးအေးမြင့်မောင်က ဆုချီးမြှင့်ပွဲကျင်းပရခြင်းနှင့် ၂၀၀၉-၂၀၁၀ ဘဏ္ဍာနှစ်အတွက် လုပ်ငန်းစွမ်းဆောင်ရည်ဆုများ ရွေးချယ်ခဲ့ပုံတို့ကို ရှင်းလင်းတင်ပြသည်။

ဆုချီးမြှင့်

ဆက်လက်၍ ဝန်ကြီးက လုပ်ငန်းစွမ်းဆောင်ရည် ပထမဆုရ ပဲခူးတိုင်း(အရှေ့) ညွှန်ကြားရေးမှူး ဦးဝင်းမောင်၊ ဒုတိယဆုရ ပဲခူးတိုင်း(အနောက်) ဒုတိယညွှန်ကြားရေးမှူး ဦးအောင်သန်းဝင်းနှင့် တတိယဆုရ မန္တလေးတိုင်း ညွှန်ကြားရေးမှူး ဦးဇော်ဝင်း(၅)တို့အား ဆုများပေးအပ်ချီးမြှင့်ပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

သစ်တောရေးရာ ဝန်ကြီးဌာန ဝန်ကြီး ဦးသိန်းအောင် သစ်တောရေးရာဝန်ကြီးဌာန သစ်တောဦးစီးဌာန ပြည်နယ်နှင့်တိုင်း လုပ်ငန်းစွမ်းဆောင်ရည်ဆု ရရှိသူတစ်ဦးအား ဆုချီးမြှင့်စဉ်။ (သတင်းစဉ်)

မုန်တိုင်းအန္တရာယ် ကြိုတင်ကာကွယ်ရေး သတိပေးနှိုးဆော်ချက်

ယခုအချိန်အခါသည် ပူပြင်းပြီး မိုးကြိုကာလဖြစ်သည်နှင့်အညီ ဘင်္ဂလားပင်လယ်အော်နှင့် မြန်မာ့ပင်လယ်ပြင်တို့တွင် လေဖိအားနည်းရပ်ဝန်းများ၊ မုန်တိုင်းများ ဖြစ်ပေါ်လေ့ရှိပါသည်။ မြန်မာ့ကမ်းရိုးတန်းကို ဖြတ်ကျော်ဝင်ရောက်သည့် မုန်တိုင်းဘေးအန္တရာယ်ကြောင့် ပျက်စီးဆုံးရှုံးမှုဖြစ်စေနိုင်ပါသည်။

သို့ဖြစ်၍ မုန်တိုင်းဘေးအန္တရာယ်ကြောင့် မလိုလားအပ်သော အကျိုးဆက်များမဖြစ်ပေါ်စေရန် အောက်ပါအချက်အလက်များကို လိုက်နာကြရန် နှိုးဆော်အပ်ပါသည်-

(၁) တီဗွီ၊ ရေဒီယိုနှင့် FM ရေဒီယိုများမှ ထုတ်လွှင့်သော ''မုန်တိုင်းသတင်း''နှင့် ''မုန်တိုင်းသတိပေးချက်''များကို ကိုယ်တိုင်ဂရုတစိုက် ကြည့်ရှုနားထောင်ပါ၊ ကောလာဟလသတင်းများကို မယုံကြည်ပါနှင့်။

(၂) ဘင်္ဂလားပင်လယ်အော်တွင် မုန်တိုင်းဖြစ်ပေါ်၍ မြန်မာနိုင်ငံအတွက် အန္တရာယ်မရှိပါက ''မုန်တိုင်းသတင်း''အဖြစ် ထုတ်ပြန်ကြေညာပြီး မြန်မာနိုင်ငံဘက်ဆီသို့ ဦးတည်တိုက်ခတ်မည်ဆိုပါက ''မုန်တိုင်းသတိပေးချက်''အဖြစ် ထုတ်ပြန်ကြေညာလျက်ရှိပါသဖြင့် သတင်းထုတ်ပြန်ချက်များကို သေချာစွာ ဂရုပြုနားထောင်ပါ။

(၃) မုန်တိုင်းသတိပေးချက်အရ မိမိတို့နေထိုင်ရာဒေသသို့ အင်အားပြင်းထန်သည့် မုန်တိုင်း ဖြတ်သန်းဝင်ရောက်နိုင်ပါက မိမိ မိသားစုဝင်များအား ဘေးကင်းရာသို့ အမြန်ဆုံးရောက်နိုင်မည့်လမ်းကို အသုံးပြု၍ ကြိုတင်ရှောင်ရှားပါ။ အရေးကြီးပစ္စည်းများနှင့် ရေဒီယို၊ ဓာတ်မီး၊ သောက်ရေ၊ ကြာရှည်ခံအစားအစာ၊ ဆေးဝါး၊ မိမိပိုင် ကျွဲ၊ နွားများကို ယူဆောင်သွားနိုင်ရန် စီစဉ်ထားပါ။

(၄) ပင်လယ်ပြင် ငါးဖမ်းထွက်သူများ၊ နယ်ဝေးခရီးရှည် ထွက်ခွာသူများကိုလည်း မုန်တိုင်းသတိပေးချက် သိရှိနိုင်ရန် ဆက်သွယ်သတင်းပို့ပါ။

(၅) ကလေးသူငယ်များ၊ နာမကျန်းသူများနှင့် သက်ကြီးရွယ်အိုများကို ဘေးလွတ်ရာသို့ ခေါ်ဆောင်သွားနိုင်ရေး ဆောင်ရွက်ပါ။

(၆) ပျက်စီးဆုံးရှုံးနိုင်သော ပစ္စည်းများကို လုံခြုံစိတ်ချရသောနေရာတွင် စနစ်တကျ ထုပ်ပိုးသိမ်းဆည်းထားပါ။

(၇) မုန်တိုင်းဝင်ရောက်တိုက်ခတ်ချိန်တွင် မုန်တိုင်းဘေးလွတ်ကင်းနိုင်သည့် ခိုလှုံရာနေရာ၌ မိမိမိသားစုဝင်များအားလုံး ပြင်ပသို့ မထွက်ဘဲ နေထိုင်ပါ။ မိမိခိုလှုံသည့် အဆောက်အအုံသည် ပြိုကျနိုင်ပါက ခိုင်ခံ့သည့် စားပွဲ၊ ခုတင်များ၏အောက်တွင် ခိုလှုံနေထိုင်ပါ။

(၈) မုန်တိုင်းအန္တရာယ် ကင်းရှင်းကြောင်း သက်ဆိုင်ရာမှ ထုတ်ပြန်ချက်ရရှိမှသာ အဆောက်အအုံပြင်ပသို့ထွက်ပါ။ မိမိ မိသားစုဝင်များ ထိခိုက်မှုရှိပါက ဆေးကုသမှုခံယူပါ။

(၉) သက်ဆိုင်ရာမှ ထုတ်ပြန်သည့်သတင်းနှင့် အကြံပြုချက်များကိုသာ ယုံကြည်ပြီး လိုက်နာဆောင်ရွက်ပါ။

(၁၀) မုန်တိုင်းတိုက်ခတ်ပြီးချိန်တွင် အပျက်အစီးများကို တာဝန်မရှိဘဲ လှည့်လည်ကြည့်ရှုခြင်း မပြုလုပ်ပါနှင့်။ ပြတ်ကျနေသော လျှပ်စစ်မီးကြိုးများကို မထိမိစေရန် ရှောင်ရှား၍ နီးစပ်ရာလျှပ်စစ်ရုံးသို့ အကြောင်းကြားပါ။

(၁၁) ဝမ်းရောဂါကျရောက်တတ်သဖြင့် ရေကိုကျိုချက်၍သောက်ပါ။ အအေးမိဖျားနာခြင်း မဖြစ်စေရန် နွေးထွေးစွာနေပါ။

အမျိုးသားသဘာဝဘေးကာကွယ်စောင့်ရှောက်ရေးဗဟိုကော်မတီ

...ကာလ သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးနှင့် ...းလုံခြုံရေးအတွက် ရေလမ်းသတိပေးနှိုးဆော်ချက်ထုတ်ပြန်

ရန်ကုန် မေ ၂၈

...ား၏ ရေနည်းရာသီကာလကုန်ဆုံးပြီး ရေများရာသီသို့ စတင်ရောက်ရှိပြီဖြစ်၍ မုတ်သုံရာသီအစ မိုးဦးကာလများတွင် မိုးသည်းထန်စွာ ...းတိုက်ခတ်ခြင်းနှင့်အတူ မြစ်ရေများ မြင့်တက်လာမည်ဖြစ်သည်။ မြစ်ရေ မြင့်တက်လာခြင်းကြောင့် ရေနည်းချိန်ကာလများတွင် ...ကျွန်းများ ရေမြုပ်၍ ရေမွှာပေါက်ဖြတ်လမ်းများ ဖြစ်ပေါ်လာမည်ဖြစ်သည်။

ဂရုပြုမောင်းနှင်

...ပေါ်မှုတည်၍ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် ရေယာဉ်များ အန္တရာယ်ကင်းရှင်းစွာ ...စေရန် လိုအပ်သော ရေလမ်းညွှန်အမှတ်အသားများကို ပြသထားမည်ဖြစ်၍ အလေးထားလိုက်နာကြရန် လိုအပ်သည်။ တစ်ခါတစ်ရံ ...က်ထူပြသထားသော အမှတ်အသားများ ပျက်စီးပျောက်ဆုံးနိုင်သဖြင့် ရေယာဉ်များအနေဖြင့် ဂရုပြုမောင်းနှင်ကြရမည်ဖြစ်သည်။ ... ရေစီးသန်ခြင်း၊ ဝဲလှည့်ခြင်းများဖြစ်ပေါ်နိုင်သည်။ ရေအနက်မလုံလောက်သည့် ရေမွှာပေါက်ဖြတ်လမ်းများကို အသုံးပြု...ရန်နှင့် သတ်မှတ်ရေလမ်းအတိုင်း မိမိရေယာဉ်၏ စက်အားနှင့်ရေစီးနှုန်းကို ချင့်ချိန်၍ ဂရုပြုမောင်းနှင်ကြရန် လိုအပ်သည်။ ...များ၏ ရေလယ်တိုင်အဝင် ရေလမ်းကြောင်းများတွင် ရေယာဉ်များ ဝင်ရောက်ရမည့်အပေါက်၌ အစိမ်းရောင်တြိဂံအမှတ်အသား ...ပေါက်၌ အနီရောင်ကြက်ခြေခတ် အမှတ်အသားပြသထားသည်။ ရေမြုပ်နေသည့် ရေလယ်တိုင်အုတ်ခုံများကို အနီရောင်မြားဖြင့် ...ထားသည်။

...မြစ်ကူးတံတားကြီးများ၏ ရေလယ်တိုင်အုတ်ခုံများမှာ ရေမြုပ်နေပြီဖြစ်ပြီး ရေလယ်တိုင်နှစ်ခုကြား၌ ရေစီးသန်မည်ဖြစ်သဖြင့် ...တားရေလမ်းများသို့ ဝင်ရောက်ဖြတ်သန်းရာတွင် လုံလောက်သော အကွာအဝေးမှ ချဉ်းကပ်လမ်းကြောင်းမှန်ရယူ၍ စက်နှင့် ...ကြိုတင်စစ်ဆေးပြီးမှ ဖြတ်သန်းကြရန်နှင့် တံတားအဝင်ရေလမ်းများ၌ ရေယာဉ်နှစ်စင်း ယှဉ်ပြိုင်ခုတ်မောင်းခြင်းမပြုကြရန် ...င် နှစ်စင်းတွဲ တွန်းရေယာဉ်များအနေဖြင့် မိမိသယ်ဆောင်ဝန်အားနှင့် စက်အားကို အထူးချင့်ချိန်တွက်ဆ၍ ဂရုပြုမောင်းနှင်ကြရ...ကို သယ်ဆောင်ခြင်းမျိုး မပြုကြရန်နှင့် မြစ်ကူးတံတားကြီးများကို ဖြတ်သန်းရာတွင် တွဲနှစ်တွဲဖြင့် ဖြတ်သန်းခြင်း မပြုလုပ်ဘဲ ...ဖြတ်သန်းကြရန် လိုအပ်သည်။

သတိပေးနှိုးဆော်

...မှုကြောင့် ရုတ်တရက် လေပြင်းတိုက်ခတ်မှုများနှင့် မိုးမှောင်ကျမှုများ ဖြစ်ပေါ်သည့်အခါ ရေယာဉ်များအနေဖြင့် ဘေးအန္တရာယ် ...းဂရုပြုမောင်းနှင်ကြရန်နှင့် လေပြင်းတိုက်ခတ်စဉ် ရေယာဉ်များလိုက်နာရမည့် နည်းဥပဒေများအတိုင်း လိုက်နာဆောင်ရွက်သွား...င့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ရေလမ်းသတိပေးနှိုးဆော်ချက် ထုတ်ပြန်ထားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကွန်ပျူတာ ပန်းချီ သင်တန်းဆင်း

ရန်ကုန် မေ ၂၈

ပညာရေးဝန်ကြီးဌာန အမှတ်(၃) အခြေခံပညာဦးစီးဌာနမှ ကွန်ပျူတာပန်းချီသင်တန်း (၁/၂၀၁၀)သင်တန်းဆင်းပွဲကို ယနေ့ မွန်းလွဲ ၁နာရီခွဲက အမှတ်(၃) အခြေခံပညာဦးစီးဌာန ကွန်ပျူတာသင်တန်းခန်းမ၌ ကျင်းပသည်။

သင်တန်းဆင်းပွဲ အခမ်းအနားတွင် အမှတ်(၃) အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ကိုယ်စား ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမျိုးမြင့်က သင်တန်းဆင်းအမှာစကားပြောကြားပြီး ဆက်လက်၍ Soft Guide Company Ltd., Managing Director ဦးအောင်သန်းညွန့်က သင်တန်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။ ဆက်လက်၍ ပန်းချီဆိုင်ရာများကို ပန်းချီပညာရှင် ဆရာကြီး ဦးအောင်မောင်းက ရှင်းလင်းပြောကြားသည်။ (သတင်းစဉ်)

ကျေးရွာစာကြည့်တိုက်များ၏ အနာဂတ်လမ်း ဝေဆာပွင့်လန်း ဂုဏ်တင့်လျှမ်း

ကျွန်တော်တို့ ပြန်ကြားရေးဝန်ကြီးဌာနသည် အထက်အကြီးအကဲများ၏ လမ်းညွှန်ချက်ကိုခံယူ၍ တိုင်းရင်းသားပြည်သူများ၏ ပညာရည်ပြည့်ဝရေး၊ အသိပညာပြည့်စုံရေးနှင့် ပြည်ထောင်စုကြီး၏ နယ်မြေအစိတ်အပိုင်းများ ညီညွတ်မျှတစွာဖွံ့ဖြိုးတိုးတက်ရေး၊ ဗဟုသုတတိုးပွားရေးတို့အတွက် မွန်မြတ်သောစေတနာဖြင့် ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များကို ထူထောင်ဖွင့်လှစ်ပေးလျက်ရှိသည်။

ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များကို ၂၀၀၄ခုနှစ်မှစ၍ အား (၃) အားနှင့် အရှိန်အဟုန်မြှင့်ဆောင်ရွက်ခဲ့ပြီး ဆက်လက်၍ ရေရှည်ရှင်သန်ခိုင်မာဖွံ့ဖြိုးရေးအတွက် အား (၄)အားနှင့် ထူထောင်ဖြည့်ဆည်းပေးလျက်ရှိရာ မြန်မာပြည်တစ်ဝန်း ဒေသအသီးသီးတွင် ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ တစ်ပြေးညီဖွံ့ဖြိုးတိုးတက်လျက်ရှိသည်။ ထိုသို့ ရေရှည်တည်တံ့ခိုင်မာသော ကျေးရွာစာကြည့်တိုက်များ ပေါ်ပေါက်လာရေးအတွက် ဝိုင်းဝန်းကူညီ၍ ရေလောင်းပေါင်းသင် ပြုစုပျိုးထောင်သည့်အနေဖြင့် ဒေသအာဏာပိုင်များ၊ စေတနာရှင်များပူးပေါင်း၍ လှူဒါန်းပွဲများ အကြိမ်များစွာ ဆောင်ရွက်ခဲ့ရာ ငွေသိန်းပေါင်းထောင်ချီ၊ စာအုပ်ပေါင်းသန်းချီ၍ ရရှိခဲ့သည်။ စေတနာရှင်ငွေအလှူရှင်များ၊ အဆောက်အအုံအလှူရှင်များ၊ ပရိဘောဂအလှူရှင်များ၊ စာအုပ်စာစောင်အလှူရှင်များစွာ ပါဝင်လှူဒါန်းခဲ့မှုကြောင့် ယနေ့အထိ ကျေးရွာစာကြည့်တိုက်ပေါင်း ၅၅၇၅၅ တည်ထောင်နိုင်ခဲ့ပြီးဖြစ်ရာ ၄င်းစာကြည့်တိုက်များအားလုံး ရေရှည်ရှင်သန်ခိုင်မာသည့် စာကြည့်တိုက်များ ဖြစ်ပေါ်လာစေရေးအတွက် ဝိုင်းဝန်း၍ မြှင့်တင်တည်ဆောက်ပေးကြရဦးမည်ဖြစ်သည်။

၂၀၁၀ခုနှစ် မေလ၁၅ရက်နေ့က ကျေးရွာစာကြည့်တိုက်ဖောင်ဒေးရှင်း (Rural Library Foundation) ဖွဲ့စည်းတည်ထောင်ခြင်းနှင့် အလှူငွေပေးအပ်ခြင်းအခမ်းအနားကို ကျင်းပခဲ့ရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦး ကိုယ်တိုင်တက်ရောက်ချီးမြှင့်၍ ဩဝါဒစကားပြောကြားခဲ့သည်။ အခမ်းအနားတွင် ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးကျော်ဆန်း၊ ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများ၊ စေတနာရှင်လှူဒါန်းကြသူများ၊ အသင်းအဖွဲ့များ၊ စီးပွားရေးလုပ်ငန်းရှင်များ၊ တစ်ဦးချင်း စေတနာရှင်များစသည်ဖြင့် ဒေသအသီးသီးမှ အားတက်သရော တက်ရောက်လှူဒါန်းခဲ့ကြသည်ကို တွေ့ရှိရသည်။သက်ဆိုင်ရာ ဒေသအာဏာပိုင်များကလည်း အလှူရှင်များကိုစုစည်း၍ လှူဒါန်းသွားခဲ့ကြောင်း သိရှိရသည်။ အလှူငွေပေါင်း ကျပ်သိန်း ၇၀၀၀ကျော်ရရှိကာ ကျေးရွာစာကြည့်တိုက်ဖောင်ဒေးရှင်းကြီးကို အောင်မြင်စွာ ဖွဲ့စည်းတည်ထောင်နိုင်ခဲ့ပြီ ဖြစ်သည်။ စာကြည့်တိုက်ဖောင်ဒေးရှင်း ရန်ပုံငွေတိုးပွားရေးအတွက် စီမံဆောင်ရွက်ခြင်း၊ ဖွဲ့စည်းခြင်းလုပ်ငန်းတာဝန်များ အောင်မြင်စွာပြီးမြောက်ခဲ့သည်ကို တွေ့ရှိရသည်။

စာကြည့်တိုက်ဖောင်ဒေးရှင်း ဖွဲ့စည်းမည်ဟုသိရသည်နှင့် တစ်ပြိုင်တည်း ဒေသအသီးသီးမှ အလှူရှင်များကြိုတင်၍ စာရင်းပေးလှူဒါန်းကြသည်ကို တွေ့ရပြီး မြန်မာပြည်အနှံ့အပြားမှ ကိုယ်တိုင်တက်ရောက်၍ လည်းကောင်း၊ ကိုယ်စားစေလွှတ်၍လည်းကောင်း၊ မတက်ရောက်နိုင်သော်လည်း အဝေးမှသော်လည်းကောင်း အားတက်သရော လှူဒါန်းကြသည်များကို တွေ့ရသည်။ အားလုံးကို မှတ်တမ်းတင်၍ ဂုဏ်ပြုလက်မှတ်ချီးမြှင့်ခဲ့ပြီး ကိုယ်တိုင်မတက်ရောက်နိုင်သူများကိုလည်း ဖော်မပြနိုင်သည့် အားနာခြင်းမျိုးဖြင့် တောင်းပန်ရမည့် အခြေအနေပင် ရင်ဆိုင်ခဲ့ရသည်။ စာကြည့်တိုက်ဖောင်ဒေးရှင်းတွင် တက်ရောက်သည့် အာဏာပိုင်များ၊ အလှူရှင်များနှင့် ပြည်သူများ၊ မတက်ရောက်နိုင်သည့် ပုဂ္ဂိုလ်များ၊ ဆက်လက်၍ ထပ်မံလှူဒါန်းဦးမည့် ပုဂ္ဂိုလ်များအားလုံး၏ စေတနာထက်သန်မှုနှင့် ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်မှုများကို တွေ့မြင်ရ၍ ထပ်ကာပီတိဖြစ်ပြီး ဂုဏ်ယူမဆုံး ခံစားရသည်။ သို့ပါ၍ စာကြည့်တိုက်ဖောင်ဒေးရှင်း အလှူငွေများကို နာယကအဖွဲ့၏ လမ်းညွှန်မှုများနှင့်အညီ ထိန်းသိမ်းစောင့်ရှောက်ပြီး ကျေးရွာစာကြည့်တိုက်များ ရေရှည်တည်တံ့ခိုင်မာဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များကို ဆက်လက်ကြိုးပမ်း ဆောင်ရွက်သွားကြရမည်ဖြစ်သည်။

ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဝန်ထမ်းများအနေဖြင့်လည်း ကျေးရွာစာကြည့်တိုက်ကော်မတီများနှင့် ပူးပေါင်းပြီး ရန်ပုံငွေထူထောင်ရေး၊ ထိန်းသိမ်းရေး၊ တိုးပွားရေးအတွက် တာဝန်ရှိကြသည်။ ကျေးရွာစာကြည့်တိုက်များတွင် စာငှားကတ်စနစ် မှန်ကန်စွာ အသုံးပြုရေးအတွက် ဆောင်ရွက်နေကြသည့် လုပ်ငန်းကိုလည်း ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်သွားသင့်သည်။ စာကြည့်တိုက်တွင် အဓိကအရေးကြီးသည့် စာဖတ်သူများပြားစေရေးနှင့် စာအုပ်တိုးပွားရေးတို့မှာ ဆက်စပ်နေသည့် လုပ်ငန်းစဉ်များဖြစ်သည်။ သို့ပါ၍ စာဖတ်သူများအား စာငှားကတ်စနစ်ဖြင့် ငှားရမ်းဖတ်ရှုတတ်စေရန် ဆောင်ရွက်ပေးသင့်သည်။ ယခုအခါ ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ စာအုပ်စာစောင်တိုးပွားရေးအတွက် စာငှားကတ်စနစ်ဖြင့် ရန်ပုံငွေထူထောင်ရေးကိုလည်း အားကြိုးမာန်တက် ဆောင်ရွက်နေကြသည်။ နောင်အနာဂတ်တွင် ဖောင်ဒေးရှင်း၏လုပ်ငန်းများ အောင်မြင်လာသည့်အခါ ပြည်နယ်၊ တိုင်းနှင့်မြို့နယ်အဆင့်အထိ ဖွဲ့စည်းဆောင်ရွက်သွားမည်ဖြစ်ရာ မိမိတို့ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်းများအနေဖြင့်လည်း ဝိုင်းဝန်းလက်တွဲ ဆောင်ရွက်သွားကြရမည်ဖြစ်သည်။ ထို့ကြောင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဝန်ထမ်းများအနေဖြင့်လည်း ကျေးရွာစာကြည့်တိုက်များ၏ အခြေအနေမှန် လေ့လာသိရှိပြီးဖြစ်ရာ ဆောင်ရွက်ကူညီသင့်သည့် ကျေးရွာများ၏ စာရင်းဇယားကို ပြုစုထားသင့်သည်။ ဖောင်ဒေးရှင်းမှပေးပို့သည့် စာအုပ်များကို ကျေးရွာများသို့ စနစ်တကျရောက်ရှိအောင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနများမှတစ်ဆင့် အရောက်ပေးပို့ ဆောင်ရွက်သွားမည်ဖြစ်ရာ စေတနာရှင်များအနေဖြင့် ဖောင်ဒေးရှင်း၌ ဖြစ်စေ၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရုံးများ၌ဖြစ်စေ အဆင်ပြေသလို လာရောက်လှူဒါန်းနိုင်ကြသည်။

စာငှားကတ်စနစ်ဖြင့် ရန်ပုံငွေထူထောင်ရာတွင် အဓိကမှာ စာအုပ်စာစောင်များ ဝယ်ယူရရှိရေး၊ စာအုပ်များတိုးပွားရေးတို့ပင်ဖြစ်သည်။စာငှားကတ်စနစ်ဖြင့် ရန်ပုံငွေထူထောင်ရာတွင် တစ်မြို့နယ်နှင့်တစ်မြို့နယ် မတူညီကြကြောင်း လေ့လာတွေ့ရှိရသည်။ အချို့မြို့နယ်များမှာ စာငှားကတ်စနစ်ကို ကတ်စနစ်ဖြင့်လည်းကောင်း၊ အချို့မှာ ရိုးရိုးစာအုပ်စာရင်းလယ်ဂျာဖွင့်ပြီး စာငှားကတ်စနစ်ဖြင့်လည်းကောင်း ကျင့်သုံးလျက်ရှိကြသည်။ အကြံပြုတင်ပြလိုသည်မှာ ရိုးရိုးစားငှားကတ်စနစ်ထက် စာငှားလက်မှတ်(ကတ်စနစ်)ဖြင့် အသုံးပြုခြင်းသည် ပိုမိုစနစ်ကျမည်ဖြစ်သည်။ စာငှားစနစ်ကို ကတ်ဖြင့် သေသေသပ်သပ် စနစ်တကျပြုလုပ်ထားပြီး ရန်ပုံငွေထူထောင်ကြခြင်းမှာ စနစ်ကျလှသည်။ ယင်းစာငှားစနစ်ကို ကတ်စနစ်ဖြင့် ပြုလုပ်ထားပုံမှာ စက္ကူအပါးအရွယ်(၆×၄) လက်မအလယ်တွင် ခေါက်ရိုးချိုးထားပြီး ပထမစာမျက်နှာပေါ်တွင် (စာအုပ်ငှားနှင့် လက်မှတ်)ဟု စာလုံးအမည်းဖြင့် အလယ်တွင် ရေးသားထားသည်။ ယင်းအောက်တွင် စာအုပ်ငှားသူ၏ အသင်းဝင်အမှတ်၊ အမည်၊ အဖအမည်၊ မှတ်ပုံတင်၊ နေရပ်လိပ်စာ၊ ရက်စွဲတို့ကို ဖော်ပြရေးသားထားပြီး အောက်၌ တာဝန်ရှိစာကြည့်တိုက်မှူးက အမည်တပ်လက်မှတ်ရေးထိုးပေးသည်။ အလယ်စာမျက်နှာဘက် နှစ်ဖက်တွင် တစ်ဖက်၌ စာတိုင်လေးခုဖြင့် စာကြောင်းရေ (၁၀)ကြောင်း၊ နှစ်ဖက်ပေါင်း စာကြောင်းရေ (၂၀)ဖြင့် စာရင်းဖွင့်ထားသည်ကို တွေ့ရှိရသည်။ ဖော်ပြပါ စာတိုင်လေးခုမှာ အမှတ်စဉ်၊ ငှားရမ်းရက်စွဲ၊ ငှားရမ်းစာအုပ် အမည်၊ ပြန်အပ်ရက်စွဲများ ပါရှိသည်။ နောက်ကျော စာမျက်နှာတွင် စာအုပ်ငှားရမ်းခွင့် စည်းကမ်းချက်များ ခေါင်းစဉ်တပ်ရေးထားသည်။ ယင်းစည်းကမ်းချက်များမှာ-

(၁) စာငှားကတ်တစ်ကတ်လျှင် (-)ကျပ်နှုန်းဖြင့် ဝယ်ယူရမည်။
(၂) စာငှားကတ်တစ်ကတ်လျှင် အကြိမ်(၂၀)ငှားရမ်းနိုင်သည်။
(၃) တစ်ကြိမ်လျှင် သုံးရက်ငှားရမ်းနိုင်သည်။
(၄) တစ်ကြိမ်လျှင် သုတ/ ရသ စာအုပ်နှစ်အုပ် ငှားရမ်းနိုင်သည်။
(၅) သတ်မှတ်ရက်ထက်ကျော်လွန်ပါက ဒဏ်ငွေပေးဆောင်ရမည်။
(၆) စာငှားကတ်ကုန်ဆုံး၊ ပျက်စီး၊ ပျောက်ဆုံးပါက အချိန်မီအကြောင်းကြား၍ အသစ်ထပ်မံဝယ်ယူနိုင်သည်။
(၇) စာအုပ်များ ပျက်စီး၊ ပျောက်ဆုံးလျှင် စာအုပ်အစားသော်လည်းကောင်း၊ စာကြည့်တိုက်မှူး ဆုံးဖြတ်သည့် ကာလတန်ဖိုးသော်လည်းကောင်း ပေးလျော်ရမည်။
(၈) စာအုပ်များကို ညစ်ပေအောင် ရေးခြစ်ခြင်း၊ စာမျက်နှာကိုဆုတ်ဖြဲခြင်း မပြုလုပ်ရပါ။
(၉) နေရပ်လိပ်စာပြောင်းလျှင် အချိန်မီအကြောင်းကြားပါရန် စသည်တို့ ဖော်ပြထားကြောင်း ပါရှိသည်။

အချို့စာကြည့်တိုက်များ၌ စာငှားခွင့်လက်မှတ် (ကတ်) ဝယ်ယူလိုလျှင် အနည်းဆုံး ငွေကျပ် ၅၀၀ သတ်မှတ်၍ အကြိမ် (၂၀)ငှားရမ်းပြီးပါက အသစ်ထပ်မံ၍ ကတ်တစ်ခုဝယ်ယူရန်ဖြစ်ကြောင်း လေ့လာသိရှိရသည်။ အလွန်ကောင်းမွန်သော စာငှားကတ်စနစ်ကို ဆောင်ရွက်ထားခြင်းဖြစ်သည်။ ထို့အပြင် စာငှားကတ်လက်မှတ် ဝယ်ယူရငွေများကို ကော်မတီဆုံးဖြတ်ချက်ဖြင့် စာအုပ်အသစ်များဝယ်ယူခြင်း၊ ငွေပဒေသာပင်စိုက်ထူခြင်းများ ဆောင်ရွက်ထားနိုင်သည်။ ဤသို့ စည်းကမ်းနှင့် စနစ်တကျ ငှားရမ်းခြင်းသည် ယေဘုယျကြည့်လျှင် တင်းကျပ်သည်၊ ငွေကြေးဖြင့် ဖတ်ရှုရသည်ဟု ထင်မြင်ယူဆဖွယ်ဖြစ်သော်လည်း မြန်မာလူမျိုးတို့အတွက် အလွန်ကောင်းမွန်သော စနစ်ဇယားပင်ဖြစ်သည်။ စည်းကမ်းသည် လူ့တန်ဖိုးဟု ဆိုရမည်ဖြစ်သည်။ စာငှားကတ်စနစ်များသည် တစ်ပြည်လုံးရှိကျေးရွာစာကြည့်တိုက်များ၊ ရပ်ကွက်၊ မြို့နယ်စာကြည့်တိုက်များ၌ ကျင့်သုံးပုံစနစ်ချင်း တူညီမှုရှိချင်မှရှိနိုင်မည်။ အဓိကမှာ ကျေးရွာစာကြည့်တိုက်များအနေဖြင့် စာငှားကတ်စနစ်မှန်ကန်ရေးနှင့် ရန်ပုံငွေထူထောင်နိုင်ရေးပင် ဖြစ်သည်။ စာငှားကတ်စနစ်ကို ကျင့်သုံးရာတွင် အောက်ပါနည်းလမ်းနှစ်သွယ်ဖြင့် ကျင့်သုံးပါက ပိုမိုအောင်မြင်မှုရရှိနိုင်သည်-

(၁) စာငှားကတ်စနစ်တွင် အမှန်စာငှားသူစာရင်းအား စနစ်တကျပြုစု၍ ရရှိရန်ပုံငွေကို စစ်ဆေးခံနိုင်သည့်အဆင့်အထိ အရ/အသုံး စာရင်းအသေးစိတ်ပြုစုထားရန်၊
(၂) ငွေပဒေသာပင် လှူဒါန်းမည့်ပုဂ္ဂိုလ်နှင့် စာအုပ်စာပေလှူဒါန်းလိုသည့် ပုဂ္ဂိုလ်များ စာငှားကတ်စနစ်တွင် စာဖတ်အသင်းဝင်များ၊ စာငှားရန်ပုံငွေ၊ စာငှားလက်မှတ်ကတ် ပေးစွမ်းနိုင်သည့်ငွေပမာဏ ဖြစ်ရေး လျာထားပေးရန်။

ယခုအခါတွင် ပြန်ကြားရေးဝန်ကြီးဌာန၏ လမ်းညွှန်ချက်နှင့်အညီ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ တိုင်း၊ ခရိုင်၊ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနများမှတစ်ဆင့် ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များကို စံ(၅)ရပ်ညီသော စာကြည့်တိုက်များဖြစ်ရေး၊ စာအုပ်စာစောင်များတိုးပွားလာအောင် ငွေပဒေသာပင်စိုက်ထူနိုင်ရေး၊ စာငှားကတ်စနစ်မှန်ကန်စွာကျင့်သုံးရေး၊ ရန်ပုံငွေထူထောင်ပေးရေး စသည်ဖြင့် ရေရှည်ရှင်သန်ခိုင်မာသော ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များကို ဖြစ်ပေါ်လာရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ တစ်ဖက်မှလည်း ဖွဲ့စည်းတည်ထောင်ခဲ့ပြီးဖြစ်သည့် ကျေးရွာစာကြည့်တိုက်ဖောင်ဒေးရှင်းကြီးက ဖောင်ဒေးရှင်း၏ ရည်ရွယ်ချက်လုပ်ငန်းစဉ်များနှင့်အညီ ကျေးရွာစာကြည့်တိုက်များကို စံ(၅)ရပ်နှင့်ပြည့်မီပြီး ရေရှည်ရှင်သန်ခိုင်မာဖွံ့ဖြိုးသည့် စာကြည့်တိုက်များ ဖြစ်လာစေရေးအတွက် အဘက်ဘက်မှ မြှင့်တင်ပံ့ပိုးဖြည့်ဆည်းဆောင်ရွက်ပေးသွားမည်ဖြစ်ရာ ကျေးရွာစာကြည့်တိုက်များ၏ အနာဂတ်သည် ရှင်သန်ခိုင်မာ အလှဖြာလျက် ဝေဆာပွင့်လန်း ဂုဏ်တင့်လျှမ်းနေမည်သာဖြစ်ပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

သန်းထွန်း (မြန်/ဆက်)

ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၆၃) ကျောင်းဆင်းအရာရှိများက (၂၈) နှစ်မြောက် နှစ်ပတ်လည်အထိမ်းအမှတ်အဖြစ် ဗဟန်းမြို့နယ် ဇီဝိတဒါနသံဃာ့ဆေးရုံကြီးသို့ ထာဝရဆွမ်း၊ ဆေးနှင့် နဝကမ္မငွေပဒေသာပင် အလှူငွေကျပ်သုံးသိန်း လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ အလုပ်အမှုဆောင်အဖွဲ့ဝင် ဦးသန်းထွန်း လက်ခံယူစဉ်။ (သတင်းစဉ်)

ပြင်ဦးလွင် ခရိုင်ဥက္ကဋ္ဌဖလား အလွတ်တန်းဖိတ်ခေါ် စနူကာပြိုင်ပွဲကျင်းပ

ပြင်ဦးလွင် မေ ၂၈

ပြင်ဦးလွင်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌဖလား စတုတ္ထအကြိမ် အလွတ်တန်းဖိတ်ခေါ် စနူကာပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို မေ ၂၅ရက် နံနက် ၁၁နာရီက (၇)ရပ်ကွက် ဗိုလ်ချုပ်လမ်း ခွင်းဝှါစားသောက်ဆိုင်ရှိ ပြင်ဦးလွင်မြို့ စင်ထရယ်ဘိလိယက်နှင့် စနူကာကလပ်၌ကျင်းပရာ ပြင်ဦးလွင်ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်မြင့်က စနူကာပထမဆုံးလုံးကိုထိုး၍ ဖွင့်လှစ်ပေးပြီး ရန်ကုန်တိုင်းလက်ရွေးစင်ဝင်းခိုင်နှင့် ရှမ်းပြည်နယ်(တောင်ပိုင်း)လက်ရွေးစင် ဖုန်းမြင့်ကျော်တို့က သရုပ်ပြအလှ ကစားပြပြီးနောက် ပြိုင်ပွဲများကို ဆက်လက်ကျင်းပသည်။

ပါဝင်ယှဉ်ပြိုင်

ပြိုင်ပွဲတွင် တစ်နိုင်ငံလုံးအလွတ်တန်းဖိတ်ခေါ် စနူကာပြိုင်ပွဲနှင့် ပြင်ဦးလွင်မြို့နယ်အငယ်တန်း စနူကာပြိုင်ပွဲများယှဉ်ပြိုင်မည်ဖြစ်ပြီး တစ်နိုင်ငံလုံးအလွတ်တန်းဖိတ်ခေါ် စနူကာပြိုင်ပွဲတွင် ပဏာမမြန်မာ့လက်ရွေးစင်များ၊ ရန်ကုန်တိုင်း၊ မန္တလေးတိုင်း၊ မကွေးတိုင်း၊ ရှမ်းပြည်နယ် (တောင်ပိုင်း)၊ ရှမ်းပြည်နယ် (မြောက်ပိုင်း)၊ မွန်ပြည်နယ်နှင့် ပြင်ဦးလွင်မြို့နယ်တို့မှ တိုင်းအဆင့်ရှိ အားကစားသမား စုစုပေါင်း ၅၀၊ ပြင်ဦးလွင်မြို့နယ်အငယ်တန်းစနူကာပြိုင်ပွဲ၌ အားကစားသမား ၇၈ဦး စုစုပေါင်းပြိုင်ပွဲဝင် အားကစားသမား ၁၂၈ဦး ပါဝင်ယှဉ်ပြိုင်ကြသည်။

ပြိုင်ပွဲဆုကြေးများကို ထိုက်ထိုက်တန်တန် ဂုဏ်ပြုချီးမြှင့်ပေးမည်ဖြစ်ပြီး ပြိုင်ပွဲမှာ ၁၀ရက်ကြာမြင့်မည်ဖြစ်သည်။ ပြိုင်ပွဲများကို ပြင်ဦးလွင်စင်ထရယ်ဘိလိယက်နှင့် စနူကာကလပ်၊ စိန်သုံးလုံးကလပ်နှင့် ဆန်းဖလားဝါးကလပ်စသည့် နေရာသုံးနေရာတို့တွင် ယှဉ်ပြိုင်မည်ဖြစ်သည်။ **(ခရိုင် မြန်/ဆက်)**

မြဝတီရုပ်မြင်သံကြား

၂၉-၅-၂၀၁၀ (စနေနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ မြဝတီအဖွင့်
- ၇:၀၅ ၂။ တရားတော်
- ၇:၁၀ ၃။ ဓမ္မပူဇာတေး
- ၇:၂၀ ၄။ မျိုးချစ်တပ်မတော်
- ၇:၂၅ ၅။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇:၃၀ ၆။ မြန်မာသံစဉ် ချိုနားဝင်
- ၇:၄၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၇:၅၅ ၈။ အမျိုးသားရေးတေးကဗျာ
- ၈:၀၀ ၉။ မြဝတီရုပ်မြင်သံကြား သတင်း
- ၈:၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ

နေ့လယ်ပိုင်း

- ၁၁:၀၀ ၁။ မြဝတီအဖွင့်
- ၁၁:၀၅ ၂။ အဖွင့်သီချင်း
- ၁၁:၁၀ ၃။ မျိုးချစ်တပ်မတော်
- ၁၁:၃၀ ၄။ ကာတွန်းအစီအစဉ် **အမြွာစုံထောက်** (အပိုင်း-၇)
- ၁၂:၀၀ ၅။ ရုပ်မြင်သံကြားဇာတ်လမ်း **တိမ်ပြိုမိုးသူ** နေတိုး၊ နန္ဒာလှိုင် (ဒါရိုက်တာ-မိုးအောင်)
- ၁၃:၃၀ ၆။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၁၄:၀၀ ၇။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ကြင်နာသူရဲ့ချစ်ရိပ်** (အပိုင်း-၃၈)

ညပိုင်း

- ၄:၀၀ ၁။ မြဝတီအဖွင့်
- ၄:၀၅ ၂။ အဖွင့်သီချင်း
- ၄:၃၀ ၃။ ချစ်သူစုံတွဲ တူယှဉ်နွဲ
- ၄:၃၅ ၄။ မြတ်နိုးကြစေ အမျိုးသားအမွေ
- ၄:၄၅ ၅။ မြန်မာသံစဉ် ချိုနားဝင်
- ၄:၅၅ ၆။ မျိုးချစ်တပ်မတော်
- ၅:၀၀ ၇။ တိုင်းကျိုးပြည်ပြု တည်ထောင်မှု
- ၅:၂၀ ၈။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၅:၄၀ ၉။ ပျော်ရွှင်စရာ သရုပ်ဆောင်ကမ္ဘာ
- ၆:၀၀ ၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆:၂၀ ၁၁။ အမျိုးသားရေးတေးကဗျာ
- ၆:၂၅ ၁၂။ လျှပ်တစ်ပြက်
- ၆:၃၀ ၁၃။ စားဖို ဆောင် ချစ် သူ
- ၆:၄၅ ၁၄။ ထူးခြားဆန်းပြား ကမ္ဘာ့တစ်လွှား
- ၇:၀၀ ၁၅။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **စိမ်းရောင်ခြယ် လှည်းကလေး** (အပိုင်း-၁၃)
- ၈:၀၀ ၁၆။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၇။ နိုင်ငံတကာသတင်း
- ၁၈။ မိုးလေဝသသတင်း
- ၁၉။ အမျိုးသားရေးတေးကဗျာ
- ၂၀။ လူရွှင်တော်စတား
- ၂၁။ အင်္ဂလိပ်စာသုတ
- ၂၂။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
- ၂၃။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ကမ္ဘည်းတွင်မည့် ချင်သူ့ရဲကောင်း** (အပိုင်း-၂၆)
- ၂၄။ **နှစ်ခေတ်ပြိုင်ချစ်သူ** (အပိုင်း-၃၀)

၃၀-၅-၂၀၁၀(တနင်္ဂနွေနေ့)

နံနက်ပိုင်း

- ၀၀:၃၀ ၁။ World Cup National Team Friendaly ဘောလုံးပွဲ (Live) **Hengary Vs Germany**

ခြင်ဆေးခွေသုံးလျှင် အနီးတွင် လောင်စာပစ္စည်း မထားနှင့်

ကမ္ဘောဇနှင့် ဇေယျာရွှေမြေတို့ အမှတ်ပေးဇယားကို ဘယ်သူဦးဆောင်နိုင်မလဲ

သတင်းမှတ်စုနှင့်ဓာတ်ပုံ-ဖိုးသော်ဇင် စာမျက်နှာဖွဲ့စည်းမှု-ဝင်းချို(မြန်မာ့အလင်း)

ရန်ကုန် မေ ၂၈

၂၀၁၀ MNL အမှတ်ပေးဘောလုံးပြိုင်ပွဲ ပွဲစဉ်(၉)ကို ယခုအပတ်မှာ ရန်ကုန်မြို့ရှိ သုဝဏ္ဏကွင်းနဲ့ မန္တလေးမြို့ရှိ ဗထူးကွင်းတို့မှာ ဆက်လက်ပြုလုပ်မှာဖြစ်ပါတယ်။ အခုအပတ်ပွဲစဉ်တွေထဲမှာ အမှတ်ပေးဇယားထိပ်ဆုံးပိုင်းကို အပြောင်းအလဲရှိနိုင်မယ့် အဆုံးအဖြတ်ပွဲတွေပါတာကြောင့် ပရိသတ်တွေ အကြိုက်ဖြစ်စေမယ့် ရက်သတ္တပတ်ဖြစ်လာမှာပါ။

အခုအပတ် ယှဉ်ပြိုင်ကစားကြမယ့် ပွဲစဉ်တွေထဲမှာ အမှတ်ပေးဇယား အဆင့်(၁)မှ(၅)အတွင်း အပြောင်းအလဲဖြစ်သွားနိုင်တဲ့ ပွဲစဉ်တွေကတော့ မေ ၂၉ရက် ဗထူးကွင်းမှာ ယှဉ်ပြိုင်မယ့် လက်ရှိချန်ပီယံရတနာပုံနဲ့ ဖွဲကပင်ယူနိုက်တက်၊ မေ ၃၀ရက် ဗထူးကွင်းမှာ ယှဉ်ပြိုင်မယ့် ကမ္ဘောဇအသင်းနဲ့ ဇေယျာရွှေမြေအသင်း၊ သုဝဏ္ဏကွင်းမှာ ယှဉ်ပြိုင်မယ့် ရန်ကုန်ယူနိုက်တက်နဲ့ Southern Myanamr F.C တို့ရဲ့ပွဲစဉ်တွေပဲဖြစ်ပါတယ်။

ကမ္ဘောဇအသင်းရဲ့ အားထားရတဲ့ တိုက်စစ်မှူး စိုးမင်းဦးနှင့် ကွင်းလယ်လူ အေးဆန်း။

ကမ္ဘောဇနဲ့ ဇေယျာရွှေမြေ

ပွဲစဉ်(၈)အပြီး အမှတ်ပေးဇယား ထိပ်ဆုံးနေရာမှာ ရမှတ်ရော၊ သွင်းဂိုး၊ ပေးဂိုးပါ တူပြီး ပူးတွဲရပ်တည်နေကြတဲ့ အသင်းတွေဖြစ်ပါတယ်။ ဇေယျာရွှေမြေ အသင်းဟာ ကမ္ဘောဇထက် တစ်ပွဲလျော့နေပေမယ့် အခုပွဲအနိုင်ရတဲ့အသင်းဟာ အမှတ်ပေးဇယားကို အမှတ်ပြတ်နဲ့ ဦးဆောင်နိုင်မှာဖြစ်လို့ အားကုန်ထုတ်ကစားကြမှာဖြစ်ပါတယ်။ နောက်ဆုံးကစားခဲ့တဲ့ပွဲမှာ နောက်ကျချေပဂိုးနဲ့ Southern ကို အမှတ် ခွဲပေးခဲ့ရတဲ့ ဇေယျာရွှေမြေအသင်းဟာ အခုပွဲမှာလည်း ကမ္ဘောဇကို လူမစုံဘဲ ရင်ဆိုင်ရမှာပါ။ အဓိက ကစားသမားတွေဖြစ်တဲ့ key-player ရာဇာဝင်းသိန်းနဲ့ ဂိုးသမား ညီညီလွင်တို့ ပွဲပယ်ပြစ်ဒဏ်ကြောင့်

ဇေယျာရွှေမြေအသင်းအတွက် အဆုံးအဖြတ်ဂိုးများ သွင်းယူပေးနေတဲ့ တိုက်စစ်မှူး ရဲဝေယံစိုး။

ပါဝင်နိုင်မှာမဟုတ်သလို တောင်ကိုရီးယား တိုက်စစ်မှူး ကင်မ်ကလည်း ဒဏ်ရာကြောင့် ကစားနိုင်မှာမဟုတ်ပါဘူး။ "အမာခံကစားသမားသုံးဦးမပါဝင်နိုင်လို့ ကျွန်တော်တို့အသင်းအားပျော့နေမှာ မှန်ပါတယ်။ ဒါပေမယ့် သူတို့နေရာမှာ အစားထိုးမယ့်သူတွေ ရှိပါတယ်။ လူမစုံပေမယ့် ကျွန်တော်တို့အနိုင်ရအောင် ကြိုးပမ်းသွားမှာပါ။ နိုင်မယ်လို့လည်း ယုံကြည်ပါတယ်"လို့ ဇေယျာရွှေမြေနည်းပြချုပ် ဟန်ဆန်က ပြောကြားခဲ့ပါတယ်။ ကမ္ဘောဇအသင်း နည်းပြချုပ် ဦးအေးမောင်ကြီးက "ဇေယျာရွှေမြေနဲ့ပွဲမှာ လူစုံပါဝင်မှာပါ။ ကြီးကြီးမားမား ဒဏ်ရာရတဲ့သူတွေမရှိပါဘူး။ ဒီပွဲနိုင်ရင် အမှတ်ပေးဇယားမှာ ဦးဆောင်နိုင်ဖို့ အခြေအနေကောင်းသွားမှာဖြစ်လို့ အစွမ်းကုန်ကြိုးစားသွားမှာပါ။ သူတို့အသင်းရဲ့ ဒဏ်ရာရနဲ့ ပွဲပယ်တွေရှိနေတာကို အခွင့်အရေးယူသွားမှာပါ"လို့ ပြောကြားခဲ့ပါတယ်။

တတိယနေရာ

တတိယနေရာမှာ ရပ်တည်နေပေမယ့် ရန်ကုန်ယူနိုက်တက်အသင်းရဲ့ခြေစွမ်းနဲ့ ရလဒ်ကမတည်ငြိမ်သေးဘဲ အချို့ပွဲတွေမှာ မမျှော်လင့်ဘဲ အမှတ်တွေဆုံးရှုံးခဲ့လို့ ထိပ်ဆုံးကအသင်းနဲ့ ငါးမှတ်ကွာဟနေပါတယ်။ အခုပွဲမှာလည်း ပဉ္စမနေရာက Southern နဲ့ တွေ့ဆုံရမှာဖြစ်လို့ ခက်ခက်ခဲခဲ ကစားရဖွယ်ရှိပါတယ်။ အမှတ်ပေးဇယားထိပ်ဆုံးက နှစ်သင်းတွေ့ဆုံနေချိန်မှာ ရန်ကုန်ရော Southern ပါ နိုင်ပွဲပြန်ရှာပြီး အမှတ်ကွာဟမှုကျဉ်းမြောင်းဖို့ လုပ်ပါလိမ့်မယ်။ စတုတ္ထနေရာက လက်ရှိချန်ပီယံ ရတနာပုံက ဇယားအောက်ဆုံးက ဖွဲကပင်နဲ့ တွေ့ဆုံရမှာဖြစ်လို့ ရန်ကုန်အသင်းအနေနဲ့ တတိယနေရာ ဖယ်မပေးရအောင် မဖြစ်မနေ အနိုင်ကစားရမှာပါ။ "တိုက်စစ်မှူး အဲရစ်ဆာကီကလွဲရင် အားလုံး ဒဏ်ရာပြဿနာ ကင်းရှင်းပါတယ်။ Southern အသင်းဟာ အသင်းကောင်း တစ်သင်းဖြစ်ပေမယ့် နည်းဗျူဟာကို အများကြီးပြောင်းလဲပြီး ကစားမှာမဟုတ်ပါဘူး၊ နိုင်ပွဲပြန်ရအောင် ကြိုးစားသွားမှာပါလို့"ပြောကြားခဲ့ပါတယ်။

အခြားပွဲစဉ်တွေကလည်း စိတ်ဝင်စားစရာကောင်းတာ အမှန်ပါပဲ။ လက်ရှိချန်ပီယံ ရတနာပုံနဲ့ ဖွဲကပင်တို့ ပွဲကလည်း ထိပ်ဆုံးကအသင်းတွေကို အမီလိုက်ဖို့ လက်ရှိချန်ပီယံတို့ ပေါက်ကွဲပြပါလိမ့်မယ်။ အသင်းသစ် နှစ်သင်းတွေ့ဆုံကြမယ့် နေပြည်တော်အသင်းနဲ့ မနောမြေ အသင်းတို့ရဲ့ပွဲဟာ အမှတ်ပေးဇယားရပ်တည်မှုအတွက်ရော ဂုဏ်သိက္ခာပိုင်းအတွက်ပါ အနိုင်ရဖို့ ကြိုးစားပါလိမ့်မယ်။ Delta ကို ဂိုးပြတ်အနိုင်ရခဲ့တဲ့ မနောမြေအသင်းက အဆင့်(၉)နေရာမှာ ရှိနေပြီး လေးမှတ်ပဲ ရရှိသေးတဲ့ နေပြည်တော်အသင်းက အဆင့် (၁၀)မှာ ရပ်တည်နေပါတယ်။ ဥဿာယူနိုက်တက်နဲ့တွေ့တိုင်း နိုင်ပွဲမရသေးတဲ့ Delta United အသင်း အစဉ်အလာကို တနင်္လာနေ့မှာ ချိုးဖျက်နိုင်မလားဆိုတာ စောင့်ကြည့်ရတော့မှာပါ။ ။ **(မြန်မာ့အလင်း)**

MNL ပွဲစဉ်(၉)

၂၉-၅-၂၀၁၀	ရတနာပုံ-ဖွဲကပင်ယူနိုက်တက်	(ဗထူးကွင်း)
	နေပြည်တော်-မနောမြေ	(သုဝဏ္ဏကွင်း)
၃၀-၅-၂၀၁၀	ကမ္ဘောဇ-ဇေယျာရွှေမြေ	(ဗထူးကွင်း)
	ရန်ကုန်ယူနိုက်တက်-Southern	(သုဝဏ္ဏကွင်း)
၃၁-၅-၂၀၁၀	Delta United -ဥဿာယူနိုက်တက်	(သုဝဏ္ဏကွင်း)

မြို့နယ်လုံးကျွတ် ကျောင်းအပ်နှံရေး ဒေါပုံမြို့နယ်၌ကျင်းပ

ရန်ကုန် မေ ၂၈

ဒေါပုံမြို့နယ်လုံးကျွတ် ကျောင်းအပ်နှံရေးအခမ်းအနားကို မေ ၂၇ ရက် နံနက် ၉ နာရီက ဒေါပုံမြို့နယ် အမှတ်(၃) အခြေခံပညာအလယ်တန်းကျောင်းခန်းမ၌ ကျင်းပသည်။

အမှာစကားပြောကြား

အခမ်းအနားတွင် ပညာရေးဝန်ကြီးဌာန အမှတ်(၃) အခြေခံပညာဦးစီးဌာန (ရန်ကုန်) ဦးစီးအရာရှိ ဦးစိုးမြင့်အောင်၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ မြို့နယ်ပညာရေးကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးမျိုးနိုင်တို့က အမှာစကားပြောကြားကြပြီး မြို့နယ်ပညာရေးမှူး ဒေါ်မြင့်မြင့်ဌေးက ကျောင်းနေအရွယ်ကလေးငယ်များ ကျောင်းနေနိုင်ရေး ရှင်းလင်းပြောကြားသည်။

လှူဒါန်း

ထို့နောက် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ မြို့နယ်ပညာရေး ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးမျိုးနိုင်က ကျောင်းအပ်နှံရေးအတွက် အလှူငွေကျပ်ရှစ်သိန်းကို ပေးအပ်လှူဒါန်းသည်။ **(အပေါ်ပုံ)**

ဆက်လက်၍ အလှူရှင်များနှင့် လူမှုရေးအသင်းအဖွဲ့များက ငွေကျပ်သိန်း ၉၀၊ ပုံနှိပ်စာအုပ် ၆၇၅ စုံနှင့် ဗလာစာအုပ် ဒါဇင် ၇၀ တို့ကို လှူဒါန်းကြသည်။ **(မြို့နယ် ပြန်/ဆက်)**

မြို့နယ်လုံးကျွတ် ကျောင်းအပ်နှံရေး လသာမြို့နယ်၌ကျင်းပ

ရန်ကုန် မေ ၂၈

ပညာရေးဝန်ကြီးဌာန အမှတ်(၃) အခြေခံပညာဦးစီးဌာန လသာမြို့နယ်လုံးကျွတ်ကျောင်းအပ်နှံရေးနေ့ အခမ်းအနားကို မေ ၂၇ ရက် နံနက် ၉ နာရီက လသာမြို့နယ် အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်း ဗဟိုစံပြခန်းမ၌ ကျင်းပရာ အမှတ်(၃) အခြေခံပညာဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးအောင်ဇံသိမ်း၊ လသာမြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးစိုးဝင်း၊ မြို့နယ်ပညာရေးမှူး ဒေါ်ခင်လေးတင့်တို့က ကျောင်းနေအရွယ်ကလေးအားလုံး ကျောင်းအပ်နှံရေးလုပ်ငန်းများနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

လှူဒါန်း

အခမ်းအနားတွင် အမှတ်(၃)အခြေခံပညာဦးစီးဌာနမှ ငွေကျပ် ၆၅၀၀၀၊ လသာမြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီနှင့် စေတနာရှင်များက ငွေကျပ် ၂၆၂၅၀၀၊ မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းနှင့် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့တို့က ငွေကျပ် ၁၀၀၀၀၀၊ မြို့နယ်အသင်းမှ ငွေကျပ် ၂၂၀၀၀ တန်ဖိုးရှိ ကျောင်းသုံးပုံနှိပ်စာအုပ်နှင့် ဗလာစာအုပ်များ၊ ကွန်ပါဘူးများ၊ အထက(၁)လသာမှ ငွေကျပ် ၃၀၀၀၀ နှင့် အထက(၂)လသာမှ ငွေကျပ် ၅၀၀၀၀ တို့ကို ပေးအပ်လှူဒါန်းကြသည်။ **(၁၀၆)**

သန့်ရှင်းရေးဆောင်ရွက်

မေ ၂၂ ရက်က ဗဟန်းမြို့နယ် အမှတ်(၂) အခြေခံပညာ အလယ်တန်းကျောင်းဝင်းအတွင်း သန့်ရှင်းရေးဆောင်ရွက်ခြင်းနှင့် ခြင်ဆေးမှုတ်ခြင်းလုပ်ငန်းတို့ကို ရန်ကုန်အနောက်ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကျော်သူဇော် ကြည့်ရှုအားပေးစဉ်။

(မြို့နယ် ပြန်/ဆက်)

မေ ၂၁ ရက်က ဘုရင့်နောင်ပွဲရုံနယ်မြေ ကုန်တင်ကုန်ချယာဉ်ရပ်နားစခန်းဥက္ကဋ္ဌ ဦးခင်ဟန် ဦးဆောင်သော လူမှုရေးအသင်းအဖွဲ့အကျိုးဆောင်များပူးပေါင်း၍ ဘုရင့်နောင်ပွဲရုံနယ်မြေရှိ ပွဲရုံလုပ်ငန်းရှင် ပြည်သူအများ ထည့်ဝင်ငွေကျပ် ၁၁၉ သိန်းကျော် အကုန်အကျခံဆောက်လုပ်ပြီးစီးသွားသော ရေဂါလန် ၂၀၀၀၀ ဆံ့ မီးသတ်ရေလှောင်ကန်နှစ်ကန် ဖွင့်ပွဲအခမ်းအနားကို ယင်းမာလမ်းထောင့်နှင့် ငုဝါလမ်းထောင့်၌ ကျင်းပပြီး မီးငြိမ်းသတ်ရေးသရုပ်ပြမှုများပြုလုပ်ရာ ရန်ကုန်တိုင်းမီးသတ်ဦးစီးဌာနမှူး ရဲသူရိန် သင်းဌေးရွှေ ကြည့်ရှုစစ်ဆေးစဉ်။ (၁၁၁)

ရွှေကျင်မြို့နယ်၌ သောင်းကျန်းသူများထောင်ထားသည့် မိုင်းတစ်လုံးနင်းမိသဖြင့် အပြစ်မဲ့ပြည်သူတစ်ဦး သေဆုံး

နေပြည်တော် မေ ၂၈

ပဲခူးတိုင်း ရွှေကျင်မြို့နယ် ဒုံဇရစ်ကျေးရွာနေ မောင်မျိုး(ခ)တောင်သူသည် မေ ၂၄ရက် မွန်းတည့် ၁၂နာရီခန့်တွင် ဒုံဇရစ်ကျေးရွာ အရှေ့ဘက် နှစ်မိုင်ခန့်အကွာ မဒမချောင်းတစ်ဖက်ကမ်း စခန်းလေးဒေသသို့ တည်းသီးသွားခူးစဉ် သောင်းကျန်းသူများ ထောင်ထားသည့် မိုင်းတစ်လုံး နင်းမိသဖြင့် ဝဲခြေထောက်ပြတ်ဒဏ်ရာ ရရှိခဲ့ကြောင်း၊ မောင်မျိုးအား ရွှေကျင်မြို့သို့ စက်လှေဖြင့် သယ်ဆောင်လာစဉ် လမ်းခရီး၌ သေဆုံးသွားခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**

တွင်းတိမ်များတူးဖော်

ကျေးလက်ဒေသ သန့်ရှင်းသော သောက်သုံးရေရရှိရေးအတွက် စည်ပင်သာယာရေးအဖွဲ့များက စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိရာ တိုက်ကြီးမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်သည့် တွင်းတိမ်များတူးဖော်ပြီးစီးမှုနှင့် ရေအရည်အသွေးစစ်ဆေးနိုင်ရေးအတွက် အဖွဲ့အမှူးဆောင်အရာရှိနှင့် အင်ဂျင်နီယာမှူးတို့ ကွင်းဆင်းကြီးကြပ်ဆောင်ရွက်စဉ်။

(မြို့နယ်စည်ပင်)

၂၀၁၀ တောင်အာဖရိက ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ

အာရှမှ နာကာမူရာတို့ ဂျပန်အသင်းပါဝင်တဲ့ အုပ်စု(c)

➢ ရေးသူ - မောင်မောင်မြင့်ဆွေ ➢ စာမျက်နှာဖွဲ့စည်းမှု - ခိုင်လွင် (မြန်မာ့အလင်း)

ကိတ်တောင်း မေ ၂၈

၂၀၁၀ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲရဲ့ အုပ်စု(c)မှာတော့ ကင်မရွန်း၊ ဒိန်းမတ်၊ နယ်သာလန်နဲ့ ဂျပန်အသင်းတွေ ပါဝင်နေပါတယ်။ နယ်သာလန်အသင်းဟာ အုပ်စု(c)မှာတော့ ရေပန်းအစားဆုံးအသင်းဖြစ်ပြီး အုပ်စုက နောက်တစ်ဆင့်တက်ရောက်ဖို့အတွက် အခြေအနေကောင်းတဲ့ အသင်းလည်းဖြစ်ပါတယ်။ ဒီအုပ်စုမှာပါဝင်နေတဲ့ ဂျပန်အသင်းကတော့ အုပ်စုကနေ နောက်တစ်ဆင့်တက်ရောက်ဖို့ ရုန်းကန်အားထုတ်ရမှာသေချာပါတယ်။

နယ်သာလန်အသင်း

နယ်သာလန်အသင်းဟာ ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲ သမိုင်းတစ်လျှောက် ၁၉၇၀ပြည့်နှစ်နောက်ပိုင်း တစ်ရှိန်ထိုးနာမည်ကြီးခဲ့တဲ့ အသင်းဖြစ်ပါတယ်။ အုပ်စုဖွဲ့ကစားမှုနဲ့ တစ်ချက်ထိ အမြန်ပေးစနစ်တွေကြောင့် ကမ္ဘာ့ပရိသတ်တွေရဲ့ နှုတ်ဖျားမှာ နယ်သာလန်အသင်း ရေပန်းစားခဲ့ခြင်းဖြစ်ပါတယ်။ ဒါပေမယ့် အဆုံးသတ်အားနည်းတဲ့ နယ်သာလန်အသင်းဟာ ကမ္ဘာ့ဖလားကို တစ်ကြိမ်မှ မဆွတ်ခူးနိုင်ခဲ့သေးပါဘူး။ နယ်သာလန် အသင်းရဲ့ ကမ္ဘာ့ဖလားအောင်မြင်မှုမှတ်တမ်းကတော့ ၁၉၇၄ခုနှစ်နဲ့ ၁၉၇၈ ခုနှစ် ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲတွေမှာ ကွာတားဖိုင်နယ်အထိ တက်ရောက်ခဲ့ပြီး ၁၉၉၈ခုနှစ် ပြင်သစ်ကမ္ဘာ့ဖလား ဘောလုံး

အောင်မြင်မှု မှတ်တိုင်သစ် စိုက်ထူမယ့် အုပ်စု(c)မှ နယ်သာလန်အသင်း။

ပြိုင်ပွဲမှာတော့ စတုတ္ထအထိ ရရှိခဲ့ဖူးတဲ့ မှတ်တမ်းရှိပါတယ်။ ဒါ့အပြင် ၁၉၈၈ခုနှစ်မှာ ယူရိုဖလားဆွတ်ခူးနိုင်ခဲ့တဲ့ အသင်းလည်း ဖြစ်ပါတယ်။

နယ်သာလန်အသင်းကို နည်းပြအဖြစ် တာဝန်ယူထားသူကတော့ ဘတ်ဖင်မာဝမ်ခ်ဖြစ်ပြီး အသင်းခေါင်းဆောင်အဖြစ် မက်ဗင်ဘွမ်မဲလ်ကို တာဝန်ပေးထားပါတယ်။ နယ်သာလန်အသင်းမှာ အာဆင်နယ်တိုက်စစ်မှူး ဗန်ပါစီ၊ ဘိုင်ယန်မြူးနစ်မှာ ကစားနေတဲ့ အာဂျင်ရော်ဘင်၊ ရီရဲမက်ဒရစ်မှာကစားနေတဲ့ ဗန်ဒါဗတ်တို့အပြင် နစ္စတယ်ရွိုင်း၊ ဒရက်ကွတ်၊ ဟန်တယ်လာ၊ ရှနိုက်ဒါတို့နဲ့ စုစည်းထားတာမို့ နယ်သာလန်အသင်းဟာ တောင့်တင်းခိုင်မာထက်မြက်တဲ့ အသင်းအဖြစ် ရပ်တည်နေပြီး ၂၀၁၀ ကမ္ဘာ့ဖလားပြိုင်ပွဲကို မျှော်မှန်းချက်ကြီးမားစွာနဲ့ ပါဝင်ယှဉ်ပြိုင်မှာ ဖြစ်ပါတယ်။

ဒိန်းမတ်အသင်း

အုပ်စု(c)မှာပါဝင်တဲ့ ဒိန်းမတ်အသင်းဟာ ၂၀၁၀ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲဝင်အသင်းတွေထဲမှာ လေ့ကျင့်ပြင်ဆင်မှု အကောင်းဆုံး အသင်းဖြစ်ပါတယ်။ ဒိန်းမတ်အသင်းကို လွန်ခဲ့တဲ့ နှစ်နှစ်ကတည်းက ပြင်ဆင်ဖွဲ့စည်းပြီး ဖြည့်စွက်မှုတွေ ပြုလုပ်ထားပါတယ်။ ဒိန်းမတ်အသင်းဟာ ဥရောပဇုန် ခြေစစ်ပွဲမှာ အုပ်စုပထမနဲ့ ခြေစစ်ပွဲအောင်မြင်ခဲ့တဲ့ အသင်းလည်းဖြစ်ပါတယ်။ ဒိန်းမတ်ရဲ့ ဖီဖာကမ္ဘာ့အဆင့်သတ်မှတ်ချက်က ၂၆ဖြစ်ပြီး အောင်မြင်မှု ရရှိခဲ့တဲ့မှတ်တမ်းကတော့ ၁၉၉၈ခုနှစ် ကမ္ဘာ့ဖလားပြိုင်ပွဲမှာ ကွာတားဖိုင်နယ်အထိ တက်ရောက်နိုင်ခဲ့တဲ့အသင်းလည်း ဖြစ်ပါတယ်။

ဒိန်းမတ်အသင်းကို နည်းပြအဖြစ် မော်တင်အိုဆန်က တာဝန်ယူမှာဖြစ်ပြီး အသင်းခေါင်းဆောင်အဖြစ် ခရစ္စတင်းပူးလ်ဆန်ကို တာဝန်ပေးထားပါတယ်။ လက်ရှိ ဒိန်းမတ်နည်းပြ မော်တင်အိုဆန်ဟာ ၂၀၀၆ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲမှာ ခြေစစ်ပွဲအောင်ဖို့အတွက်တောင် မစွမ်းဆောင်နိုင်ခဲ့လို့ နုတ်ထွက်သွားခဲ့ပေမယ့် ဒိန်းမတ် ဘောလုံးအဖွဲ့ချုပ်က အခု ၂၀၁၀ ကမ္ဘာ့ဖလားဘောလုံးပွဲမှာ သူ့ကိုယုံယုံကြည်ကြည်နဲ့ နည်းပြတာဝန် ပြန်လည်ပေးအပ်တာကြောင့် ခြေစစ်ပွဲအောင်မြင်ရေးကို စွမ်းဆောင်ပေးနိုင်ခဲ့သူ ဖြစ်ပါတယ်။

နာမည်ကြီး ဘောလုံးသမားများဖြင့် စုဖွဲ့ထားသည့် ဒိန်းမတ်အသင်း အုပ်စုအဆင့်ကို ကျော်ဖြတ်ပြီး အောင်မြင်မှု စွမ်းဆောင်နိုင်ပါ့မလား....

ဒိန်းမတ်အသင်းမှာ အဓိကပါဝင်ကစားမယ့် ဘောလုံးသမားတွေကတော့ အာဆင်နယ်မှာ ကစားနေတဲ့ တိုက်စစ်မှူးဘင့်တနာ၊ ဂျူဗင်းတပ်စ်မှာ ကစားနေတဲ့ကွင်းလယ်ကစားသမား ခရစ္စတင်းပူးလ်ဆန်၊ နယူးကာဆယ်တိုက်စစ်မှူးဟောင်း သွမ်မဆင်တို့ကို အဓိကထားပြီး ဖွဲ့စည်းထားပါတယ်။ ဒိန်းမတ်အသင်းကတော့ ကမ္ဘာ့ဖလားပြိုင်ပွဲမှာ သမိုင်းမှတ်တမ်းတင်အောင် ကြိုးစားမယ်လို့ နည်းပြမော်တင်အိုဆန်က ပြောကြားနေပါတယ်။

ကင်မရွန်းအသင်း

အာဖရိကခြင်္သေ့တွေလို့ လူသိများတဲ့ ကင်မရွန်းအသင်းဟာ ၂၀၁၀ ကမ္ဘာ့ဖလား ခြေစစ်ပွဲအောင်မြင်ဖို့ နောက်ဆုံးခြေစစ်ပွဲအဖြစ် မော်ရိုကိုအသင်းနဲ့ ကစားရာမှာ နှစ်ဂိုးပြတ်နဲ့နိုင်ပြီး ၂၀၁၀ တောင်အာဖရိက ကမ္ဘာ့ဖလားဘောလုံးပွဲကို ချီတက်နိုင်ခဲ့ခြင်း ဖြစ်ပါတယ်။ ကင်မရွန်း အသင်းရဲ့ဖီဖာသတ်မှတ်ချက် ကမ္ဘာ့အဆင့်ကတော့ ၁၁ ဖြစ်ပြီး အောင်မြင်မှု မှတ်တမ်းကတော့ ၁၉၉၀ ပြည့်နှစ် ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲမှာ ကွာတားဖိုင်နယ်အထိ တက်ရောက်နိုင်ခဲ့တာပဲ ဖြစ်ပါတယ်။

ကင်မရွန်းအသင်းကို နည်းပြအဖြစ် ပေါလ်လီဂန်က တာဝန်ယူမှာဖြစ်ပြီး အသင်းခေါင်းဆောင်ကိုတော့ နာမည်ကြီး အီတူးကို တာဝန်ပေးဖို့ ရွေးချယ်ထားပါတယ်။ အီတူးဟာ အခု ၂၀၁၀ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ အပါအဝင် စုစုပေါင်း ကမ္ဘာ့ဖလားပြိုင်ပွဲခြောက်ကြိမ် ဝင်ရောက်ဆင်နွှဲတဲ့ ဘောလုံးသမားဖြစ်တာမို့ အာဖရိကတိုက်မှာတော့ စံချိန်တင်နိုင်ခဲ့သူဖြစ်ပါတယ်။ ရိုန်းဂျားနည်းပြဟောင်းလည်းဖြစ်တဲ့ ကင်မရွန်းလက်ရှိနည်းပြ ပေါလ်လီဂန်ဟာ ထိပ်တန်းကစားသမားတွေကို စုစည်းပြီး လေ့ကျင့်နေပြီ ဖြစ်ပါတယ်။

ကင်မရွန်းအသင်းမှာ အဓိက ပါဝင်ကစားမယ့်သူတွေကတော့ အင်တာမီလန်မှာ ကစားနေတဲ့ တိုက်စစ်မှူး အီတူး၊ စပါးမှာကစားနေတဲ့ ဘက်ဆွန်း၊ အာဆင်နယ်မှာ ကစားနေတဲ့ အလက်ဇန္ဒားဆောင်းစတဲ့ ဘောလုံးသမားတွေနဲ့ စုဖွဲ့ပြီး အောင်မြင်မှု မှတ်တိုင်သစ်ကိုစိုက်ထူဖို့အတွက် အသင့်အနေအထားရှိနေပြီ ဖြစ်ပါတယ်။

ဂျပန်အသင်း

အာရှမှာခြေစွာတဲ့ ဂျပန်အသင်းဟာ ၂၀၁၀ ကမ္ဘာ့ဖလားပြိုင်ပွဲကို ဆင်နွှဲနိုင်ဖို့ နောက်ဆုံးခြေစစ်ပွဲအဖြစ် ဥဇဘက်ကစ္စတန်ကို တစ်ဂိုး - ဂိုးမရှိနဲ့ အနိုင်ရပြီး တက်ရောက်ခဲ့တာ ဖြစ်ပါတယ်။ အာရှဇုန်ခြေစစ်ပွဲမှာ ဒုတိယနေရာက ခြေစစ်ပွဲအောင်လာတဲ့အသင်းလည်းဖြစ်ပြီး ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲကို လေးကြိမ်မြောက် ခြေစစ်ပွဲအောင်ပြီး တက်ရောက်လာခဲ့တာလည်း ဖြစ်ပါတယ်။

ဂျပန်အသင်းကို နည်းပြအဖြစ် တာကီရှီအိုကာဒါက တာဝန်ယူမှာဖြစ်ပြီး အသင်းခေါင်းဆောင်ကတော့ နာကာမူရာကို ရွေးချယ်တာဝန်ပေးထားပါတယ်။ ဂျပန်အသင်းဟာ ဖီဖာရဲ့ ကမ္ဘာ့အဆင့်သတ်မှတ်ချက် ၄၃မှာရှိနေပြီး အမြင့်ဆုံးအောင်မြင်မှုကတော့ ၂၀၀၂ ခုနှစ်က ပူးတွဲအိမ်ရှင်အဖြစ် ကျင်းပခဲ့တဲ့ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲမှာ ဒုတိယအဆင့် အုပ်စုပတ်လည်ပွဲအထိ ဆင်နွှဲနိုင်ခဲ့ခြင်းဖြစ်ပါတယ်။

ဂျပန်အသင်းမှာတော့ ဆဲလ်တစ် ကွင်းလယ်ကစားသမားဟောင်း နာကာမူရာ(ယခုအက်စ်ပန်းညိုအသင်း)ကို အခြေပြုပြီး ပြည်တွင်းကလပ်တွေမှာ ခြေစွမ်းပြနေတဲ့ ကစားသမားကောင်းတွေနဲ့ စုစည်းထားပါတယ်။ ဂျပန်အသင်းဟာ နည်းစနစ်သစ်တွေ၊ ဗျူဟာခင်းကျင်းမှုသစ်တွေနဲ့ပြင်ဆင်နေပြီး ၂၀၁၀ ကမ္ဘာ့ဖလားမှာ အောင်မြင်မှုရရှိအောင် ကြိုးစားလေ့ကျင့်နေပြီဖြစ်တာမို့ အုပ်စု(c)ဟာလည်း ရင်ခုန်စရာကောင်းတဲ့ အုပ်စုအဖြစ် မြင်တွေ့ရမှာ ဖြစ်ပါတယ်။ ။

ကိုးကား-အင်တာနက်

သောက်သုံးရေပေးဝေ

ကြံခင်းမြို့နယ် ရေနံတောင်ကျေးရွာအုပ်စု ကျည်တိုင်ကွင်းကျေးရွာတွင် သောက်သုံးရေ လုံလောက်စွာ ရရှိစေရန် မေ ၁၇ ရက်က မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ကြီးကြပ်မှုဖြင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့နှင့် မြို့နယ်အသင်းတို့ပူးပေါင်း၍ လီတာ ၂၀ ဆံ့ သောက်သုံးရေသန့်ဘူးများ ပေးဝေစဉ်။ (မြို့နယ်စည်ပင်)

ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ပညာပေးဟောပြော

ရန်ကုန် မေ ၂၈

ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း လိုက်နာရေးနှင့် ယာဉ်အန္တရာယ် ကင်းရှင်းရေး ပညာပေးဟောပြောပွဲကို မေ ၂၂ရက် မွန်းလွဲ ၁နာရီက ရန်ကုန်မြို့ အောင်မင်္ဂလာ အဝေးပြေးစခန်းအုပ်ချုပ်ရေးမှူးရုံးခန်းမ၌ ကျင်းပရာ ရထားပို့ဆောင်ရေး ဝန်ကြီးဌာန၊ ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)မှ ခရိုင်ဦးစီးမှူး ဦးသိန်းဟန်-၂ (ဒုတိယညွှန်ကြားရေးမှူး)က ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာများကို ဆွေးနွေးဟောပြောသည်။ **(ယာပုံ)**

တက်ရောက်

ဆွေးနွေးပွဲတွင် ရန်ကုန်တိုင်း ကြိုးမဲ့ကြေးနန်းဌာန၊ ယာဉ်ထိန်းတပ်ဖွဲ့၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးအဖွဲ့နှင့် ရန်ကုန်တိုင်း မော်တော်ယာဉ်လိုင်းပေါင်းစုံ ထိန်းသိမ်းရေးကော်မတီ (အဝေးပြေး)မှ တာဝန်ရှိသူများတက်ရောက်ခဲ့ပြီး အောင်မင်္ဂလာ အဝေးပြေးဝင်းရှိ ယာဉ်ပိုင်ရှင်၊ ယာဉ်မောင်း၊ ယာဉ်နောက်လိုက်များ တက်ရောက်ကြသည်။

စစ်ဆေး

ဆွေးနွေးပွဲအပြီးတွင် အောင်မင်္ဂလာ အဝေးပြေးဝင်းမှ ထွက်ခွာသော ခရီးသည်တင် ယာဉ်ကြီးများအား ယာဉ်ကြံ့ခိုင်မှု ရှိ မရှိ၊ သတ်မှတ်လိုင်စင်ဖြင့် မောင်းနှင်ခြင်း ရှိ မရှိ၊ မီးသတ်ဆေးဘူးများ တပ်ဆင်ထားခြင်း ရှိ မရှိနှင့် ခရီးသည်များအန္တရာယ် ကင်းရှင်းရေးအတွက် စစ်ဆေးခဲ့သည်။

(ခရိုင် ကညန)

စစ်ကိုင်းတိုင်း ကလေးခရိုင်၌ စီမံကိန်းတာဝန်ပေးအပ်

ကလေး မေ ၂၈

စစ်ကိုင်းတိုင်း ကလေးခရိုင်၏ ၂၀၁၀-၂၀၁၁ခုနှစ် စီမံကိန်းတာဝန်ပေးအပ်ပွဲ အခမ်းအနားကို မေ ၂၃ရက် နံနက် ၆နာရီက ကလေးမြို့ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမဆောင်၌ ကျင်းပသည်။

အခမ်းအနားတွင် မင်းကင်း၊ ကလေးဝနှင့် ကလေးမြို့နယ်တို့မှ မြို့နယ်ဥက္ကဋ္ဌများက ၂၀၀၉-၂၀၁၀ခုနှစ် စီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းတင်ပြကြပြီး ခရိုင်စိုက်ပျိုးရေးမန်နေဂျာ ဦးခင်မောင်ထွန်းက ယခင်နှစ်စိုက်ပျိုးထုတ်လုပ်နိုင်မှုနှင့် ယခုနှစ်အတွက် ဆောင်ရွက်သင့်သည့်လုပ်ငန်းများကို ရှင်းလင်းတင်ပြသည်။

ဆွေးနွေးမှာကြား

ထို့နောက် ခရိုင်စီမံကိန်းဦးစီးအရာရှိ ဒေါ်အေးအေးမြတ်က ယခင်နှစ် သုံးမြို့နယ်စလုံး၏ဆောင်ရွက်ချက်များကို ရှင်းလင်းတင်ပြပြီးနောက် ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကြည်ဝင်းက ခရိုင်တစ်ခုလုံး၏ ယခင်နှစ်စီမံကိန်းအပေါ် အားသာချက်၊ အားနည်းချက်များနှင့် ယခုနှစ် ဆက်လက်အကောင်အထည်ဖော်ရမည့် လုပ်ငန်းများကို သုံးသပ်ဆွေးနွေးမှာကြားသည်။ ***(ခရိုင် ပြန်/ဆက်)***

စေ့စပ်ကြောင်းလမ်းမင်္ဂလာ ကျေးဇူးတင်လွှာ

ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ နမ့်ဆန်မြို့နှင့်
ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ ဓမ္မာရုံလမ်း၊ ခြံအမှတ်(၂၇)နေ
ဦးအိုက်ကျောင်း(ရွှေဖီဦးလက်ဖက်စို/ခြောက်စက်ရုံ)-ဒေါ်မြသောင်းတို့၏သားကြီး

Nelson Rweel @ V.Dian ထွန်းမြိုင်
M.D(Shwe Pan Law Services Co., Ltd.),
Nelson English Language Centre(NELC),
Nelson International Education Centre(NIEC),
Boston English Language Academy

နှင့်

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ သံလွင်လမ်း၊ ခြံအမှတ်(99 E 2/2)နေ
ဦးမြင့်မော်[ညွှန်ကြားရေးမှူး(ငြိမ်း)ပို့ဆောင်ရေးစီမံကိန်းဦးစီးဌာန]
M.D(Shwe Thiri Transport Service Co., Ltd.)-ဒေါ်ဇင်သီယုတို့၏
တစ်ဦးတည်းသောသမီး

သန့်သီရိသက်

B.A(I.R)(Hons:),M.A (International Relations),
Diploma in Computer Application
Diploma in English (SEAMEO)
Researcher(Business Insight Department, MMRD Co., Ltd.)

တို့သည် ၂၂-၅-၂၀၁၀ရက်တွင် Traders Hotel ကုန်းဘောင်တကောင်းခန်းမ၌ နှစ်ဖက်သော မိဘဆွေမျိုးများနှင့် ဂုဏ်သရေရှိလူကြီးမင်းများရှေ့မှောက်တွင် စေ့စပ်ကြောင်းလမ်းခြင်းမင်္ဂလာ အခမ်းအနား ကျင်းပပြုလုပ်ပြီး ဖြစ်ပါသည်။ အခမ်းအနားတွင် တက်ရောက်ချီးမြှင့်ပေးကြပါသော ဒုတိယဗိုလ်ချုပ်ကြီးကျော်သန်း(ငြိမ်း)နှင့်ဇနီး ဒေါ်ခင်ဆွေညွန့်၊ ဗိုလ်ချုပ်တင်ငွေ(ငြိမ်း)နှင့်ဇနီး ဒေါ်လှဝင်း၊ မင်္ဂလာလက်စွပ်ဆင်မြန်းချီးမြှင့်ပေးပါသော ဦးကျော်ဆန်း(ညွှန်ကြားရေးမှူးချုပ်၊ငြိမ်း၊ ပို့ဆောင်ရေးစီမံကိန်းဦးစီးဌာန) - ဒေါ်ခင်သန်းမြင့်၊ မင်္ဂလာစကား ပြောကြားပေးကြပါသော ဦးထွန်း၀ (မြန်မာနိုင်ငံ တအောင်းပလောင်စာပေနှင့် ယဉ်ကျေးမှုကော်မတီနာယက)နှင့် ဦးသန်းဝင်း (အထွေထွေမန်နေဂျာ-ငြိမ်း၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန)၊ အခမ်းအနားမှူးအဖြစ် ဆောင်ရွက်ပေးပါသော ဦးသိန်းလှမော်အားလည်းကောင်း၊ အခမ်းအနားသို့ တက်ရောက်ချီးမြှင့်ပေးကြပါသော ဂုဏ်သရေရှိလူကြီးမင်းများနှင့် ဆွေမျိုးမိတ်သင်္ဂဟအားလုံးကိုလည်းကောင်း လှိုက်လှဲစွာ ကျေးဇူးတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
Nelson-သီရိ။

နိုင်ငံခြားရေးဝန်ကြီးဌာန
အခြေခံသံတမန်ရေးရာကျွမ်းကျင်မှုသင်တန်း
(Certificate Course in Basic Diplomatic Skills)
သင်တန်းအမှတ်စဉ်(၂၄)အတွက်
သင်တန်းသားခေါ်ယူခြင်း

နိုင်ငံခြားရေးဝန်ကြီးဌာန အငြိမ်းစားသံအမတ်ကြီးများနှင့် ဝါရင့်သံတမန်ကြီးများ၊ ကျွမ်းကျင်သူ ပညာရှင်များကိုယ်တိုင်ပို့ချမည့် အခြေခံသံတမန်ရေးရာကျွမ်းကျင်မှုသင်တန်း အမှတ်စဉ်(၂၄)ကို မကြာမီဖွင့်လှစ်တော့မည်ဖြစ်ပါ၍ နိုင်ငံတကာရေးရာကိစ္စများတွင် စိတ်ပါဝင်စားသူများ၊ နိုင်ငံတကာနှင့် ဆက်ဆံမှုရှိသည့် စီးပွားရေးလုပ်ငန်းများမှ လုပ်ငန်းရှင်များ၊ ကုမ္ပဏီဒါရိုက်တာများ၊ ဝန်ထမ်းများ စာရင်းသွင်းတက်ရောက်နိုင်ကြောင်း ကြေညာအပ်ပါသည်။ သင်တန်းတွင် နိုင်ငံတကာနှင့် ဆက်သွယ်ဆောင်ရွက်ပုံများ၊ သံတမန်ရေးရာ (Protocol)၊ အပြည်ပြည်ဆိုင်ရာ ညီလာခံနှင့် အစည်းအဝေးကျင်းပခြင်း (International Conferencing)၊ သံတမန်စာပေးစာယူဆက်သွယ်မှု (Diplomatic Correspondence)၊ စေ့စပ်ညှိနှိုင်းခြင်း နည်းလမ်းများ(Negotiating Techniques)၊ အပြည်ပြည်ဆိုင်ရာ လူမှုဆက်ဆံရေးတွင် သိမှတ်ဖွယ်ရာများ စသည့် ဘာသာရပ်များကို အထူးပြုသင်ကြားပေးမည်ဖြစ်ပါသည်။

၁။ တက်ရောက်နိုင်သူများ	- တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရပြီးသူများ (စီးပွားရေးလုပ်ငန်းရှင်များအတွက် ပညာအရည်အချင်း ကန့်သတ်ချက်ကိုလျှော့ပေါ့စဉ်းစားပါမည်။)
၂။ သင်တန်းကာလ	- ရက်သတ္တပတ်(၁၂)ပတ်
၃။ သင်တန်းနေရာ	- "မဟောသဓာ"ခန်းမဆောင်၊ ပြည်လမ်း နိုင်ငံခြားရေးဝန်ကြီးဌာန၊ ရန်ကုန်မြို့။

သင်တန်းလျှောက်လွှာများကို နိုင်ငံခြားရေးဝန်ကြီးဌာန၊ လေ့ကျင့်ရေး၊ သုတေသနနှင့် နိုင်ငံခြားဘာသာ ဦးစီးဌာနတွင် ၂၀၁၀ ခုနှစ် ဇွန်လ (၈)ရက် နောက်ဆုံးထားလက်ခံပါမည်။ သင်တန်းသား ဦးရေကန့်သတ်ထားပါသဖြင့် အမြန်ဆုံးစာရင်းပေးသွင်းကြပါရန်။ သင်တန်းနှင့် ပတ်သက်၍ အသေးစိတ်ကို ရုံးချိန်အတွင်း အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

ဖုန်း-၂၂၁၅၃၁၊ ၂၁၁၀၉၉၊ ၂၂၂၀၂၈
သင်တန်းကြီးကြပ်မှုကော်မတီ
နိုင်ငံခြားရေးဝန်ကြီးဌာန၊ ရန်ကုန်မြို့။

မွေးနေ့ ဆုမွန်လွှာ

ကိုကြီး၏ ချစ်ဇနီး မေရီလေး၏ ၂၉-၅-၂၀၁၀ ရက်တွင် ကျရောက်သော မွေးနေ့မှသည် နောင်နှစ်ပေါင်းများစွာတိုင်အောင် စိတ်၏ ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့် ပြည့်စုံပြီး ကိုကြီးနှင့်အတူ တိုးတက်ပျော်ရွှင် ငြိမ်းချမ်းဖွယ်ကောင်းသော ဘဝ တစ်ခုကို ထာဝရ ပိုင်ဆိုင်နိုင်ပါစေဟု ဆုမွန်ကောင်း တောင်းလျက် —

ချစ်ခင်ပွန်း-ဗိုလ်ကြီးအောင်မျိုးဝင်း
B.E (D.S.T.A)

ပြင်ဆင်ဖတ်ရှုပါရန်

၂၈-၅-၂၀၁၀ရက်ထုတ် ဤ သတင်းစာ စာ-၁၃ ပါ မေစင်ကို(ခ)ပိုးအိ၏ (၂)နှစ်ပြည့် မွေးနေ့ဆုမွန်လွှာကြော်ငြာတွင်
ဖေဖေ - ဗိုလ်မှူးကိုကိုတင် (ငြိမ်း၊ ဒုတိယညွှန်ကြားရေးမှူးချုပ်)၊ ပညာရေးဝန်ကြီးဌာန၊ အစား
ဖေဖေ - ဗိုလ်မှူးကိုကိုတင် (ငြိမ်း) ဒုတိယညွှန်ကြားရေးမှူးချုပ် ပညာရေးဝန်ကြီးဌာနဟု ပြင်ဆင်ဖတ်ရှုပါရန်။



ရွှေပြည်တန်အထည်ဆိုင်

မင်္ဂလာဈေးမြေညီ ၄၃၂ ရွှေပြည်တန်အထည်ဆိုင်
မင်္ဂလာဈေးမြေညီ ၇၃၂ ရွှေပြည်တန်ပုဆိုးဆိုင်
မင်္ဂလာဈေးမြေညီ ၃၈၁ အောင်သီရိအထည်ဆိုင်တို့ကို

ပြောင်းရွှေ့ခြင်း

No. (၅၅/၅၃) မြေညီထပ်
လမ်း(၁၂၀)၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ မင်္ဂလာဈေးအနီးသို့
ပြောင်းရွှေ့ရောင်းချပေးနေပါသည်။
ဖုန်း-၀၁-၂၀၁၂၉၈၊ ၀၁-၇၃၀၀၉၇၁၃
၀၉-၅၀၀၄၆၁၆၊ ၀၉-၅၁၅၄၅၃၁၊ ၀၉-၅၁၀၄၈၉၈။

သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ကျွန်တော် ကျွန်မတို့၏သား မောင်အောင်မင်းသူ ၁၂/ဗဟန(နိုင်) ၁၀၀၂၁၅ သည် မိဘအား အမျိုးမျိုး စိတ်ဆင်းရဲအောင် ပြုလုပ်ပါသဖြင့် အမွေစားအမွေခံသားအဖြစ်မှ အမွေပြတ် စွန့်လွှတ်လိုက်သည်။

နောက်နောင် ၎င်းနှင့်ပတ်သက်၍ မည်သည့်ကိစ္စကိုမျှ တာဝန်မယူပါ။

(စုံစမ်းမေးမြန်းခြင်းသည်းခံပါ)
ဖခင်-ဦးအောင်စိုးနိုင်
၉/မကန(နိုင်)၀၄၅၆၄၆
မိခင်-ဒေါ်ကျင်ရွှေ
၉/မကန(နိုင်)၀၅၃၇၀၄။

ကျောင်းအပ်နှံရေး ဂန့်ဂေါ၌ ကျင်းပ

ဂန့်ဂေါ မေ ၂၈

၂၀၁၀ -၂၀၁၁ ပညာသင်နှစ် မြို့နယ်လုံးကျွတ် ကျောင်းအပ်နှံရေး အခမ်းအနားကို မေ ၂၇ ရက် နံနက် ၉ နာရီက ဂန့်ဂေါမြို့ မြောက်ကုန်းရပ်ကွက် မူလတန်းလွန်ကျောင်း၌ ကျင်းပရာ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြင့်လှိုင်နှင့် မြို့နယ်ပညာရေးကော်မတီဥက္ကဋ္ဌ ဦးကျော်ခိုင်တို့က အမှာစကား ပြောကြားကြသည်။

ထို့နောက် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ စေတနာရှင်များက ဆင်းရဲနွမ်းပါးသော ကျောင်းသား ကျောင်းသူများအတွက်ပညာသင်ထောက်ပံ့ငွေကျပ်သုံးသိန်းကျော်ကို မြို့နယ်ပညာရေးမှူးထံ ပေးအပ်လှူဒါန်းကြသည်။ (၀၇၁)

ငါးသယံဇာတထိန်းသိမ်းရေး ပညာပေးဟောပြော

ရန်ကုန် မေ ၂၈

ရန်ကုန်တိုင်း ငါးလုပ်ငန်းဦးစီးဌာနမှူး၏ စီစဉ်လမ်းညွှန်ချက်အရ ရန်ကုန် မြောက်ပိုင်းခရိုင် ထန်းတပင်မြို့နယ်တွင်ငါးသယံဇာတထိန်းသိမ်းရေး ပညာပေး ဟောပြောခြင်းကို မေ ၂၀ ရက်က ထန်းတပင်မြို့နယ် ငါးလုပ်ငန်း ဦးစီးဌာနမှူးရုံးတွင် ကျင်းပရာ ခရိုင်ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးဘုန်းဝေဦး၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး ဦးဇော်ဝင်းအောင်နှင့် မြို့နယ်ငါးလုပ်ငန်းဦးစီးမှူးဦးမျိုးအောင်တို့က ရေချိုငါးလုပ်ငန်း ဥပဒေများ ရှင်းလင်းဟောပြောခြင်း၊ ငါးသယံဇာတ ထိန်းသိမ်းရေး လုပ်ငန်းများ ရှင်းလင်းဟောပြောခြင်း၊ ငါးမျိုးသုဉ်းစေမည့် နည်းမျိုးစုံဖြင့် ငါးဖမ်းဆီးခြင်း မပြုလုပ်ရေး၊ ငါးရစ် ငါးသန်ရာသီတွင် ငါးဖမ်းဆီးခြင်း မပြုလုပ်ကြရန်နှင့် အထူးသဖြင့် ဘက်ထရီလျှော့တိုက် ငါးဖမ်းနည်းကို လုံးဝ မပြုလုပ်ကြရန် ဟောပြောကြသည်။ **(အပေါ်ပုံ)**

(၁၁၃)

အမည်ပြောင်း	ဦးခင်ဇော်၏သား၊ အမက(၃၈) မင်္ဂလာဒုံ ပထမတန်းမှ မောင်ရဲဇော်ပိုင်အား မောင်ဩရှင်းသန့်ဟု ပြောင်းလဲခေါ်ပါရန်။ **မောင်ဩရှင်းသန့်။**

ကလောမြို့နယ်တွင် ရေပေးဝေရေးလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်လျက်ရှိရာ ကလောမြို့နယ် အောင်ပန်းမြို့ ရပ်ကွက်များအတွင်း ရေသယ်ယာဉ်များဖြင့် သောက်သုံးရေဖြန့်ဝေပေးခြင်းကို မေ ၁၃ ရက်က မြို့နယ်ဥက္ကဋ္ဌ ဦးသိန်းဇော်၊ အမှုဆောင်အရာရှိ ဦးစိုးလင်းနှင့် ဝန်ထမ်းများ ကွင်းဆင်းဆောင်ရွက်ကြစဉ်။ (မြို့နယ်စည်ပင်)

မေ ၁၂ရက်က ကွတ်ခိုင်မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ဆောင်ရွက်ပြီးစီးခဲ့သော ကျေးလက်စက်ရေတွင်းများ စဉ်ဆက်မပြတ် အသုံးပြုနိုင်စေရေးအတွက် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြတ်သိန်းထွန်း၊ အမှုဆောင်အရာရှိ ဦးနန်းဇိန်းလှအောင်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးအောင်မောင်းတို့က မော်ဟိတ်ကျေးရွာ စက်ရေတွင်း အသုံးပြုနေမှု အခြေအနေကို ကွင်းဆင်းစစ်ဆေးစဉ်။ (မြို့နယ် ပြန်/ဆက်)

စလင်းမြို့နယ်အတွင်း သောက်သုံးရေခက်ခဲသော ကျေးရွာများကို စလင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် ရေသယ်ယာဉ်ဖြင့်ရေဖြန့်ဝေပေးလျက်ရှိရာ သမန်းကျင်းကျေးရွာအုပ်စု ဒီးဒုတ်ပင်(ရွာသစ်) ကျေးရွာ၌ မေ ၁၇ရက်က ရေဖြန့်ဝေပေးမှုကို တာဝန်ခံအင်ဂျင်နီယာ ဦးကျော်မင်းသန့် ကြီးကြပ်ဆောင်ရွက်ပေးစဉ်။ (မြို့နယ်စည်ပင်)

ကျိုက်ထိုမြို့နယ် ဝင်းကံကျေးရွာတွင် အမက(မူလွန်) ကျောင်းဆောင်သစ်လွှဲပြောင်းပေးအပ်

ကျိုက်ထို မေ ၂၂

ကျိုက်ထိုမြို့နယ် ဝင်းကံကျေးရွာတွင် အမက(မူလွန်) ကျောင်းဆောင်သစ် လွှဲပြောင်းပေးအပ်ပွဲအခမ်းအနားကို မေ ၈ရက် နံနက် ၉နာရီက အဆိုပါကျောင်းဆောင်သစ်၌ ကျင်းပသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

ရှေးဦးစွာ အဆိုပါကျောင်းဆောင်သစ်ကို မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးတင်အောင်ဝင်း၊ ကျောင်းဆောက်လုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအာထူးနှင့် အမက ဝင်းကံကျောင်းအုပ်ဆရာကြီး ဦးသန့်ဇင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ရှင်းလင်းဆွေးနွေး

ထို့နောက် ကျောင်းဆောင်သစ် လွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးတင်အောင်ဝင်းနှင့် ကျောင်းအုပ်ဆရာကြီး ဦးသန့်ဇင်တို့က အမှာစကားပြောကြားပြီး မြို့နယ်မြေစာရင်းဦးစီးဌာနမှူး ဦးစံမောင်က မြေယာဥပဒေများကိုလည်းကောင်း၊ မြို့နယ်နှစ်ရှည်ပင်မန်နေဂျာ ဦးအေးချို့ထွန်းက ရော်ဘာစိုက်ပျိုးခြင်းကိုလည်းကောင်း၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ခင်စောလင်းက ကျေးရွာစာကြည့်တိုက် ရေရှည်တည်တံ့ရေးကိုလည်းကောင်း၊ သိမ်ဇရပ်စခန်းမှူး ရဲအုပ်မြင့်သိန်းဦးက လုံခြုံရေးဆိုင်ရာများကိုလည်းကောင်း ရှင်းလင်းဆွေးနွေးကြသည်။

လွှဲပြောင်းပေးအပ်

ဆက်လက်၍ ကျောင်းဆောက်လုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးအာထူးက ကျောင်းဆောင်နှင့်ပတ်သက်သော စာရွက်စာတမ်းများကို ကျောင်းအုပ်ဆရာကြီး ဦးသန့်ဇင်ထံ လွှဲပြောင်းပေးအပ်ပြီး ကျေးရွာရပ်မိရပ်ဖဦးစိုးဟန်က ကျေးဇူးတင်စကားပြောကြားသည်။

အကုန်အကျခံတည်ဆောက်

အဆိုပါ ကျောင်းဆောင်သစ်သည် အလျား ၄၅ပေ၊ အနံ ပေ ၃၀၊ အမြင့် ၁၀ပေရှိ အုတ်ပတ်ကား၊ သွပ်မိုး၊ သမံတလင်းခင်းဖြစ်ပြီး မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ငွေကျပ် ၁၀သိန်း၊ ကျေးရွာပြည်သူများမှ ထည့်ဝင်ငွေကျပ် ၂၅သိန်း စုစုပေါင်း ငွေကျပ်၃၅သိန်း အကုန်အကျခံ တည်ဆောက်ခဲ့ခြင်းဖြစ်သည်။

(မြို့နယ် ပြန်/ဆက်)

ကျောင်းအပ်နှံရေးနေ့ အခမ်းအနား တာချီလိတ်၌ ကျင်းပ

တာချီလိတ် မေ ၂၇

၂၀၁၀-၂၀၁၁ ပညာသင်နှစ် တာချီလိတ်မြို့နယ် ကျောင်းအပ်နှံရေးနေ့အခမ်းအနားကို မေ ၂၆ရက် နံနက် ၉နာရီက တာချီလိတ်မြို့ အခြေခံပညာအထက်တန်းကျောင်း (မကာဟိုခမ်း)၌ကျင်းပရာ အခမ်းအနားတွင် ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကျော်စွာထွန်း**(အပေါ်ပုံ)**က အမှာစကားပြောကြားပြီး ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာများနှင့် အလှူရှင်များက ပညာရေးအလှူငွေများ ပေးအပ်လှူဒါန်းရာ ခေတ္တ မြို့နယ်ပညာရေးမှူး ဦးအတူးက လက်ခံယူသည်။

လက်ခံ

ဆက်လက်၍ ကျောင်းသား ကျောင်းသူများ၏ ဝင်ခွင့်လျှောက်လွှာများကို တာချီလိတ်ခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်မှုကော်မတီ ဥက္ကဋ္ဌ ဒေါ်ချောစုဝင်း၊ မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ခင်ညီလာကျော်တို့က ပေးအပ်ရာ ခေတ္တမြို့နယ်ပညာရေးမှူးက လက်ခံယူသည်။ **(၀၁၆)**

မြို့နယ် သတင်း ထွေထွေ

KMD Computer Group ၏ Lenovo ပစ္စည်းအသစ် မိတ်ဆက်ပွဲကျင်းပ

ရန်ကုန် မေ ၂၈

KMD Computer Group ၏ Lenovo ပစ္စည်းအသစ် မိတ်ဆက်ပွဲကို မေ ၂၅ရက် နံနက် ၁၀နာရီက ရန်ကုန်မြို့ရှိ ကုန်သည်ကြီးများဟိုတယ်၌ ကျင်းပသည်။

ရှေးဦးစွာ Lenovo မှ Vice President & General Manager, Mr. Howie Lau က နှုတ်ခွန်းဆက်စကားပြောကြားသည်။ ထို့နောက် KMD Computer Group မှ Chairman & CEO ဦးသောင်းတင်က Lenovo Product များကမ္ဘာတွင် သာမက မြန်မာနိုင်ငံ ဈေးကွက်အတွင်းပါ လျင်လျင်မြန်မြန် ထိုးဖောက်နေရာရရှိခဲ့မှုကို ရှင်းလင်းတင်ပြပြီး Lenovo မှ အသစ်ထွက်ရှိသော Product များကို ပြသသည်။

ရပ်တည်နေဆဲ

Lenovo Product များကို အသုံးပြုသူများအကြိုက် ဒီဇိုင်းအမျိုးမျိုး၊ နည်းပညာစုံစုံလင်လင်၊ စီးပွားရေးလုပ်ငန်းသုံး ကွန်ပျူတာမျိုးစုံတို့ကို ထုတ်လုပ်ရောင်းချလျက်ရှိရာ Lenovo Product များသည် ၂၀၀၂ခုနှစ်မှစ၍ Asia Pacific တွင် အရောင်းရဆုံးအဖြစ် ရပ်တည်ခဲ့ရာ ရှစ်နှစ်ကြာ ထိပ်ဆုံးမှ ရပ်တည်နေဆဲဖြစ်သည်။

ထို့နောက် Lenovo မှ Commercial Product Manager, Mr. Fang Mei က Business သုံး Lenovo Notebook များနှင့် All in One PC များအကြောင်းကို ပရိုဂျက်တာဖြင့် ရှင်းလင်းတင်ပြသည်။ ယင်းနောက် စာနယ်ဇင်းများမှ သိရှိလိုသည်များကို မေးမြန်းရာ တာဝန်ရှိသူများက ပြန်လည်ဖြေကြားကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

စုံစမ်းနိုင်

Lenovo Product များကို KMD Computer Group မှ တရားဝင်ကိုယ်စားလှယ်အဖြစ် မြန်မာနိုင်ငံ ဈေးကွက်အတွင်းသို့ ဖြန့်ဖြူးပေးလျက်ရှိပြီး အသေးစိတ်သိရှိလိုပါက KMD ဖုန်း-၂၄၅၁၈၀၊ ၃၈၄၁၀၉နှင့် ၅၀၃၅၁၁တို့သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**

ငါန်းဇွန်မြို့နယ်၌ ဝါစိုက်တောင်သူများအား စိုက်ပျိုးရေးပညာပေးဆွေးနွေး

ငါန်းဇွန် မေ ၂၁

*ငါန်းဇွန်မြို့နယ် ၂၀၁၀-၂၀၁၁ခုနှစ် မိုးနှင့် မိုးနှောင်းတွင် ငွေချည် (၆)ဝါ စိုက်ဧက ၁၄၅၀၀ အပြည့်အဝ စိုက်ပျိုးနိုင်ရေးအတွက် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးသက်နိုင်၊ မြန်မာ့ဝါနှင့်ပိုးချည်လုပ်ငန်းဌာနမန်နေဂျာ ဦးစန်းလွင်နှင့် ဝန်ထမ်းများ ဦးဆောင်၍ မေ ၁၁ရက် နံနက် ၁၀နာရီက မြို့မရှေ့တန်းစခန်း ရွာသစ်ကျေးရွာအုပ်စု**(အပေါ်ပုံ)**၌လည်းကောင်း၊ ၁၂ရက် နံနက် ၉နာရီက ခြသေ့်လက်ရှေ့တန်းစခန်း ခြသေ့်လက်ကျေးရွာအုပ်စု၌လည်းကောင်း၊ ၁၄ရက် ညနေ ၃နာရီက ဂျိုရှေ့တန်းစခန်း တောင်လယ်တောကျေးရွာအုပ်စု၌လည်းကောင်း ငွေချည် (၆) ဝါစိုက်တောင်သူများအား စိုက်ပျိုးရေးပညာပေးဆွေးနွေးပွဲများ ကျင်းပသည်။*

ရှင်းလင်းဆွေးနွေး

အဆိုပါအခမ်းအနားတွင် တက်ရောက်လာသော စံပြဝါစိုက်တောင်သူပေါင်း ၃၁၅ဦးတို့အား မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးသက်နိုင်နှင့် မြန်မာ့ဝါနှင့်ပိုးချည်လုပ်ငန်းမန်နေဂျာ ဦးစန်းလွင်တို့က စိုက်ပျိုးရေးနှင့်ပတ်သက်၍ ရေရရှိရေး၊ မျိုးကောင်းမျိုးသန့်များ အသုံးပြုရေးနှင့် ဆေးသုံးစွဲပုံနည်းစနစ် မှန်ကန်ရေးတို့ကို ရှင်းလင်းဆွေးနွေးပြောကြားပြီးနောက် မျိုးကောင်းမျိုးသန့် ခြံမျိုးစေ့များကို တောင်သူများ၏လက်ဝယ် ဖြန့်ဖြူးပေးသည်။ ***(မြို့နယ် ပြန်/ဆက်)***

ငါးသယံဇာတထိန်းသိမ်းရေး အသိပညာပေးရှင်းလင်း

သံဖြူဇရပ် မေ ၂၃

မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန လက်အောက်ရှိ ငါးလုပ်ငန်းဦးစီးဌာန (ရုံးချုပ်)၏ ဦးဆောင်မှု၊ မွန်ပြည်နယ် ငါးလုပ်ငန်းဦးစီးဌာနရုံး၏ ကြီးကြပ်မှုဖြင့် သံဖြူဇရပ်မြို့နယ် ငါးလုပ်ငန်းဦးစီးဌာနသည် ကျိုက္ခမီမြို့ အောင်သုခရပ်ကွက်ရုံး၌ ရေချိုငါးလုပ်ငန်းဆိုင်ရာ အသိပညာပေး ရှင်းလင်းပွဲကို မေ ၁၁ရက် နံနက်က ကျင်းပသည်။

ရှင်းလင်းပြောကြား

အသိပညာပေးရှင်းလင်းပွဲတွင် သံဖြူဇရပ်မြို့နယ် ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးလှမင်းဇော်က ငါးရစ်ငါးသန်ရာသီ၌ ငါးမဖမ်းဆီးရေး၊ ဥကပ်နေသည့် ရေချိုပုစွန်များ မဖမ်းဆီးရေး၊ ဘက်ထရီရှော့ခ်တိုက် ငါးဖမ်းနည်းဖြင့် ငါးမဖမ်းဆီးရေးနှင့် ပြစ်မှုပြစ်ဒဏ်များကို အကျယ်တဝင့် ရှင်းလင်းပြောကြားပြီး **(အောက်ပုံ)** ရေလုပ်သားများအား ပြည်နယ်ရုံးမှ ပေးပို့သောမုန်တိုင်းအကြောင်း သိကောင်းစရာစာအုပ်နှင့် ငါးလုပ်ငန်း အသိပညာပေး လက်ကမ်းစာစောင်များကို ပေးဝေသည်။

အခမ်းအနားသို့ မြို့နယ်ငါးလုပ်ငန်းဦးစီးမှူး ဦးလှမင်းဇော်၊ ဒုတိယဦးစီးမှူး ဦးဇော်မင်းနိုင်၊ အောင်သုခရပ်ကွက်ဥက္ကဋ္ဌ ဦးကျော်ထူးနှင့် ငါးသယံဇာတ ထိန်းသိမ်းရေးအဖွဲ့ဝင်များ၊ ကျားပိုက်ငါးဖမ်းလုပ်ငန်းရှင်များ တက်ရောက်ကြသည်။

(မြို့နယ် ပြန်/ဆက်)

ပညာတန်ဆောင်ကျေးရွာစာကြည့်တိုက် အဆောက်အအုံသစ် တိုက်ကြီးမြို့နယ် ကန်ကလေး(အေ)ကျေးရွာတွင် ဖွင့်လှစ်

တိုက်ကြီး မေ ၂၆

ရန်ကုန်မြောက်ပိုင်းခရိုင် တိုက်ကြီးမြို့နယ် ကန်ကလေး(အေ)ကျေးရွာတွင် မေ ၁၃ရက် မွန်းတည့် ၁၂နာရီက ပညာတန်ဆောင်ကျေးရွာစာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်ပွဲ အခမ်းအနားကျင်းပရာ တိုက်ကြီးနယ်မြေခံတပ်နယ်မှ ဗိုလ်မှူးကြီး အောင်သီဟ၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးတင်ဆွေမြင့်နှင့် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ချစ်ချစ်သန်းတို့က အဆောက်အအုံသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(အောက်ပုံ)**

ထို့နောက် အလှူရှင်များက သုတ၊ ရသ စာအုပ် စာစောင်များကိုလည်းကောင်း၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌက စာကြည့်တိုက် ငွေပဒေသာပင်အတွက် အလှူငွေကျပ် ၅၀၀၀၀ ကိုလည်းကောင်း ပေးအပ်လှူဒါန်းရာ ကျေးရွာဥက္ကဋ္ဌ ဦးညွန့်ဝေက လက်ခံယူသည်။ **(မြို့နယ် ပြန်/ဆက်)**

သင်ကြားရေးနှင့် စွမ်းရည်မြင့်သင်တန်း သီပေါ၌ဖွင့်

သီပေါ မေ ၁၉

ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့နယ် ပညာရေးကော်မတီကကြီးမှူး၍ အခြေခံပညာအဆင့်အင်္ဂလိပ်စာနှင့် သင်္ချာဘာသာရပ်သင်ကြားမှု စွမ်းရည်မြင့်မားရေး မြို့နယ်အဆင့် ဆင့်ပွားသင်တန်းဖွင့်ပွဲကို မေ ၃ရက် နံနက် ၁၀နာရီက အခြေခံပညာအထက်တန်းကျောင်း မြည်လာခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်ပညာရေးကော်မတီဥက္ကဋ္ဌ၊ သီပေါမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကျော်ကျော်မောင်တို့က အမှာစကားပြောကြားပြီး မြို့နယ်ပညာရေးမှူး ဦးသန်းဆွေက သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်နှင့် သင်တန်းစည်းကမ်းများကို ရှင်းလင်းပြောကြားသည်။

တက်ရောက်

အဆိုပါ ဆင့်ပွားသင်တန်းသို့ သီပေါမြို့နယ်အတွင်းရှိ အထက်တန်း၊ အလယ်တန်းနှင့် မူလတန်းကျောင်းများမှ သင်တန်းသားဆရာ ဆရာမ ၁၄၇ဦး တက်ရောက်ကြသည်။ **(၀၂၀)**

ပြန်ကြားရေးဝန်ကြီးဌာန
သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း
40 KVA (သို့မဟုတ်) 50 KVA မီးစက်(၂)လုံး ဝယ်ယူရန်
တင်ဒါခေါ်ယူခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာန၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းအတွက် အသုံးပြုရန်လိုအပ်သော 40 KVA (သို့မဟုတ်) 50 KVA မီးစက်(၂)လုံး အောက်ဖော်ပြပါအတိုင်း ဝယ်ယူလိုပါသည်-

(က) 40 KVA (သို့မဟုတ်) 50 KVA (၂)လုံး
(Brand New Generator Set)

၂။ တင်ဒါပေးသွင်းမှုကို ၁၁-၆-၂၀၁၀ရက် ၁၆း၃၀ နာရီတွင် ပိတ်ပါမည်။

၃။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက်စုံစမ်း ဝယ်ယူနိုင်ပါသည်-

ပြည်တွင်း/ပြည်ပ ပစ္စည်းများဝယ်ယူရေးနှင့်
ထုခွဲရောင်းချရေးကော်မတီ
ပြန်ကြားရေးဝန်ကြီးဌာန
မြန်မာ့ရုပ်ရှင်လုပ်ငန်း
အမှတ်(၂၈)၊ ကုက္ကိုင်း ရိပ်သာလမ်း
ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့
ဖုန်း-၅၃၄၅၇၄၊၅၃၆၀၂၉။

ပြန်ကြားရေးဝန်ကြီးဌာန
သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းအတွက်
စက်အရန်ပစ္စည်းများဝယ်ယူရန်
တင်ဒါခေါ်ယူခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာန၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းအတွက် စက်အရန်ပစ္စည်းများကို အောက်ပါအတိုင်း ဝယ်ယူလိုပါသည် -

(က) Goss Community 4 Unit Web Offset (၁၀) မျိုး
(ခ) Roland Sheetfed Offset (၈) မျိုး
(ဂ) NBG 413 Sheetfed Offset (၈) မျိုး

၂။ တင်ဒါပေးသွင်းမှုကို ၁၁-၆-၂၀၁၀ရက် ၁၆း၃၀နာရီတွင် ပိတ်ပါမည်။

၃။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက်စုံစမ်း ဝယ်ယူနိုင်ပါသည်။

ပြည်တွင်း/ပြည်ပ ပစ္စည်းများဝယ်ယူရေးနှင့်
ထုခွဲရောင်းချရေးကော်မတီ
ပြန်ကြားရေးဝန်ကြီးဌာန
မြန်မာ့ရုပ်ရှင်လုပ်ငန်း
အမှတ်(၂၈)၊ ကုက္ကိုင်းရိပ်သာလမ်း
ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့
ဖုန်း-၅၃၄၅၇၄၊ ၅၃၆၀၂၉။

ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာချက်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ဗျိုင်းရေအိုးစင်ကွက်သစ်ရပ်ကွက်၊ ဗျိုင်းရေအိုးစင်လမ်း၊ အမှတ် ၆၇ဟု ခေါ်တွင်သည့် မြေကွက်ပေါ်ရှိ(အလျား ၁၅ပေ× အနံ ၅၅ပေ)ရှိသော တတိယလွှာ (ခြေရင်းခန်း) တိုက်ခန်းတစ်ခန်း၊ ရေမီးအစုံနှင့် အရပ်ရပ် အကျိုးခံစားခွင့်များအားလုံးကို မြေနှင့်တိုက်ခန်းပိုင်ရှင်အဖြစ် လက်မှတ်ရေးထိုးရောင်းချထား၍ ဝယ်ယူလက်ရောက်ရရှိထားသူထံမှ ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူကတစ်ဆင့် ထပ်မံဝယ်ယူရန်အတွက် တိုက်ခန်းတန်ဖိုးစရန်ငွေ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ထို့ကြောင့် အထက်ဖော်ပြလိပ်စာပါ တိုက်ခန်းနှင့် ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ အထောက်အထားစာချုပ်စာတမ်း ခိုင်မာစွာဖြင့် တင်ပြကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်အောင်မြင်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ညွှန်ကြားချက်အရ-

ဦးချစ်ကိုကို
LL.B,H.G.P.,Dip in Business Law
Dip in Applied Psychology ,Dip in Maritime Law
WIPO(Switzerland)
တရားရုံးချုပ်ရှေ့နေကြီးနှင့် စီးပွားရေးလုပ်ငန်း ဥပဒေအကြံပေးပုဂ္ဂိုလ်
အမှတ်(၆၀)၊ မြေညီထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၂၅၂၉၂၄။

ယာဉ်မှတ်ပုံတင်မိတ္တူ လျှောက်ထားခြင်း

ယာဉ်အမှတ် ဘအ/၈၃၃၂ မော်တော်ဆိုင်ကယ်လက်ဝယ်ရှိသူ ဒေါ်နော်အဲလစ်ဇဘတ် ၃/ဘအန(နိုင်)၂၃၃၆၉၁က ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃)ပျောက်ဆုံး၍မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာပါသည့်ရက်မှ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ပြည်နယ်ရုံး(ဘားအံမြို့)။**

မိုးစပါးနှင့် ငွေချည်(၆)ဝါသီးနှံများ စီမံကိန်း အကောင်အထည်ဖော်ရေး ပုလဲမြို့နယ်တွင် တာဝန်ပေးအပ်

ပုလဲ မေ ၂၆

ပုလဲမြို့နယ်၏ ၂၀၁၀-၂၀၁၁ မိုးစပါးနှင့် ငွေချည်(၆)ဝါသီးနှံများ စီမံကိန်းရည်မှန်းချက် အကောင်အထည်ဖော်ဆောင်ရေး တာဝန်ပေးအပ်ပွဲအခမ်းအနားကို မေ ၁၅ရက်က ပုလဲရတနာခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်ကျော်စိုးက စီမံကိန်းသီးနှံများကို တာဝန်ပေးအပ်သည့်အတိုင်း အပြည့်အဝ အကောင်အထည်ဖော်ရေး ဆွေးနွေးမှာကြားသည်။

ဆွေးနွေး

ဆက်လက်၍ မြို့နယ်အတွင်းရေးမှူး မြို့နယ်စီမံကိန်းဦးစီးရုံး ဦးစီးအရာရှိ ဦးဇော်ထွန်းအောင်၊ မြို့နယ် စိုက်ပျိုးရေးလုပ်ငန်း မန်နေဂျာ ဦးသိန်းထွန်း၊ မြန်မာ့ဝါလုပ်ငန်း မြို့နယ် မန်နေဂျာဦးစိုးမြင့်နှင့် မြေစာရင်းဦးစီးမှူး ဦးရဲလွင်တို့က ရှင်းလင်းဆွေးနွေးကြသည်။

ပေးအပ်

ထို့နောက် ကျေးရွာအုပ်စုဥက္ကဋ္ဌများနှင့် နယ်မြေတာဝန်ခံဌာနဆိုင်ရာများအား သက်ဆိုင်ရာစခန်းနယ်မြေအလိုက် စီမံကိန်းတာဝန်ပေးအပ်လွှာများနှင့် စိုက်ပျိုးထုတ်လုပ်ရန် ရည်မှန်းချက်တာဝန်များ ပေးအပ်သည်။

(အပေါ်ဝဲပုံ) (မြို့နယ် မြန်/ဆက်)

သောက်သုံးရေ ဖြန့်ဝေ

အိမ်မဲမြို့နယ် စည်ပင်သာယာရေးအဖွဲ့သည် ကျေးလက်ဒေသများသို့ သောက်သုံးရေ ဖြန့်ဝေပေးလျက်ရှိပြီး မေ ၁၇ရက်က ကျောင်းစုကျေးရွာတွင် ဖြန့်ဝေပေးရာ မြို့နယ်ဥက္ကဋ္ဌ ဦးသိန်းဝင်း၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးမြင့်စိုးနှင့် အမှုဆောင်အရာရှိ ဦးကျော်စိုးတို့ ကြီးကြပ်ဆောင်ရွက်ကြစဉ်။ (မြို့နယ်စည်ပင်)

လင်းခေးမြို့ အခြေခံပညာအထက်တန်းကျောင်းတွင် သင်ကြားမှု၊ သင်ယူမှု အထောက်အကူပစ္စည်းများ လှူဒါန်း

လင်းခေး မေ ၂၇

လင်းခေးခရိုင် လင်းခေးမြို့ အခြေခံပညာ အထက်တန်းကျောင်းအတွက် သင်ကြားမှု၊ သင်ယူမှု အထောက်အကူပြု ကွန်ပျူတာ၊ ပရင်တာနှင့် ရေသန့်စက်များ ပေးအပ်လှူဒါန်းသည့် အခမ်းအနားကို ဧပြီ ၃၀ရက် နံနက် ၈နာရီက အဆိုပါ ကျောင်းခန်းမ၌ ကျင်းပသည်။

ရှင်းလင်း

ရှေးဦးစွာ နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးကြီးတင်ဆွေက အဖွင့်အမှာစကား ပြောကြားပြီး လင်းခေးမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးကျော်ကျော်က ပညာရေးငွေပဒေသာပင်နှင့်ပတ်သက်သည့် အကြောင်းအရာများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ နယ်မြေခံတပ်နယ်မှူးနှင့် တာဝန်ရှိသူများ၊ အလှူရှင်များက အထက်တန်းကျောင်း ငွေပဒေသာပင်အတွက် အလှူငွေနှင့် ပစ္စည်းတန်ဖိုး ငွေကျပ် ၁၀၃၀၀၀၀ကို ပေးအပ်လှူဒါန်းကြသည်။

(ခရိုင် မြန်/ဆက်)

ခင်ဦး ညောင်ကန်ရွာ၌ ပညာ့အလင်းစာကြည့်တိုက်ဖွင့် စာကြည့်တိုက် ရှင်သန်ခိုင်မာရေး ဆွေးနွေး

ခင်ဦး မေ ၂၅

စစ်ကိုင်းတိုင်း ရွှေဘိုခရိုင် ခင်ဦးမြို့နယ် ညောင်ကန်ကျေးရွာ၌ နိုင်ငံတော် မတည်ငွေဖြင့် ဆောက်လုပ်သော ပညာ့အလင်းစာကြည့်တိုက်ဖွင့်ပွဲ အခမ်းအနားကို မေ ၄ရက် နံနက် ၉နာရီက အဆိုပါစာကြည့်တိုက်၌ ကျင်းပသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

အခမ်းအနားတွင် တိုင်းပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးတင်သန်းဝင်း၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကျော်လွင်နှင့် ကျေးရွာဥက္ကဋ္ဌ ဦးတင်အောင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(အောက်ပုံ)**

ဆွေးနွေး

ဆက်လက်၍ မြို့နယ်ဥက္ကဋ္ဌ ဦးကျော်လွင်က အမှာစကားပြောကြားပြီး တိုင်းဦးစီးမှူးက စာကြည့်တိုက်များရှင်သန်ခိုင်မာရေး၊ စာပေဖတ်ရှုလေ့လာရေးနှင့် ငွေကြေးပါသော စာငှားကတ်စနစ်ကျင့်သုံးရေးတို့ကို ဟောပြောဆွေးနွေးသည်။

လှူဒါန်း

ထို့နောက် ခရိုင်ဦးစီးမှူး ဦးညိုဝင်း၊ မြို့နယ်ဥက္ကဋ္ဌ ဦးကျော်လွင်၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ဦးစီးအရာရှိ ဦးချစ်ငွေနှင့် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးမှူး ဒေါ်ကြည်ဆန်းတို့က သုတ၊ ရသစာအုပ်များ လှူဒါန်းရာ စာကြည့်တိုက်မှူး ဦးစိုးလှိုင်က လက်ခံယူသည်။ **(မြို့နယ် မြန်/ဆက်)**

ကောလင်းစည်ပင်သာယာ မီးဘေးကြိုတင်ကာကွယ် သောက်သုံးရေ ပုံမှန်ရရှိရေး ဆောင်ရွက်

ကောလင်း မေ ၂၃

ကောလင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ အမှုဆောင်အရာရှိ ဦးတင့်ဝေနှင့် မီး၊ ရေစစ်ဆေးရေးမှူး(၄) ဦးမြင့်အောင်တို့သည် ဧပြီ ၄ ရက်က ဈေးမီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး မီးငြိမ်းသတ်မှုများကို လက်တွေ့ပြုလုပ်ပြီး ဈေးရုံဗိုလ်တဲရပ်ကွက် ရေစက်အမှတ်(၁)နှင့် မြို့မမြို့ကုန်းရပ်ကွက် ရေစက်အမှတ်(၂)တို့ကို ကြည့်ရှုစစ်ဆေးကြသည်။

စစ်ဆေး

အဆိုပါအဖွဲ့သည် ရေစက်များတွင် တာဝန်ကျဝန်ထမ်းများက ပြည်သူများအတွက် သောက်သုံးရေ ပုံမှန်ရရှိရေးဆောင်ရွက်ပေးမှုနှင့် စက်ကြွဲခိုင်မှုများကို စစ်ဆေးကြသည်။ (ဝ၃၂)

ရွှေဘိုမြို့နယ်စည်ပင်သာယာရေးအဖွဲ့ ၂၀၁၀-၂၀၁၁ ဘဏ္ဍာနှစ်အတွင်း ဆောင်ရွက်လျက်ရှိသည့် မြို့ပြလမ်းလုပ်ငန်းများအနက်မှ ရာဇအောင်မြေဘုရားသွားလမ်း ဂျင်းကျောက်ခင်းဆောင်ရွက်မှုကို အမှုဆောင်အရာရှိ ဦးမျိုးအောင်နှင့် တာဝန်ခံအင်ဂျင်နီယာ အင်ဂျင်နီယာမှူး ဦးမျိုးတို့ ကွင်းဆင်းကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

မြို့နယ်သတင်း ထွေတလာ

ရှမ်းပြည်နယ်(မြောက်ပိုင်း) နမ့်ခမ်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ကျေးရွာများ သောက်သုံးရေရရှိရေး ဆောင်ရွက်လျက်ရှိရာ တစ်နာရီဂါလန် ၁၅၀၀ခန့် ထွက်ရှိသည့် ဟန်ကမ်းကျေးရွာ စက်ရေတွင်းမှ ကျေးရွာနေပြည်သူများ သောက်သုံးရေ ရယူသုံးစွဲမှုကို မေ ၁၇ရက်က အငယ်တန်း အင်ဂျင်နီယာ-၂ (စက်မှု) ဦးမိုင်းမြင့်နိုင်ထွန်း ကြီးကြပ်ဆောင်ရွက်စဉ်။ (၁၂၃)

★ တည်ငြိမ်အေးချမ်းမှ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မည်။
★ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

★ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။
★ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။
★ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီ ရနိုင်သည်။

ပြည်သူ့ဆန္ဒ သဘောထား

- တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
- ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
- ဆူပူအကြမ်းဖက်မှုကို မလိုလား။
- ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ-
ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။
☆ RFA, DVB - သွေးထိုးနေသည်။
☆ ခလောက်ဆန် အကောက်ကြံ
လေလှိုင်းသံ လူသတ်သမား-
နားမယောင်လေနဲ့ သတိထား။

မှတ်ပုံတင်ခွင့်ရရှိပြီးသော နိုင်ငံရေးပါတီများက သတ်မှတ်ထားသည့် ပါတီဝင်အင်အားစာရင်းကို ကော်မရှင်သို့တင်ပြရန် အသိပေးကြေညာခြင်း

နေပြည်တော် မေ ၂၈

ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်က ကြေညာချက်အမှတ် (၆၄/၂၀၁၀)ကို ယနေ့ရက်စွဲဖြင့် ထုတ်ပြန်ကြေညာလိုက်သည်။

အဆိုပါကြေညာချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်-

ပြည်ထောင်စုမြန်မာနိုင်ငံတော်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်
နေပြည်တော်

ကြေညာချက်အမှတ် (၆၄/၂၀၁၀)
၁၃၇၂ခုနှစ်၊ နယုန်လပြည့်ကျော် ၁ရက်
(၂၀၁၀ပြည့်နှစ်၊ မေလ ၂၈ရက်)

မှတ်ပုံတင်ခွင့်ရရှိပြီးသော နိုင်ငံရေးပါတီများက သတ်မှတ်ထားသည့် ပါတီဝင်အင်အားစာရင်းကို ကော်မရှင်သို့တင်ပြရန် အသိပေးကြေညာခြင်း

၁။ နိုင်ငံရေးပါတီများသည် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်လျှောက်ထားရာတွင် နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေပုဒ်မ ၅(စ)နှင့်အညီ "ပြည်ထောင်စုတစ်ဝန်းလုံးတွင် စည်းရုံးမည့်ပါတီဖြစ်ပါက နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုသည့် နေ့ရက်မှစ၍ ရက်ပေါင်း ၉၀အတွင်း ပါတီဝင်ဦးရေ အနည်းဆုံး ၁၀၀၀ကို စည်းရုံးမည်ဖြစ်ကြောင်း ဝန်ခံချက် (သို့မဟုတ်) တိုင်းဒေသကြီး/ပြည်နယ်တစ်ခုအတွင်း၌သာ စည်းရုံးမည့်ပါတီဖြစ်ပါက နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုသည့် နေ့ရက်မှစ၍ ရက်ပေါင်း ၉၀အတွင်း ပါတီဝင်ဦးရေ အနည်းဆုံး ၅၀၀ကို စည်းရုံးမည်ဖြစ်ကြောင်း ဝန်ခံချက်" များနှင့်အတူ တင်ပြလျှောက်ထားခဲ့ကြပါသည်။

၂။ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်က မှတ်ပုံတင်ခွင့်ပြုခဲ့ပြီးသော နိုင်ငံရေးပါတီများသည် မှတ်ပုံတင်ခွင့်ပြုသည့် နေ့ရက်မှစ၍ ရက်ပေါင်း ၉၀အတွင်း နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေပုဒ်မ ၁၁(ခ)နှင့် နည်းဥပဒေ ၁၃(က)တို့နှင့်အညီ မိမိတို့စည်းရုံးရရှိထားသည့် ပါတီဝင်အင်အားစာရင်းကို မြို့နယ်အလိုက်စုစည်း၍ ပုံစံ(ဓ)နှစ်စုံ ပြုစုပြီး ကော်မရှင်သို့ တင်ပြရမည်ဖြစ်ပါသည်။

၃။ နိုင်ငံရေးပါတီတစ်ခုသည် မှတ်ပုံတင်ခွင့်ပြုသည့်နေ့ရက်မှစ၍ ရက်ပေါင်း ၉၀အတွင်း နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေပုဒ်မ ၅(စ)ပါ ဝန်ခံချက်နှင့်အညီ သတ်မှတ်ချက်အတိုင်း ပါတီဝင်ဦးရေကို စည်းရုံးရရှိပြီးဖြစ်ကြောင်း ကော်မရှင်သို့ တင်ပြဆောင်ရွက်ခြင်းမပြုနိုင်လျှင် ယင်းပါတီအား နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ထားခြင်းကို ပယ်ဖျက်၍ ပါတီကိုလည်း ဖျက်သိမ်းရမည်ဟု နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေပုဒ်မ ၁၂တွင် ပြဋ္ဌာန်းထားပါသည်။

၄။ သို့ဖြစ်၍ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်က နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုခဲ့ပြီးသော ပါတီများသည် မှတ်ပုံတင်ခွင့်ပြုသည့် နေ့ရက်မှစ၍ ရက်ပေါင်း ၉၀အတွင်း နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေပုဒ်မ ၅(စ)ပါ ဝန်ခံချက်အတိုင်း သတ်မှတ်ထားသည့် ပါတီဝင်အရေအတွက်ကို စည်းရုံးရရှိပြီးကြောင်း ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်သို့ သတ်မှတ်ပုံစံများဖြင့် လာရောက်တင်ပြရမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

အမိန့်အရ
(ပုံ) ဝင်းကို
အတွင်းရေးမှူး
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်။